
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclasslic.com

BURMESE CLASSIC .com

# ရွှေဘဝင်

# ချစ်သူသူရဲကောင်း

အချစ်နှင့်စွန့်စားခန်း

လုံးချင်းဝတ္ထုသန့်သန့်

www.burmeseclassic.com

www.burmeseclasslic.com



## အခန်း (၁)

**အဘော်ကြီး** မောဟိုက်လာတဲ့အထိ ပြေးလွှားလာခဲ့ပြီးတာတောင် နောက်ပြန်ကြည့်လိုက်တော့ ‘နှင်းငွေ့’ စံအိမ်ကြီးရဲ့ အပေါ်ထပ် မီးရောင်ကွက်ကွက် ပြောက်တိပြောက်ကျားနှင့် ခေါင်မိုး ဦးချွန် ထိုးထိုးထောင်ထောင်တို့က ညအမှောင်ထဲမှာ သတ္တဝါကြီး တစ်ကောင် ငုတ်တုတ် ထိုင်နေသကဲ့သို့ တပို့တပိုင်း မြင်နေရဆဲ။

ခုလောက်ဆို ဖေဖေ သေသွားပြီလား။

သူတို့ ဖေဖေကို သတ်ပစ်လိုက်ကြပြီလား။

‘‘လွတ်အောင် ပြေးတော့ သမီး၊ ‘နှင်းငွေ့’ စံအိမ်ကြီးကို



www.burmeseclassic.com

www.burmeseclasslic.com



ဘယ်တော့မှ ပြန်မလာနဲ့၊ မိတ်ဆွေကောင်းကို ရှာ ခင်ပွန်းကောင်းကို ရွေး ဘာအရေးကြီးဆုံးလဲ ဆိုတာကို အမှန်ကန်ဆုံး တွေးတတ်အောင် ကြိုးစား''

ဖေဖေ လေးနက်စွာ ပြောကြားခဲ့သော စကားတွေကို ပြန်ကြားရင်း မျက်ရည် ဖြိုင်ဖြိုင်ကျလေသည်။

ဖေဖေဟာ သူမ လွတ်မြောက်ရေးအတွက် ခုလောက်ဆို အသက်ရှင်လျက်မှ ရှိပါဦးမည်လား။

လက်တစ်ဆုပ်စာ ထုပ်ယူလာခဲ့သည့် ရတနာထုပ်လေးကို ကျစ်လျစ်အောင် ဆုပ်ထားလျက်၊ ကြိုးသိုင်းလွယ်အိတ်အနက်ကလေးထဲမှာ ငွေစက္ကူတွေ။

တကယ်တမ်း သူမ ဒါတွေကို ဘယ်လိုသုံးရမည်မှန်း မသိပေ။ ဟူးခနဲ လေတစ်ချက် သုတ်သွားသည်နှင့် ဖျောခနဲ သစ်ရွက်ဟိုးခတ်သံများကြောင့် ယွန်းယွန်း ပတ်ဝန်းကျင်ကို ပြန်၍ သတိရလာ၏။

သူမက ယခု စံအိမ်ကြီးနဲ့ ဝေးကွာလျက် ကားလမ်းမနဲ့ မနီးသော အလယ်ကြောမှာ တစ်ယောက်တည်း။

ပတ်ဝန်းကျင်မှာ လရောင်မှုန်ပျပျနှင့် သစ်ပင်သစ်ကိုင်းများယှက်ဖြာနေသော တောကြီးမျက်မည်း မဟုတ်ပေမဲ့ နုငယ်သည့်





မိန်းကလေး တစ်ယောက်တည်း သန်းခေါင်ယံ ညမျိုးမှာ လွေးပျက်ခြောက်ခြားဖွယ်ပင်။

ယွန်းယွန်း ရပ်နေရာမှ ချာခနဲ ပြန်လှည့်ပြေးခဲ့သည်။ တတ်သမျှ မှတ်သမျှ ဘုရားစာတွေ တတွတ်တွတ် ရွက်ရင်း မျက်စိမှိတ်ပြေးလိုက် မျက်လုံးပြန်ဖွင့်လိုက်။

ရင်ဘတ်ထဲမှာ ဆို့ကျပ် မောဟိုက်လာသည့် အချိန်တွင် သူမ ကားလမ်းမကြီးဘေးကို ရောက်ခဲ့လေသည်။

လွန်စွာကြီးမား တုတ်ခိုင်သည့် ခရေပင်ကြီး တစ်ပင်အောက်မှာ ငုတ်တုတ်ထိုင်ချကာ ရင်ဘတ်ကို ဖိထားလိုက်ရသည်။

အနောက်မှာ ဘယ်သူမှ လိုက်မလာကြပေမဲ့ ကြောက်နေခဲ့သည့် အရှိန်က မပြေ။

သာမန်အချိန်မျိုးမှာ ဒီလိုနေရာ ဒီအချိန်ကြီးတွင် အပြင်ထွက်ဖို့ကို ဘယ်မိန်းကလေးမှ စိတ်ကူးဝံ့ကြမှာ မဟုတ်သော်လည်း အသက်ဘေးကြောင့် ယွန်းယွန်း ပတ်ဝန်းကျင်ကို ကြောက်သည့်စိတ်က ငယ်ငယ်ကလေး ဖြစ်သွားခဲ့သည်။

ဒေါ်နှင်းငွေရည်

မျက်နှာက ထောင့်စပ်စပ်၊ နဖူးကျယ်ကျယ်၊ နှုတ်ခမ်းထူ၍ ပါးစပ်ပေါက်အနည်းငယ် ကျယ်သလောက် မျက်ဝန်းတို့က ရှည်၍



www.burmeseclassic.com

www.burmeseclasslic.com



ကျဉ်းပြောင်းပေါ့။

သူမနံမည်အရင်က ဒေါ်မြရွှေရည် ဖြစ်ကာ 'နှင်းငွေ့စံအိမ်ကြီး'ရဲ့ အရှင်သခင်မအဖြစ် နေရာယူပြီးသည့် ကာလမှ စ၍ ဒေါ်နှင်းငွေရည် အဖြစ် ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။

သူမကို ယွန်းယွန်း ဘီလူးသရဲထက် ကြောက်လေသည်။

''မိယွန်းယွန်း''

ဟု များခေါ်သံကြားလိုက်လျှင် တုန်ခနဲ ဖြစ်သွားတတ်တဲ့ အထိ ကြောက်ခဲ့ရသည်။

ဖေဖေက ပိုးလိပ်ချဲ့နဲ့ သွားလာနေရသည့် ဒုက္ခိတ တစ်ယောက် မို့ ယွန်းယွန်းအဖြစ်ကို ကြားနေ မြင်နေရပေမဲ့ ဘာမှ မကူညီနိုင်ခဲ့ပေ။

ဖေဖေရယ် မောင်လေးရယ် ကားမှောက်သေဆုံးခဲ့ကြပြီး မကြာမီ ဖေဖေ လှေကားပေါ်က လိမ့်ကျကာ ကိုယ်တစ်ပိုင်း ချည့်သွားခဲ့သည်။

ထိုအဖြစ်အပျက်များအပေါ် ဖေဖေ သတိထားမိလိုက်တဲ့ အချိန်မှာ ခြံစောင့် ဒလာဝမ် ကြမ်းတိုက် အဝတ်လျှော် တဲ့ အလုပ်သမား အားလုံးကအစ သစ္စာရှိလှူယုံတွေ မဟုတ်တော့တဲ့ ဒေါ်နှင်းငွေရည် မျိုးမြင် ဖြုတ်ထုတ်၍ ပြောင်းလဲခဲ့သော လူသစ်တွေသာ



နေရာယူထားခဲ့ပြီးဖြစ်ပေါ့။

''အစ်ကိုကြီး ရှင်က ရှင့်သမီးနဲ့ သားကိုတော့ အခန်းတံခါး ပိတ်ပြီး ရတနာပုံနဲ့ ဆော့ခိုင်းတဲ့အထိ မျက်စိအောက်က အပျောက် မခံနိုင်အောင် ချစ်ခဲ့တာပါ။ ကလေး ဆော့ထားခဲ့တဲ့ ရတနာတွေကို တောင် ကျန်ချင်ကျန် ကျချင်ကျ အမှိုက်ကျုံးသလို ကျုံးထည့်တဲ့အခါ အခု ဘယ်မှာလဲ။ ကျွန်မလက်ထက်ကျတော့ ပတ္တမြား တစ်ပွင့် တောင်မှ မမြင်ရပါလား။

ရှင်ကြီး လူလည်ကျဖို့ မစဉ်းစားနဲ့နော်။ ကျွန်မလည်း 'နှင်းငွေ့စံအိမ်ကြီး'ရဲ့ အရှင်သခင်ပဲ။

ဒေါ်နှင်းငွေရည်က အစက မသိမသာ

နောက်တော့ သိသိသာသာ

ခုတော့ ပေါ်ပေါ်တင်တင် လူသတ်ပစ္စည်းတောင်းခဲ့ပြီ ဖြစ်ပေါ့။

''မိယွန်းယွန်း ပြေးပြီ လိုက်ကြစမ်း မိရင် ခေါ်လာခဲ့

ဒီကောင်မကို အရေခွံ ဆုတ်ပစ်မယ်''

နောက်က ဒေါ်နှင်းငွေရည် ကြိမ်းဝါးသံက ကပ်ပါလာ၏။ ဖေဖေ ပြောလိုက်တဲ့အတိုင်း ယွန်းယွန်းလမ်းကို ကွေ့ပတ် ပုန်းကွယ် ပြေးသည်။ လိုက်လာတဲ့ လူတွေ မျက်ခြည်ပြတ်ကျန်ခဲ့ကြသည်။

''... သိပလေး''

www.burmeseclassic.com

www.burmeseclasslic.com



"ဟာင်"

ပင်ပန်းလွန်း၍ အမောလည်းဆို့ကာ သတိလစ်သလို ဖြစ်သွားသည့် ယွန်းယွန်းကို တစ်စုံတစ်ယောက်က ပုတ်နှိုးလိုက်သဖြင့် ခေါက်ခနဲ ကိုယ်ကိုမတ်ပြီးသား ဖြစ်သွားလေသည်။

အရှေ့ဘက် ကောင်းကင်မှာ လင်းရောင်တက်လျက် လောကတစ်ခွင်မှာ အတော်ပင် လင်းလင်းရှင်းရှင်း ဖြစ်နေလေပြီ။

သူမ ရှေ့မှာ ရပ်နေသည့် လူတစ်ယောက်

စုတ်ပြတ်မိန်ဖျော့လုသည့် ပုဆိုးကွက်ကို တိုတိုဝတ်လျက် အနားတွေပြကျနေသော ကုတ်အင်္ကျီရှည်တစ်ထည် ဝတ်ထား၏။

သူ့ကိုယ်က ချွေးနံ့နှင့်ရောနေသော အရက်နံ့က ချဉ်စုတ်စုတ်စူးအက်အက်ကြီး ထွက်ပေါ်နေလေသည်။ ခေါင်းပေါ်မှာ ဦးထုပ်စုတ်ကြီးဆောင်းလို့ ယွန်းယွန်းနေရာမှ ဖျတ်ခနဲ ထရပ်ကာ လွယ်အိတ်ထဲကို ရတနာထုပ်အား ထိုးထည့်လိုက်၏။

ကြေးနီရောင် ညိုညစ်နေသော အသိပြန်နေသည့် မျက်နှာကြီးက သားသမင်ကို ကသားလိုသည့် ကျားဘုရင်လို အပြုံးမျိုးနှင့် မျက်လုံးကြီးက ဝင်းဝင်းလက်လက် ဖြစ်နေလေသည်။

သေးငယ်သော ရတုပ်လေးကိုလည်း ရတနာထုပ်မှန်း ဂရုထားမိပုံ မရဘဲ သူ့မျက်လုံးများက လှပပျိုမျစ်နေသော ယွန်းယွန်း





တစ်ကိုယ်လုံးကိုသာ အာသာငမ်းငမ်း ကြည့်နေလေသည်။

"ဘယ့်နှယ့် သစ်မြစ်ဆုံကြီးမှာ လာအိပ်နေတာလဲ ညီမလေးရယ်။ ဟောဟို ယာတဲလေးမှာ အစ်ကိုကြီးနေတာ အေးအေးလူလူ နေလို့ရတယ် လာ သွားရအောင်"

ပြော၍ ယွန်းယွန်းလက်ကလေးကို ဖမ်းဆွဲလိုက်သည်။

"အိုး မကိုင်နဲ့"

ယွန်းယွန်း နောက်ဆုတ်လိုက်၏။

"ဩော် မိုက်လိုက်ပါဘိ ညီမလေးရယ် ဒီလို နေရာမျိုးမှာ ခိုနားစရာ အရိပ်ကောင်းတစ်ခု ညီမလေးအတွက် အရေးမကြီးဘူးလား လာပါကွာ ဟဲ ဟဲ"

အရက်သမားကြီးက လက်နှစ်ဖက်နဲ့ မလွတ်တမ်း လှမ်းဖက်လိုက်သည်။

လက်မောင်းနှစ်ဖက်ကို ဆုပ်မိသွား၏။

ယွန်းယွန်း ရုတ်တရက် ကြောင်ငေးငေးလေး ဖြစ်ကာ တုန်လှုပ်မှုက ကြီးစိုးသွားသော်လည်း သိုက်သမားကြီးက ပွေ့ဖက်ဖို့ ကြိုးစားလာသောအခါ တတ်ထားသည့် ပညာက မနေ။

ဘယ်ဘက်လက်မောင်းများ ကိုင်ထားသည့် အရက်သမားလက်ကို ဖျတ်ခနဲ ပုတ်ထုတ်ပစ်ကာ ရင်ဝကို အနီးကပ်ဆောင့်ကန်



www.burmeseclassic.com

www.burmeseclasslic.com



ပစ်လိုက်လေသည်။

လက်တစ်ဖက် ပြုတ်ထွက်၍ ဟုန်ချက်ပျက်သွားသော အရေက်သမားမှာ ထပ်ဆင့် အကန်ခံလိုက်ရသဖြင့် ဖင်ထိုင်လျက်လဲကျသွားလေသည်။

"ကဲဟာ နင်လေးက အလာကြီးပါလား ငါက လျှော့တွက်သလို . . ."

အရက်သမား ဖျတ်ခနဲ ခုန်ထလာ၍ ယွန်းယွန်း ဘာလုပ်ရမှန်း မသိတော့ဘဲ မျက်စိရှေ့တည့်တည့်က လမ်းမကြီးအတိုင်း ရှေ့ဘက်ပြေးခဲ့မိလေသည်။

နောက်ပြည့်ကြည့်လိုက်တော့ အရက်သမားက မလျော့သော ဇွဲနှင့် ပြေးလိုက်လာပုံမှာ စားရခါနီးမှ ပြုတ်ကျသွားရသည့် အမဲတုံးကို ကျနစ်ဆင်းရှာတော့မလို သဲကြီးမည်းကြီး။

သေဘေးက လွတ်ခဲ့ရပြီထင်ခါမှ အရှက်တရားကြောင့် ယွန်းယွန်း ပြေးခဲ့ရပြန်လေပြီ။

ထိုစဉ် ရှေ့တည့်တည့်ဆီမှ အဝေးပြေးကားကြီး တစ်စီး ဦးတည်မောင်းနှင် လာတာကို မြင်လိုက်ရလေသည်။

ယွန်းယွန်း ကားကြီးကိုမြင်တော့ ဘာလုပ်ရမှန်းမသိ။

အထဲမှာလူတွေ ပါလာတာကို မြင်သည်။





ကားထဲက လူတွေကို အကူအညီ တောင်းချင်နေသည်။

ကားကို ဘယ်လို ရပ်ခိုင်းရမှန်း မသိ။

ငယ်စဉ်တောင်ကျေး ကလေးဘဝ ကတည်းက 'နှင်းငွေ့' စံအိမ်ကြီးထဲမှာသာ ဆော့ကစား ကြီးပြင်းခဲ့ရသော သူမနဲ့ မောင်ငယ်လေးရဲ့ ဘဝဟာ စာပေအတန်းပညာကိုပင် စာသင်ကျောင်းမှာ သွားရောက် သင်ယူခွင့်မရဘဲ အလွတ်တမ်း ဖြေ၍ အောင်ခဲ့ရသည်သာ ဖြစ်သည်။

လူတော သူ့တောထဲ ရောက်ခဲ့ဖူးတာ ဆို၍ မှတ်မှတ်ရရ နှစ်ကြိမ်သာ ရှိခဲ့သည်။

မေမေနဲ့ မောင်လေး ကားမှောက်သေဆုံးခဲ့စဉ် သူမအသက် ဆယ့်သုံးနှစ်သမီး အရွယ်က ဖေဖေနဲ့အတူ လူတွေ ရှုပ်ယှက်ခတ် ကားတွေ ပြည့်ကျပ်နေသော ရန်ကုန်ဆိုသည့် မြို့တော်ကြီးသို့ ဆေးရုံဝန်းထဲသို့တစ်ခါ။

ဖေဖေလှေကားပေါ်က လိမ့်မကျမီ သိုင်းဝိဇ္ဇာကြီးနဲ့အတူ ဘုရား ဖူးထွက်ခဲ့ရတုန်းကတစ်ခါ။

ထိုကာလ မဟုတ်သည့် အချိန်များမှာ ယွန်းယွန်း လူတွေကိုရော ပတ်ဝန်းကျင် မြို့ပြ ဘယ်နေရာကိုမှ မရောက်ဖူး မမြင်ဖူး ခဲ့ပေ။



www.burmeseclassic.com

www.burmeseclasslic.com



ကားက သူမရှေ့ခရီးဆုံကို ရောက်လာ၏။

လက်ပြတားဆီးရမှန်းမသိသည့်မို့ ကားကို ရပ်စေချင်သည့် ဆန္ဒကလည်း ပြင်းပြနေကာ လမ်းလယ်ခေါင်မှာ ရပ်နေသည့် ယွန်းယွန်းကြောင့် ကားက ထုံ့ခနဲ ရပ်သွားလေသည်။

ကားထဲက ခေါင်းတစ်လုံး ပြူထွက်လာကာ

ဘာလဲဟေ့ ကားတိုက်ခံသေမလို့လား လူမှန်း သူမှန်း တိုက်ချသွားရတာက အရေးမကြီးဘူး။ ကားနောတယ် လမ်းလယ် ခေါင်မှာ ဘာလုပ်နေတာလဲ။

"ခဏ ခဏလေးပါ ဦးရယ်"

ကားရပ်သွားသဖြင့် ယွန်းယွန်းကားဆီသို့ ပြေးကပ်သွား မိသည်။ လှည့်ကြည့်လိုက်တော့ အရက်သမား ဘယ်ကြားတိုးဝင် သွားသည်မှသိဘဲ ပျောက်ခြင်းမလှ ပျောက်ကွယ်သွား၏။

"ယွန်းယွန်း ဒီကားနဲ့ လိုက်လို့မရဘူးလားဟင်"

"ဘယ်သွားမှာလဲ။ ထိုင်ခုံမရှိတော့ဘူး"

"ဦးတို့က ဘယ်သွားမှာလဲ ထိုင်ခုံရှိရှိ မရှိရှိ ဘယ်လိုလိုက်ရ လိုက်ရပါ ယွန်းယွန်း တာခံပေးပါ့မယ်"

ကားပေါ်က ခရီးသည်တွေပါ သူမကို လှမ်းကြည့်လာကြ၍ ကားမောင်းသူက စပယ်ယာကို နေရာလုပ်ခိုင်းလိုက်ပြီး



"ရန်ကုန်ကို သွားမှာ လိုက်မှာလား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclasslic.com







ဂျိမ်းခနဲ ကားတံခါး ဖွင့်လိုက်သံက ယွန်းယွန်းအတွက် တခြားကမ္ဘာကနေ ကြိုဆိုလိုက်သလို ရင်ကိုလှုပ်ခနဲ တုန်သွားစေပါ၏။

ကားကြီးထိုးရပ်သွားကာ ဈေးသည်တွေ အငှားကားသမားတွေ ဆူညံပွက်ထလာကြသည်။

"ညီမလေး ဘယ်သွားမလဲ ကားငှားမလား"

"လာလေ ညီမလေး ခုတန်းထွက်မှာ ဘယ်သွားမှာလဲ ပစ္စည်းပါသေးလား"

ကားတစ်စီးလုံးက ဆင်းကြသမျှ ခရီးသည်ကြေထဲမှာ ယောင်ချာချာ ဟိုကြည့် ဒီကြည့် လုပ်နေသော သူမကိုသာ အငှားကားသမားတွေက စုပြုံဝိုင်းလာကြလေသည်။



www.burmeseclassic.com

www.burmeseclasslic.com



ဒါကိုပဲ ယွန်းယွန်း ခပ်တည်တည် ပြန်နေလိုက်ဖို့ မာန်လုပ်ဖို့ကို သတိမထားဘဲ ကားသမားတွေ ဘာတွေလာပြောနေမှန်း မသိဘဲ နှိုကာ မျက်လုံးလေးအပြူးသားနှင့်ပြန်ကြည့် နေမိလေသည်။

အစက ငိုနိုးခေါ်သော ကားသမားတွေ မျက်နှာက စပ်ဖြီးဖြီးတွေ ပြုံးကုန်၏။

အချော်လေးပါလား ဆိုသည့် အမြင်တွေဖြစ်ကာ ယွန်းယွန်းတစ်ကိုယ်လုံးကို ရူးရူးဝါးဝါး ကြည့်လာကြသည်။

''ညီမလေးက အဖော်မပါဘူး ထင်တယ်''

''ရှင်''

''တစ်ယောက်တည်းလား''

''ဘယ်ကို သွားမှာလဲ''

ရုပ်တွေကို သတိထားမိသွားသည်က အတွေ့အကြုံကြောင့် မဟုတ်ဘဲ မိန်းမတို့၏ သဘာဝ ဗီဇစိတ်ခံစားမှုကြောင့် ဖြစ်လေသည်။

အရှေးထဲ ကားပေါ်မှာ တစ်လမ်းလုံး သူမကိုပဲ စူးစိုက်ကြည့်လာခဲ့သည့် ၁၅၀၀ ကျောက်ပေါက်မာနှင့် လူကြီးက ပိုင်စိုးပိုင်နင်းနဲ့

''ဟေ့ ဘယ်ကားမှ မငှားဘူး။ သူက ငါ့အဖော်ကွ၊ လာ ညီမလေး''





လက်ကို ဆွဲကိုင်လိုက်ပုံက အပိုင်အနိုင်

ယွန်းယွန်းသည် ယောက်ျားတွေ အလယ်မှာ အဝေးပြေးနိုင်သည့် ထမင်းပွဲကြီးတစ်ပွဲနှယ့်. . .။

''အိုး ဖယ်ပါ''

ပြေးရပြန်ပြီ တစ်ခါ

လက်ကို အတင်းရုန်းကာ ယွန်းယွန်းကားတွေ အများကြီး ရပ်ထားသည့်ကြားထဲ ကွေ့ပတ်ပြေးခဲ့သည်။

ကားသမားတွေ ပြုံးစိစိ ကျန်ခဲ့ကြပေမဲ့ ဟိုလူကြီးက ရစ်သီရစ်သီနဲ့ လိုက်လာသေးသည်။

ယွန်းယွန်း လူသူမရှိဘဲ နောက်ပိုင်းစုတ်နေသည့် ကားဘော်ဒီကြီး တစ်ခုပေါ် ဟက်ပုန်းနေတော့မှ ဟိုလူကြီး စောင်းကြည့်မြောင်းကြည့် လုပ်ရင်း ပျောက်သွားလေသည်။

ယွန်းယွန်း ကားစုတ်ကြီးပေါ်မှာ ငုတ်တုတ်ထိုင်ရင်း မျက်ရည်တွေ လည်လာပြန်သည်။

မျက်နှာ ငုံ့ချလိုက်တော့ မျက်ရည်စက်တို့နဲ့ အတူ ဘေးနှစ်ဖက်မှာ ခွဲစည်းထားသည့် ဆံနွယ်တွေက ဝဲကျလာကြသည်။

အိတ်ကပ်ရဲ့ ဘေးဇစ်ထဲမှာ ပါလာသည့် လိပ်စာတစ်ခုကို ထုတ်ဖတ်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclasslic.com



ဒေါ်လှမိုး ခေါ် အနန်း
အိမ်နံပါတ် (   ) မေတ္တာလမ်းသွယ်
မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်။

အနန်း ဘယ်မှာလဲ၊ မြောက်ဥက္ကလာဆိုတာရော ဘယ်မှာလဲ၊

အနန်းဆီ ရောက်အောင် သွားဖို့အတွက် သူမ ဘယ်လို ခရီးစရမှန်း မသိ။ တွေ့တဲ့ကားပေါ် ပြေးတက်လိုက်လာပေမဲ့ ရန်ကုန်ကို ဆိုက်ဆိုက်ပြုက်မြိုက် ရောက်လာခဲ့သည်။

သို့သော် ကျားစေဦးလဲတို့ ဝိုင်းလည်နေသည့် ကြားထဲမှ ခြေလှမ်း မှားချင်နေသည့် ယွန်းယွန်း ဘယ်ကိုမှ ခေါင်းပြူမကြည့်ဝံ့သည်အဖြစ်က မြောက်ဥက္ကလာကို ဘယ်လို ရှာဖွေရပါမည်နည်း။ ကား ငှားမလား လာမေးသည့် သူတွေကလည်း ပြုံးစိစိပြုံတတ်တီ။ ကားငှားတော့ရော သူတို့က ကောင်းကောင်းမွန်မွန် ပို့ပေးမှာတဲ့လား။

အငှားကားဆိုတာ မိန်းကလေးတွေ မပေါင်းကြဘူးလား။ မျက်ရည်တွေသုတ်၍ ယွန်းယွန်း ပိုက်ဆံအိတ်ကို စမ်းလိုက်မိသည်။ တစ်ထောင်တန်အုပ်ကူကြီးတွေ နှစ်အုပ် သုံးအုပ် ရှိနေသည်။

ကားခက ဘယ်လောက်တောင် ပေးရမည်မှန်းမသိ။ လူတော





မတိုးခဲ့ဖူးသော အဖြစ်ကား ပိုက်ဆံကိုလည်း မသုံးတတ်ပေ။ ဗိုက်ဆာနေတာတောင် ဆိုင်ထဲ ဝင်မထိုင်ရဲတဲ့အဖြစ်။

ဆိုင်ထဲဝင်တာနဲ့ ပိုက်ဆံခေါ်ပေးရမှာလား။ သူတို့ဘာတွေ ရောင်းမှန်းမသိဘဲ ပိုက်ဆံကို ဘယ်လိုပေးရမှာလဲ၊ စားသောက်ပြီးမှ ပိုက်ဆံတွေ မတရားပေးရလျှင်လည်း ဘယ်လမ်းခရီးထိ သွားရဦးမည်မှန်း မသိဘဲ ပိုက်ဆံကုန်သွားလျှင် ဘယ့်နှယ့်လုပ်မလဲ။

ကားစုတ်ကြီးထဲက ပြန့်ထွက်လာ ဝမ်းထဲက တကြုတ်ကြုတ်မြည်နေသည့် ဆာလောင်မှုကို မခံမရပ်နိုင် ဖြစ်လေတော့ အနန်းကိုရှာဖို့ကိစ္စကို မေ့သွားခဲ့ပြန်သည်။

ဒယ်အိုးသေးသေးလေးနဲ့ မီးဖိုလေးဆင့်၍ ကြော်နေသည့် အကြော်ဇကာလေးထဲက စမူဆာ သေးသေးလေးတွေနဲ့ ဘရာကြော်လို ဟာလေးတွေကို ဘာလေး တွေမှန်း မသိပေမဲ့ မွှေးကြိုင်နေသည့် အကြော်နံ့ကြောင့် စားချင် စိတ်တွေ တားမရ ဆီးမရ ဖြစ်ထွန်းလာပြန်သည်။

သို့သော် အကြော်ကြော်နေသည်က အသားရောင်မည်းချိတ်နေသည့် ကုလားကြီးမို့ အနားကပ်ရမှာလည်း လန့်နေမိသည်။ ဒီအလုံးလေးတွေက တစ်လုံး ဘယ်လောက် ပေးရမှာပါလိမ့်။

အကြော်ကိုကြည့်လိုက် ဈေးသည်ကို ကြည့်လိုက်နှင့် အနားမှာ



www.burmeseclassic.com

www.burmeseclasslic.com



ဝဲနေသည့် ယွန်းယွန်းကို ကုလားကလည်း ဖြူဆွတ်ပြူးကျယ်သည့် မျက်လုံးကြီးနှင့် စူးစူးစမ်းစမ်း လှမ်းကြည့်၏။

နဂိုကတည်းက ယောက်ျားဆိုလန့်နေသည့် ယွန်းယွန်းမှာ ကုလားမျက်လုံးကြီးဝင်းတက်လာတော့ ထိတ်ခနဲဖြစ်ကာ တစ်ကြိုးတည်း ပြေးခဲ့ရတော့သည်။

"ခါဂျာမုန့် ခါဂျာ--"

လက်ဝါးပေါ် ဗန်းကလေးတင်၍ ရောင်းနေသည်က ကုလားမ တစ်ယောက်။ ကုလားဖြစ်ဖြစ် မြန်မာဖြစ်ဖြစ် မိန်းကလေးမို့ ဆာလောင်နေသည့်မို့ ယွန်းယွန်း အရဲစွန့်လိုက်သည်။

"အစ်မ အဲဒါတစ်ခု ဘယ်လောက်လဲဟင်"

"ခုနစ်ဆယ် သုံးခု နှစ်ရာ"

"နှစ်ရာ"

"အင်း ဘယ်နှခု ယူမှာလဲ"

"သုံးခုပဲပေးပါ"

ယွန်းယွန်း တစ်ထောင်တန် ထုတ်ပေးတော့ ကုလားမက ငွေရှစ်ရာ ပြန်အမ်းလေသည်။

ခါဂျာမုန့်ကြီးသုံးခုကို နှစ်ရာတည်းပေးရ၍ အံ့လည်းအံ့သြ ဖဲ့၍လည်းစားရင်း တစ်ခုက ပြိုက်ခနဲ ကုန်သွားလေသည်။





"ရေခဲရေ ရေခဲရေ"

တဒေါက်ဒေါက် ခေါ်သံနှင့် ရေဆိုတာကြားမှ အချိုစားပြီး တော့ရေက ဆာလာပြန်သည်။

ဒီတစ်ခါလည်း ရေခဲရေဆိုသည့် ကောင်ကလေး ခပ်ငယ်ငယ် ပဲမို့ ယွန်းယွန်း အရဲစွန့်၍ အနားကပ်လိုက်သည်။

"ရေခဲရေ တစ်ခွက်ဘယ်လောက်လဲဟင်"

"တစ်ဆယ်"

"တစ်ဆယ်"

လက်ညှိုးကလေးထောင်၍ တအံ့တသြမေးမိရင်း

"တစ်ဆယ်လား တစ်ရာလားဟင်"

"ဗျာ"

"ဩော် နားကြားမှားသလားလို့ပါ၊ တစ်ဆယ်လား တစ်ရာ လား"

"တစ်ဆယ်ပေါ့ဗျာ အစ်မကလည်း နားကြားမှားစရာလား၊ ရေခဲရေတစ်ခွက်ကို တစ်ရာသာ ရောင်းရင် ကျွန်တော် ဒီဝန်းထဲကနေ ခေါင်းမပါဘဲ ထွက်ပြေးရလိမ့်မယ်"

"ဩော် အင်းပါ အင်းပါ၊ ဟို ဒါပေမဲ့ အစ်မမှာ တစ်ဆယ် တော့မရှိဘူး တစ်ရာပါတယ် ရေသောက်လို့ ရလားဟင်"



www.burmeseclassic.com

www.burmeseclasslic.com



"မျာ"

ကောင်လေးက သူ့ကို ထူးဆန်းသတ္တဝါလို ပြုံးပြုံကြည့်လာ၏။

"ဒီ ဒီလိုလုပ်ပါ၊ တစ်ရာပဲ ယူလိုက်ပါနော်၊ ရေတစ်ခွက်လောက် ပေးပါ"

"ရတာပေါ့"

ကောင်လေး ပြုံးသွားသည်။

သူမကို အထင်အမြင်သေးသလို ကြည့်၍ ရေခဲရေ တစ်ခွက် လှမ်းပေးသည်။ ထွက်လာကတည်းက အဆင်မပြေပါလား။

"လာ လာ ဆူးလေ တည့်တည့်သွားမှာ ဆူးလေ ခုထွက်မှာ"

သူမ ရန်ကုန်ကို လာခဲ့တုန်းက ကားကြီးမျိုး

ရှေ့မှန်ချပ်မှာ မြောက်ဥက္ကလာ ဆူးလေဟု ရေးထားသည့် စာတန်းကို တွေ့တော့ ယွန်းယွန်း ဝမ်းသာအားရ ပြေးသွားကာ

"မြောက်ဥက္ကလာကို သွားမှာလားဟင်"

"ဟမ်"

ကားအလယ် တံခါးဝမှာ ရပ်နေသည့် စပယ်ယာ နားမလည်သလို တစ်ချက်ကြောင်သွားပြီး ချက်ချင်း စပ်ဖြဲဖြဲ ဖြစ်သွားကာ





"မြောက်ဥက္ကလာ သွားချင်လို့လား၊ တက်လေ ပြန်လည့်လာတော့ ရောက်မှာပေါ့"

ရှေ့လိုက်မှန်း နောက်လိုက်မှန်းမသိ

ရောက်တာပေါ့ ဆိုတော့ ယွန်းယွန်း ကားပေါ်တက်သည်။

"ဟာ ဟိတ် ခက်တော့တာပဲ"

စပယ်ယာက ယွန်းယွန်း လက်မောင်းကို ဆွဲထားလိုက်ပြီး

"ပေါကြောင်ကြောင်လေးပါလား၊ ဒါမြောက်ဥက္ကလာ အဝေးပြေးကွင်းကြီးပဲ၊ ဒီကားက ဆူးလေကို သွားမှာ ညည်းက ဘယ်ကို သွားမှာတုံး"

ကားပေါ်မှာ ထိုင်တချို့ ထတချို့ ခရီးသည်များဆီမှ ရယ်သံ တွေထွက်လာသည်။

ယွန်းယွန်း ပြန်မဖြေနိုင်။

ရှက်စိတ်ကြောင့် မျက်နှာလေး နီမြန်းကာ ကားပေါ်ကနေ ဖုတ်ခနဲ ပြန်ဆင်းလိုက်သည်။

သူမအဖြစ်ကို မလှမ်းမကမ်းမှ လှမ်းကြည့်နေသည့် အမျိုးသမီး တစ်ယောက်က စာနာစိတ်ကလေးဖြစ်လျက် အနား လျှောက်လာသည်။

"ညီမလေးက ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclasslic.com



ကားနဲ့ဝေးရာကို သုတ်သုတ် လျှောက်နေမိရင်း ယွန်းယွန်း အသံရှင်ကို မော့ကြည့်လိုက်မိ၏။

အပြာရောင် ပါတိတ်ဝမ်းဆက် ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ချထားလျက် ယဉ်စစ မျက်နှာလေးကို ယုံကြည်ထိုက်သူမှန်း ချက်ချင်းပဲ အကဲခတ်မိကာ

''ယွန်းယွန်း မြောက်ဥက္ကလာကို သွားမလို့ပါ''

''ဘယ်ရပ်ကွက်ကိုလဲ''

သူမက ထပ်မေးတော့ ယွန်းယွန်း ယုံကြည်စွာပဲ လိပ်စာ စာရွက်လေးကို ထုတ်ပြလိုက်သည်။

သူမက ဖတ်ကြည့်၍

''လိပ်စာက သိပ်မပြည့်စုံဘူး။ ဒီဝန်းရဲ့အပြင်မှာ ကားမှတ်တိုင်တော့ရှိတယ်။ ဒါပေမဲ့ ဘယ်ကားစီး သွားရမယ်ဆိုတာ တို့လည်းမသိဘူး။ တော်ကြာ ညီမ မျက်စိထပ်လည်နေရင် ခက်ဦးမယ်။ ဒီလိုလုပ် အငှားကား တစ်စီးငှားပြီး လိပ်စာနဲ့လိုက်ရှာခိုင်းလေ။ တို့ကားငှား ပေးလိုက်မယ်''

''အို မငှားရဲဘူး၊ ယောက်ျားတွေက ကောင်းတာ မဟုတ်ဘူး''

ယွန်းယွန်း ပျာပျာသလဲ ပြောတော့ သူမကပြုံးလိုက်ပြီး

''ယောက်ျားတိုင်း မဟုတ်ပါဘူး ညီမရယ်၊ တို့က ဟော ဟိုစားသောက်ဆိုင်က ဆိုင်ပိုင်ရှင်ပဲ၊ ဒီဝန်းထဲမှာ ရှိတဲ့ ကားတော်တော်များများနဲ့ သိပါတယ်။ စိတ်ချရတဲ့ ကားနဲ့ အပ်ပေးလိုက်မှာပါ ညီမမှာ ပိုက်ဆံပါရဲ့လား''

''ပါတော့ ပါပါတယ်၊ ဘယ်လောက် ဘယ်လောက်ပေးရမှာ လဲဟင်''

''သိပ်မများပါဘူး၊ တစ်ထောင် ကိုးရာ ပါပဲ''

''ဟင်း တစ်ထောင့် ကိုးရာ ဟုတ်လားမမ''

အမျိုးသမီးက ယွန်းယွန်းမျက်နှာလေးရဲ့ ဘာမှ မသိရှာပုံလေးကို ကရုဏာသက်မိသည့် မျက်လုံးတို့နှင့် တစ်ချက်ကြည့်ကာ

''ကိုးရာဖြစ်ဖြစ် တစ်ထောင်ဖြစ်ဖြစ်ကို ပြောတာလေ။ ဒါနဲ့ညီမလေးနာမည်က ဘယ်သူတဲ့လဲ။ ဘယ်ကလာတာလဲ''

''ဒီနား ရွာထဲကပါ''

နှင်းငွေ့ယွန်းယွန်းဆိုသည့် နာမည်ကို မပြောဖြစ်တော့ဘဲ

''နံမည်က ယွန်းပါ''

ဖြူဝင်းနုဖတ်နေသည့် သူမကို ရွာသူတစ်ယောက်ရယ်လို့ မယုံကြည်နိုင်သည့်ပုံမျိုးနှင့် အမျိုးသမီးက မျက်လုံးလေးဝင့် ကြည့်သည်။







www.burmeseclassic.com

www.burmeseclasslic.com



"ဟုတ်လား၊ ကဲ လာလာ တို့ ကားပေါ်တင်ပေးလိုက်မယ်"

ယွန်းယွန်း ရင်တထိတ်ထိတ်နဲ့ပဲ ကားပေါ် ရောက်သွားလေသည်။ ကားပေါ်မှာ ဒို့ပြင် ခရီးသည်တွေလည်း ပါသည်မို့ စိတ်ချလက်ချ ဖြစ်သွားမိရင်း အမျိုးသမီးကိုလည်း ကျေးဇူးတင်သွားမိသည်။

"ကိုတိုးရေ၊ သူ့ကို သေသေချာချာ ရှာပြီးပို့ပေးလိုက်ပါနော်။ တို့မိတ်ဆွေပါ။ လိုက်ပို့ချင်တာ လုံးဝမအားလို့"

နှုတ်ဖျားကပြောင်မ,ခြင်းဖြင့်လည်း ဂရုစိုက်ရှာသေးသည်။

"ကျေးဇူးတင်ပါတယ် အစ်မရယ်"

ဟု ယွန်းယွန်း လိုက်လိုက်လှဲလှဲ ပြောတော့ သူမက ပြုံးပြလေသည်။

♛♛♛♛♛





# အခန်း (၂)

## ဟင် သမီးလေး အိုကွယ်

ယွန်းယွန်း လက်ဖဝါးလေးကို ဆုပ်ကိုင်၍ အနန်းရဲ့ ပါးရေတွန့်နေသည့် မျက်နှာပြင်သို့ မျက်ရည်ပူများ စီးကျလာရှာသည်။

ဒုက္ခရောက်သည့်သူက အားကိုးတကြီး ပြေးလာခဲ့ပေမဲ့ သူမကိုယ်တိုင်က အိပ်ရာထဲ လဲနေခဲ့တဲ့အဖြစ်။

နှင်းငွေ့စံအိမ်ကြီးက ဒေါ်နှင်းငွေရည်ရဲ့ ရိုက်ပုတ်ဖယ်ထုတ်မှုကြောင့် ကိုယ့်အရှင် ကိုယ့်သခင်ကို ထားခဲ့ ထွက်ခွာလာခဲ့ရသည်။

နောက်ပိုင်းကို မခွဲနိုင်မခွာရက် ထားခဲ့ရသော်လည်း ဒီမှာ



www.burmeseclassic.com

www.burmeseclasslic.com



လည်း သူမရဲ့တစ်ဦးတည်းသော မွေးစားသမီး ဆိုသူလေးက ဆုံးရှာပြီ။

လက်ရှိမြေးကလေးက သူမကို သွေးမတော်ပေမဲ့ ဟိုးအရင် သူမရဲ့ အတောက်အပံ့တွေနဲ့ ကြီးပြင်းခဲ့ရသူမို့ ကျေးဇူးသိတတ်စွာ ဘွားအေအရင်းတစ်ယောက်လိုပဲ လက်ခံပြုစုထားခဲ့၍သာ သူမ ဘဝ နားခိုစရာနေရာ ရခဲ့ခြင်း ဖြစ်သည်။

ပြီးတော့ သူမ ဒီကိုရောက်ခဲ့တာ နှစ်နှစ်တင်းတင်း ရှိခဲ့ပြီ။ လွန်ခဲ့သည့် ငါးလခန့်ကစ၍ လူကြီးရောဂါနှင့် တရှောင်ရှောင် ဖြစ်လာခဲ့ကာ ခုတော့ အပေါ့အပါး ထသွားနိုင်ရုံလောက်သာ ပါးချိနုပ်ချိ ဖြစ်နေခဲ့ပြီဖြစ်သည်။

ထိုအချိန်မှာ ကိုယ့်ရဲ့ကျေးဇူးရှင် အရှင်သခင်ရဲ့သမီးလေးက အားကိုးတကြီး ရောက်လာခဲ့သည့်အတွက် သူမ မည်ကဲ့သို့ မားမား မတ်မတ် ရပ်ပေးနိုင်တော့မည်နည်း။

ပြီးတော့ မြေးသမက်ဖြစ်သူက အရက်သမား။

''အနန်း အနန်း ဘာလို့ ငိုတာလဲဟင်။ ယွန်းယွန်းမှာ ရတနာတွေ ပါပါတယ်။ ပိုက်ဆံလည်း ရှိသေးတယ်။ ဖေဖေကလဲ ဒါတွေ အနန်းကို ပေးပြီး ခဏပုန်းခိုနေဖို့ မှာလိုက်တာ''





''သမီးလေးရယ်၊ အဲဒီရတနာတွေကို လုံမလေး သိမ်းထား စမ်းပါ။ ဘယ်သူ့ကိုမှ သွားမပြောပါနဲ့၊ ပြလည်း မပြနဲ့ သိလား။ ရန်ကုန်မြို့မှာ လူလိမ်တွေ လူယုတ်မာတွေက အများကြီး အန္တရာယ်ကြီးလှပါတယ်ကွယ်၊ သမီးလေး ဒီကို ရောက်လာနိုင်တာပဲ နတ်ကောင်း နတ်မြတ်တွေ မစလိုက် တာ''

အနန်းခုချိန်ထိ ယွန်းယွန်းလက်ကလေးကို ဆုပ်ကိုင်ထားဆဲ၊ အိပ်ရာထဲမှာ ပက်လက်အနေအထားကနေ ထထိုင်ဖို့ ပြင်တော့ ယွန်းယွန်းက ကပျာကယာလေး ထူမပေးသည်။

''နေပါစေ သမီးရယ်။ သမီးက အနန်းကို ပြန်မပြုစုပါနဲ့။ အနန်းလေ သမီးလေးကို ခဏကာကွယ်ပေးပြီး သမီးနဲ့ အတူရှုန်းကန်ချင်တယ်။ ဒါပေမဲ့ အနန်းမှာ စိတ်သာရှိ တော့တယ်။ လူက ယိုင်နေပြီကွယ်''

အနန်း မျက်ရည်ကျပြန်သည်။

သူမမှာ ငွေတွေ ရွှေတွေပါသည်။

အနန်း ရှေ့ကိုလည်း ရောက်နေပြီ။

ဒါကို အနန်း ဘာတွေပြော၍ ဘာကြောင့်ငိုနေမှန်း ယွန်းယွန်း တွေးလို့မရ။



www.burmeseclassic.com

www.burmeseclasslic.com



''အနန်း ဘာဖြစ်လို့လဲဟင်၊ ဒီအိမ်မှာ ယွန်းယွန်းနေလို့ မရလို့လား''

''ရ ရပါတယ် သမီးရယ် ရပါတယ်''

အနန်း ခေါင်းမခါရက်ပါ။

ဒီကလေးဟာ ရွှေဘုံရွှေနန်းထဲမှာ ရွှေတွေငွေတွေပြင် ကျောက်ခဲသလဲဆိုတာကို မမြင်ဖူးဘဲ မွေးဖွားကြီးပြင်းလာတဲ့ကလေး။

အိမ်မှာပဲ စာသင်ခဲ့ရသည်။

အလွတ်တမ်း စာသင်၍ ပညာတတ်ခဲ့ပေမဲ့ သူမတတ်ထားသည့်ပညာဟာ ဘာလဲဆိုတာလည်း မသိရှာ။

ဘာကြော င်္ကာတွေ ကျက်နေ မှတ်နေရသလဲ ဆိုတာ နားမလည်။ ငါဘယ်လိုပညာမျိုးတွေ တတ်ထားသလဲဆိုတာကိုပင် သိရှာသူမဟုတ်ပေ။

သူမ ထွက်အလာတဲ့ အချိန်လေးအထိ

''ဒီပညာတွေတတ်တော့ ယွန်းယွန်း ဘာဖြစ်လာမလဲဟင် အနန်း''

လို့ မေးတတ်တုန်း။

ယွန်းယွန်းကို သူမ ဘယ်နည်းမဆို မျက်စိအောက်ကနေ ဖွဲ့ထုတ်ပစ်လိုက်လို့တော့ မဖြစ်နိုင်ပါ။





ရှိခဲ့ဖူးတဲ့ ကျေးဇူး သစ္စာကို သူမ အသက်ခံသေဆုံးချိန် အထိစောင့်သိသွားဖို့ ဆုံးဖြတ်လိုက်၏။

''ဟင် သူက ဘယ်သူလဲ အဘွား''

နောက်က အသံကြောင့် ယွန်းယွန်း လှည့်ကြည့်လိုက်မိ၏။

အနန်းက မျက်နှာကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားကာ

''သူလည်း အဘွားရဲ့ မြေးလေးပါပဲ၊ ဒုက္ခရောက်လာလို့ ဒီမှာခဏနေမလို့ လာတာ''

ထိုယောကျ်ား ယွန်းယွန်းအနားက ဖြတ်သွားလျှင် အရက်နံ့ ထောင်းခနဲ ထသွား၏။

''အဘွားရာ ဒုက္ခရောက်လို့ လာရအောင် ဒါ ဒုက္ခသည် ကယ်ဆယ်ရေးစခန်းမှ မဟုတ်ဘဲ''

ထိုသူက ယွန်းယွန်း ရှေ့တည့်တည့်မှ လာထိုင်လိုက်ပြီး

''ဟင်း ရုပ်ကတော့ မင်းသမီးကျနေတာပဲ၊ နင်က ဘယ်သူ့ သမီးလဲ ဘယ်ကလာတာလဲ''

''ရှင်''

''ကလေးကို ဘာမှမေးမနေပါနဲ့ မောင်သိုက်စိုးရယ်။ ဒီမှာ ဒုက္ခရောက်လာတဲ့သူပါ''



www.burmeseclassic.com

www.burmeseclasslic.com



"ဟမ်း ဒါကြီးကို ကလေး ဟုတ်လား။ အံ့ရော အံ့ရော ကိုယ့်အိမ်မှာ နေချင်ပါတယ်ဆိုတဲ့လူကို ဘာမှ မမေးစမ်းဘဲ ကျွန်တော်တို့က သာလာယံ ဖရပ်ကြီးလို ဖွင့်ပေးထားရမှာလား။ အဘွားကိုတောင် မိဦးအဘွားဆိုလို့ လက်ခံထားတာ အဘွားသိသားနဲ့ဗျာ"

ယွန်းယွန်းဘာမှ မပြောတတ်။

အနန်းကိုသာ အားကိုးတကြီး ကြည့်လိုက်မိသည်။

အနန်းက ယွန်းယွန်း လက်ကလေးကို ဆုပ်ညှစ်ကိုင် ထားကာ

"အေးလေ ဒါဆိုလည်း မင်းတို့အဘွားကိုပါ လက်မခံပါနဲ့ အဘွားဒီကလေးနဲ့အတူ ထွက်သွားမယ်"

"အို အနန်း"

ယွန်းယွန်း မျက်လုံးလေး ပြူးသွားသည်။

"အဘွား ဘာဖြစ်လို့လဲ၊ ဘယ်ကိုသွားမှာလဲ အဘွားရဲ့"

နောက်ထပ် အသံတစ်သံ ထွက်လာပြန်သည်။

မိန်းကလေးတစ်ယောက်ပဲ ဖြစ်ကာ ယွန်းယွန်းထက် မသကာ အသက်ကြီးမှ သုံးလေးနှစ်လောက်သာကွာမည်။

ဆံပင်ပခုံးလောက်နဲ့ ထဘီတိုတို အင်္ကျီလက်စကကို ခေါက်တင်ထား၏။ လည်တိုင်နဲ့ မျက်နှာမှာ ချွေးစတွေရှိနေသည်။





လက်ထဲမှာ ပန်းစည်းကြီး တစ်စည်းကို မနိုင်မနင်း ပွေ့တင်လာရင်း အိမ်ထောင့်မှာချလိုက်၏။

ဒီပြင်ပန်းရိုး နှီးကြီးအစအနများ ပြန့်ကျဲနေသည်မို့ သူမဟာ ပန်းရောင်းသူဖြစ်ပုံရကာ ဈေးရောင်းက ပြန်လာတာ ဖြစ်ပေမည်။

"ဟောဒီမှာ နင့်အဘွားလေ ညှဲသည်ကို ဘယ်က ာလဲ မေးမိလို့ သူကပါဆင်းသွားမလို့တဲ့"

မိန်းကလေးက ယွန်းယွန်းကို ရှေ့က လာကြည့်ပြန်သည်။

"သူက ဘယ်သူလဲအဘွား"

ဟု ထပ်မေးပြန်၏။

"ညည်းအမေလိုပဲ အဘွားရဲ့သမီးတစ်ယောက်က မွေးလိုက်တဲ့ ကလေးပေါ့။ မြေးပါပဲကွယ်၊ အခု သူ့အမေ မရှိတော့လို့ အားကိုးရာမဲ့ပြီး ဒီကိုရောက်လာတာ"

မိန်းကလေးက မျက်နှာအနည်းငယ် တည်သွားကာ

"နေတာကတော့ အကြောင်း မဟုတ်ဘူးလေ။ စားဖို့က ရှိသေးတယ်။ ဒီအိမ်မှာ အဘွားဆေးဖိုးနဲ့ ကိုသိုက် အရက်ဖိုးနဲ့ သမီးတစ်ယောက်တည်း ရှာဖွေနေရတာ လူတစ်ယောက်ကို ကျွေးဖို့ဆိုတာ မလွယ်ဘူး အဘွားရဲ့။ သူပါ သမီးနဲ့ ဈေးလိုက်ရောင်းနိုင်ရင်တော့ ရတယ်"



www.burmeseclassic.com

www.burmeseclasslic.com



အနန်း မျက်နှာကြီးပျက်ကျသွားသည်။

"သူစားစရိတ် ပေးပါလိမ့်မယ်။ လောလောဆယ် ရက်နှစ်ဆယ် တစ်လလောက်တော့ ဒီအတိုင်းပဲ နေပါစေ။ အလုပ်လုပ်ဖို့ နောက်တော့ စီစဉ်ပေးကြတာပေါ့"

"ဒါလည်း မဆိုးပါဘူး။ ထမင်း စရိတ် တစ်နေ့ငါးရာ ပေးရမယ်။ အထူးလည်း ချက်မကျွေးနိုင် ဘူးနော်။ သမီးတို့ စားသလိုပဲ စားရမှာ"

ယွန်းယွန်းအတွက် အနန်း စိတ်ထဲ မကောင်းလှပေမဲ့ လောလောဆယ်တော့ သည်းခံနေမှ ဖြစ်မည်မို့ သူမ ခေါင်းညိတ်လိုသည်။ ယွန်းယွန်းကတော့ မျက်နှာကလေး အငိုင်းသားနှင့် ဘာမှ ဝင်မပြောရှာပေ။

လတ်တလော နေခွင့်ရဖို့ကို ဖြေရှင်းပြီးမှ သူမ ကျန်းမာ လာအောင် ကြိုးစားတော့မည်။ ကျန်းမာလာတဲ့အခါ ရင်းနှီးသင့် သလောက်ကို ထုခွဲရင်းနှီးကာ ယွန်းယွန်းလေးအတွက် သူမ မားမား မတ်မတ် ရပ်တည်ထိန်းကျောင်း ပေးသွားမည်။

ရည်မှန်းချက်တို့နှင့် စိတ်ကို စုစည်းအားတင်းလိုက်သော် လည်း ရင်ဝတည့်တည့်မှာ စုကြပ် တစ်ဆို့ကာ အသက်ရှူမဝ သလိုကြီး ဖြစ်သွားသဖြင့် အနန်းရင်ထဲမှာ ကြေကွဲသွားလေသည်။





သူမမှာ အင်အားရှိပါမည်လား။

www.burmeseclassic.com

www.burmeseclasslic.com



## အခန်း ( ၄ )

**ထမင်းစားကြတော့** ဆူးတောင်တွေ ရှိနေသည့် ငါးကို ဆူးတောင်လည်း မဖယ်ဘဲ စိုစိစိ အရေစပ်စပ်နှင့် ချက်ထားသည်။

ငါးပိရည်ဆိုသော မည်းမည်းပျစ်ပျစ် အရာကြီးက တစ်ခွက် အသီးအရွက်တွေနှင့် ယွန်းယွန်း ဘာကို နှိုက်ရမှန်း မသိ။

"စားလေ အဲဒါ ငါးမန်းနော် လို့ခေါ်တယ်။ ခပ်ပေါပေါငါး မဟုတ်ဘူးနော်။ တစ်ဆယ်သား တစ်ရာ့လေးဆယ်တောင် ပေးရတာ ငပိရည်တစ်ခွက် ဖျော်ရတာလည်း လွယ်တယ် မထင်နဲ့ ငရုတ်သီး ကြက်သွန်ဖိုးနဲ့ အနည်းဆုံး ခုနစ်ဆယ်



www.burmeseclassic.com

www.burmeseclasslic.com



မလောက်ကုန်မှရတာ၊ တို့စရာ ဝယ်ရင်ပဲ ကြည့်လေ အရင်လို တစ်ဆယ် ငါးကျပ်နဲ့ တို့စရာ မရဘူး။ ဘာဖြစ်ဖြစ် ကိုင်လိုက်ရင် အစိတ်သုံးဆယ်''

ယွန်းယွန်း ထမင်းစားတိုင်း ဤသို့တွက်ချက် ပြသလိုနှင့် အဆုံးသပ်ကျတော့ မျက်စောင်းထိုးသွားတတ်သေးသည်၊ ယွန်းယွန်း မပြောမဆိုတတ်မှန်းလည်း သိကာ တစ်နေ့ထက်တနေ့ ပြောပုံဆိုပုံ ပိုကဲလာသည်။

ပေါ်ပေါ်ထင်ထင် မျက်စောင်းထိုးလာတာက ယွန်းယွန်း ပုံစံ မလှုပ်တလှုပ်လေးကို နိုင်လို့ရမှန်းသိ၍ ဖြစ်၏။

ယွန်းယွန်းကလည်း တစ်ခွန်းဆို တစ်ခွန်းမှ ပြန်လှန် မေးမြန်းခြင်းပင် မရှိခဲ့ပါ။

ကိုယ့်ကို အနိုင်ကျင့်သလို ပြောဆိုနေတာကိုလည်း တုံ့ပြန် ပြောဆိုဖို့ မကြိုးစား။ သူမစိတ်ထဲမှာ အနန်းကိုအားကိုးလို့ မရနိုင် တော့တာကို သိနေသလို အားငယ်ဝမ်းနည်းခြင်းတို့ကသာ ဖိစီး နေသည်။

ငွေကြေးစည်းစိမ်တွေ ပိုင်ထားသော်လည်း သူ ဘယ်လို အသုံးချရမှန်း မသိတော့ မျက်မမြင်တစ်ယောက်လိုပင်။

ညအိပ်ရာဝင်တော့ ခြေရင်းပိုင်းမှာ စုတ်ဖွားဖွား ဖြစ်နေ





'သည့် သင်ဖျူးတစ်ချပ်ရယ်၊ ဂွမ်းစောင်စုတ်တစ်ထည်ရယ် ခေါင်းအုံး တစ်လုံးရယ် ဒါပဲ ဖြစ်၏။

ခြင်ထောင်ဆိုတာကို ပိုက်ဆံပေးမှာခိုင်းတာမို့ အနန်း ဝယ်ခိုင်း၍ ငွေငါးထောင်ပေးလိုက်သည်။

ပါလာတော့ စစ်ရောင် တစ်ယောက်အိပ်ခြင်ထောင် နွမ်းနွမ်း ကလေးတစ်လုံး၊ ကျောကတောင့် စောင်ကနံ ယွန်းယွန်း ညတိုင်း လည်း လင်းအားကြီးပိုင်းကျမှသာ အိပ်ပျော်ခဲ့ရတာ များလေသည်။

''သမီးလေးကို အနန်းနဲ့ အတူသိပ်ချင်ပါတယ် သမီးရယ်၊ ဒါပေမဲ့ အနန်းက လူမမာ ဖြစ်နေပြီဆိုတော့ ညည အနန်းကြောင့် သမီး အိပ်လို့ရမှာ မဟုတ်ဘူး''

အရေးရှိလျှင် လှမ်းခေါ်ဖို့ အနန်းက သေချာမှာထား၏။

ညညဆို မဦးတို့ လင်မယားရဲ့ မျက်နှာနဲ့ အပြောအဆို တွေကို ပြန်သတိရကာ ရှေ့ရေးအတွက် ရင်လေးခဲ့ရရင်း ယွန်းယွန်း အလူးလူး အလိမ့်လိမ့်။

ဖေဖေ နေကောင်းပါစေ။

ဖေဖေ ဘာမှ မဖြစ်ပါစေနဲ့၊ ဖေဖေ့ကို အန္တရာယ်တောထဲ မှာ ပစ်ထားခဲ့ရသည့်အတွက် တွေးမိတိုင်း ယွန်းယွန်း မျက်ရည် ကျခဲ့သည်။



www.burmeseclassic.com

www.burmeseclasslic.com



ဒီလမ်း ဒီခရီးကို ဖေဖေ အစီအစဉ်မရှိဘဲ ကတိုက်ကရိုက် လွှတ်ထည့်လိုက်ခြင်းဟာ လောလောဆယ် အသက်အန္တရာယ်က လွတ်ဖို့ဖြစ်ကာ ကံကိုယုံ၍ ဆူးချုံနင်းခိုင်းလိုက်ရတာ ဖြစ်ကြောင်း သူမနားလည်သည်။

ထို့ကြောင့် ဖေဖေ ဘာဖြစ်ကျန်ခဲ့ပြီကို ယွန်းယွန်းမသိ သလို သူမဘယ်လို ရင်ဆိုင်နေရသည်ကိုလည်း ဖေဖေသိနိုင်မှာ မဟုတ်ပေ။

ရှေ့လျှောက်ဘာတွေ ဖြစ်ဦးမည်လဲ။

"အဟမ်း"

"ဟင်"

ကြမ်းပြင်က သိမ့်ခနဲ ညွတ်သွားသဖြင့် ယွန်းယွန်း လှမ်း လှည့်ကြည့်၍ ဝေါက်ခနဲ ထထိုင်ပြီးသားလည်း ဖြစ်သွားလေသည်။

"ကို ကိုသိုက်စိုး"

သိုက်စိုးပုံစံက ဆံပင်ရှည်တွေ ဖရိုဖရဲ ကျနေသည်။

အရက်ရှိန်ကြောင့် မျက်နှာက အဆီပြန်ကာ ပြုံးချိုပြီး နေ၏။

ပုဆိုးတိုတို အင်္ကျီရင်ကွဲ ချက်ပြုတ်နှင့် အရက်နံ့က ထောင်း ထောင်းထနေသည်။

"ယွန်းယွန်းလား"

မသတိစရာ လေသံနှင့်ခေါ်ကာ ယွန်းယွန်းနားမှာ ကပ်ထိုင်





ချလိုက်၏။

"ကိုသိုက်စိုး ဒီကိုဘာလာလုပ်တာလဲဟင်၊ မ မဦးရော"

"မဦး မရှိပါဘူး။ မရှိလို့ လာတာပေါ့ ယွန်းယွန်းလေးရယ်။ ယွန်းယွန်းလေးကို ကိုသိုက်စိုး သနားလွန်းလို့ပါကွယ်။ မင်းလေးမှာ အားကိုးမရှိဘူး မဟုတ်လား ဟင်။ မိဦးကို ကိုပိုင်နိုင်ပါတယ်။ ဒီကောင်မ ယွန်းယွန်းလေးကို မနိုင်နင်း ရဲအောင် ကိုသိုက် ဆုံးမပေးမယ်။ ပြီး ပြီးတော့လေ ဒီမှာ ယွန်းယွန်းလေး အမြဲအေးအေးချမ်းချမ်း အပျော်နေသွား လို့ရအောင် ဟဲ ဟဲ"

"အို ဘာလုပ်တာလဲ လွှတ် လွှတ်"

"မရုန်းစမ်းပါနဲ့ ယွန်းယွန်းလေးရယ်၊ ယွန်းယွန်းလေး အားကိုးမဲ့နေတာ ကိုသိုက်က သနားလွန်းလို့ပါ။ ဟင်း ဟင်း ဟင်း လိမ္မာစမ်းပါကွယ်"

"ဟင့်အင်း ဟင့်အင်း လွှတ်"

အတင်းကြီးဖက်လှဲဖို့ ကြိုးစားနေသော သိုက်စိုးကို ယွန်းယွန်း အားကုန်ဆောင့်တွန်းပစ်ကာ ထပြေးလာခဲ့သည်။

"ယွန်းယွန်း ဟိတ်"

ယွန်းယွန်း အနန်းအခန်းဆီ ထွက်ပြေးလာကာ သိုက်စိုး



www.burmeseclassic.com

www.burmeseclasslic.com



လှုးလဲထလိုက်လာ၏။

''အနန်း အနန်းဝေ့ရ ကယ်ပါဦး လုပ်ပါဦး အနန်းရယ်''

အနန်းဆီ မရောက်မီ သိုက်စိုးက နောက်ကနေ ဖက်ဆွဲကာ အသဲအမဲ ကြိုးစားပြန်သည်။

သူ့စိတ်ထဲမှာ လူမမာ အဘွားကြီးအတွက် ဘာ အနှောင့်အယှက်မှ ဖြစ်ပုံမရပေ။

''ဟဲ့ ဟဲ့ သိုက်စိုး ငါ့သမီးလေးကို နင်လွှတ်လိုက်စမ်း ခုလွှတ်''

အနန်း အိပ်ရာထဲကနေ ဆံပင်တွေ ဖရိုဖရဲနှင့် အလူးအလဲ ထအော်သည်။ ဆွဲလား ရမ်းလားတွေ ဖြစ်နေတာကို ဝုန်းဒိုင်း မသဲကွဲ ဖြစ်နေရပေမဲ့ သူမမမြင်ရပေ။

''သိုက်စိုး ငါပြောနေတာကြားလား၊ ကလေးကို ခုလွှတ်လိုက်'' အနန်း ဒယိမ်းဒယိုင် ထထွက်လာကာ ဝုန်းခနဲ ပြန်လဲ သွားလေသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် ဒေါသ စိုးရိမ်မှုတွေ တိုးဆင့်ကာ မျက်လုံးတွေပြာဝေကုန်ပြီ။

''ဟော ဒီမှာ လာ လာကြပါဦး။ ကလေးကို လာကြပါဦး ဟင်း''

အနန်း ပျော့ခွေ ကျသွားလေသည်။

လူ့လောကကြီးကို ထာဝရ ကျောခိုင်း ထွက်ခွာသွားခဲ့ပြီ





မှန်း ယွန်းယွန်းမသိသလို ဘယ်သူမှလည်း မသိလိုက်ကြပေ။

သို့သော် ကယ်မည့်သူ မည်သူ ဘယ်ဆီ ဘယ်ဝယ်မှ မမြင်တော့သည်။ သည်အခါ ငုပ်လျှိုးနေခဲ့သည့် ပညာကာမနေ။

နောက်ဆုံးဆိုသည့် အကျဉ်းအကျပ်ထဲ ရောက်လာခဲ့တိုင်း ယွန်းယွန်း အားကိုးဖို့ သတိရသွားသည်ကလည်း ဘယ်သူတိုက်တွန်း၍မှ မဟုတ်ပေ။

''ခွပ်''

''အင့်''

အတင်းချုပ်လှုပ်နေသည့် သိုက်စိုးရဲ့ ဝမ်းဗိုက်ကို တံတောင်နဲ့ ဆောင့်ကာ နှာနုရိုးဆီသို့ လက်သီးဆုပ်၍ နောက်ပြန်ထိုးထည့်လိုက်၏။

သိုက်စိုး အင့်ခနဲ ကွေးကျသွားသည်။

ဒေါသ မထွက်စဖူး တစ်ကိုယ်လုံး ဖွန်ထူလျက် အကျိုပခုံးပြသွားသည့်အဖြစ်ကိုလည်း ရှက်ကာ သိုက်စိုး မျက်နှာကို အားရပါးရ ထပ်ကန်ပစ်လိုက်သဖြင့် သိုက်စိုးနှုတ်ခမ်းနဲ့ နှာခေါင်း သွေးတွေ ယိုစီးကာ သတိလစ် ခွေခေါက်သွားလေသည်။

ယွန်းယွန်း အခန်းထဲ ပြေးဝင်ကာ သူမလွယ်အိတ်လေးကို ကောက်လွယ်လိုက်သည်။ ထို့နောက် ပြန်ပြေးထွက်လာ၍



www.burmeseclassic.com

www.burmeseclasslic.com



"အနန်း အနန်းရေ"

ဖရိုဖရဲ ခွေခေါက်လဲကျနေသော အနန်းကို ဘယ်လိုမှ ခေါ်လို့မရတော့ပေ။

အနန်း သေဆုံးသွားပြီလား။

ယွန်းယွန်း ငိုရှိုက်ရင်း အိမ်ပေါ်က ဆင်းပြေးလာခဲ့မိ၏။

သူမကြောင့် အနန်း သေရပြီ ထင်သည်။

ဖေဖေလည်း သူမကို အသက်ပေး ကာကွယ်ပေးခဲ့ပြီးပြီ။

ငါ့ကြောင့် ဆိုသော ယူကျုံးမရစိတ်က အတိုင်းအဆ မရှိ ဖြစ်ထွန်းကာ ပြေးထွက်လာခဲ့သည့် လမ်းတစ်လျှောက်မှာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် သွန်းဖြိုး မစဲတော့ပေ။

"ဟိတ် လိုက်မလား"

ကားအပြာလေးတစ်စီး သူမနားမှာ ငြိမ့်ခနဲ ထိုးရပ်သွားသည်။ သူမခြေလှမ်းတုံ့သွားကာ သေချာပြန် ကြည့်လိုက်မိတော့ စပ်ဖြဲဖြဲ မျက်နှာတွေက ပိုင်ပြီအထင်နှင့် သူမတစ်ကိုယ်လုံးကို မိုက်မိုက်ရိုင်းရိုင်း ကြည့်၍ "လာလေ မင်းမနစ်နာစေရဘူး။ ကိုယ်တို့ သုံးယောက်တည်းရယ်"

"ဘုရား ဘုရား"

ကျောချမ်း ဝေးပြမှန်း သိခဲ့ရသည်။





ဒီလူတွေ ဘာကိုပြောတာမှန်းသိတော့ ယွန်းယွန်း မျက်လုံးလေးပြူးသွား၏။ ပခုံးကစုတ်ပြဲရာကိုလည်း မငုံ့မလဲ ဖမ်းဆုပ်လိုက်မိကာ နောက်ဆုတ်နောက်ဆုတ်နှင့် ပြေးထွက်လာခဲ့၏။

"လိုက်ကွာ မီအောင်၊ မိရင်ဆွဲတင်လာခဲ့။ ဒုက္ခသည် သန့်သန့်လေး နေမှာကွ"

ကားက သူမနောက်ကို လိုက်လာ၏။

ကားမီးရောင်နဲ့လွတ်ရာကို ပြေးရင်း မီးလင်းနေသည့် တိုက်ခန်း တစ်ခန်းထဲကို ယွန်းယွန်း စွတ်ပြေးဝင်၏။

"ဟင် ဘာလဲ"

အမျိုးသမီးတွေ အများကြီး ရှိနေသည့်အခန်း

တချို့က ဆံပင်ညှပ်ခံနေသည်။

တချို့က ခေါင်းမှာ အုပ်ဆောင်းတွေနှင့်

ဆံပင်အလှပြင်ဆိုင်ဆိုတာ သူမ မသိပေမဲ့ မိန်းကလေးတွေ ဆံပင်ညှပ် အလှပြင်နေကြတာတော့ သိ၏။

သူမပုံစံက မောဟိုက်တုန်ယင်ကာ ပြူးပြူးပြဲပြဲမို့ မိန်းကလေးတွေကလည်း သူမကို စိုက်ကြည့်နေကြ၏။

ယွန်းယွန်းလမ်းနဲ့ကွယ်သည့် ထိုင်ခုံမှာဗွေ့ခနဲ ထိုင်ချလိုက်ကာ အမောဖြေလိုက်မိသည်။ စထွက်လာကတည်းက အပြေး



www.burmeseclassic.com

www.burmeseclasslic.com



အလွှား နေခဲ့ရသည်က မိန်းပဆိုသည့် အသိစိတ်ကြောင့် ဖြစ်သည်။

သူမ မိန်းကလေးသာ မဟုတ်ခဲ့ဘူးဆိုလျှင် ယွန်းယွန်း တစ်ထိုင်တည်းနှင့် ဆုံးဖြတ်ချက်ချလိုက်၏။

"အစ်မ ယောကျ်ားဆံပင်ညှပ်လို့ ရလားဟင်"

"ရတာပေါ့ ဘယ်လိုပုံစံလဲ၊ အဲဒီမှာ ကြိုက်တဲ့ ဟဲရ်စတိုင်လ် ကိုရှာလေ"

စာအုပ်ထူကြီးကို ပေးပြ၍ ပြော၏။

"ရတယ် မလိုပါဘူး ယွန်း အဲ ကျ ကျွန်မကို ကတုံးသာသာ ပုံဆိုးဆိုးသာ ညှပ်ပေးပါ"

"ဘုရားရေ

"ခစ် ခစ် ခစ်"

မိန်းကလေးတွေ ရယ်ကုန်ကြသည်။

ထိုစဉ် အတွင်းခန်းထဲက ကားဂိတ်မှာ သူမကို ကယ်တင်ခဲ့သည့် အမျိုးသမီးအရွယ် နောက်ထပ် အမျိုးသမီး တစ်ဦး ထွက်လျှောက်လာကာ။

"ညီမလေးက ယောကျ်ားလေးလို ဝတ်ပြီး ရုပ်ဖျက် မလို့ လား"

ရန်ကုန်မြို့မှာ အထာတွေ နပ်နေပြီမို့ အမျိုးသမီးက





ယွန်းယွန်း စိတ်ကူးကို ဒက်ခနဲ မေးချလိုက်၏။

သူမ ထွက်လာတော့ ဆံပင်ညှပ်ပေးနေကြသည့် မိန်းကလေးတွေထံမှ အသံတွေ တိတ်ကုန်ကြ၏။

သူမ မျက်နှာပကတိ ကြည်စင်နေသည်မို့ ယွန်းယွန်း ခေါင်းညိတ်ဝန်ခံ လိုက်သည်။

"ဟုတ်တယ် မမ၊ ယွန်းယွန်း ယောကျ်ားလေးလို ဝတ်ချင်ပါတယ်။ ယွန်းယွန်းကို မိန်းမပုံစံပျောက်သွားအောင် ပြင်ဆင်ပေးပါ။ လှဖို့လည်း မလိုဘူး၊ နဖို့လည်း မလိုပါဘူး ရှင်"

အမျိုးသမီးက ယွန်းယွန်းရှေ့မှာ လာရပ်၍ ခါးစပ်ထဲ ဝဲကျနေသော ဆံပင်တွေကို တယုတယ ကိုင်ကြည့်သည်။

"ဆံပင်တွေက လှလိုက်တာကွယ်။ ညိုအိ ပြောင်လက်နေတာပဲ။ သိပ်ကိုရှားတဲ့ ဆံပင်ကိုး။ အင်း ပုံစံပြောင်းဖို့က လွယ်ပါတယ်။ ညီမပြောင်းချင်တာ ပြောင်းဖို့ပဲ အရေးကြီးတာ"

"ယွန်း အဲ ကျွန်မ ကြိုးစားပြင်မှာပါ။ ဆံပင်တွေကိုသာ ညှပ်ပေးပါ။"

အမျိုးသမီးက ယွန်းယွန်း မျက်နှာလေးကို မီးရောင်နဲ့



www.burmeseclassic.com

www.burmeseclasslic.com



မြင်ရအောင် ဆွဲမော့ကြည့်၍ အဖျားရှူး သေးသွယ်သွားကာ စိမ်းညို့နက်မှောင်နေသော မျက်ခုံးလေးကို တို့ထိကြည့်သည်။

''တကယ့်ကို ပြောင်းလဲပစ်မှာ ဆိုရင်တော့ မျက်ခုံးလည်း လုပ်ရမှာပဲ။ ညီမ မျက်နှာက အရမ်းကိုလှတော့ ယောကျ်ား ဖြစ်ဖို့က သိပ်တော့မလွယ်ဘူး။ မျက်တောင်တွေကတအား ရှည်ပြီး ကော့နေတယ်။ အဲဒါကို ညှပ်ပစ်ရမယ်။ မျက်ခုံးနဲ့ မျက်တောင်ကို ပြင်လိုက်ရင်တောင်မှ နှုတ်ခမ်း ကိုတော့ ဘာမှ လုပ်လို့မရတော့ဘူး''

အပေါ်အောက် အထူအပါးညီတာ ထောင့်အကွေးလေးတွေ ပေါ်လျက် ထူပြည့်နီမြန်းနေသည့် နှုတ်ခမ်းလေးကို အမျိုးသမီးက ချစ်စနိုးမျက်နှာနှင့် ပြုံးပြနေသည်။

''ညီမမှာ အဝတ်အစားပါလား''

''ဘာမှ မပါဘူးမမ''

''ငွေကောပါလား''

''ဟုတ်ကဲ့ ပါပါတယ်''

''အရေးကြီးတယ်ဆိုရင် ခချက်ချင်း ဝတ်စုံနှစ်စုံလောက် ပြေးဝယ်လိုက်ပါ။ တစ်ခါတည်း ပြင်ပေးလိုက်မယ်။''

ယွန်းယွန်း မျက်နှာလေး ပျက်သွား၏။





''ယွန်း ကျွန်မ ဘယ်ကိုသွားရမှာလဲ မမ မသွားတတ်ဘူး''

''ဒါက ပြဿနာ မရှိပါဘူးကွယ်။ မင်းဘယ်လို အဝတ်အစား မျိုးလိုချင်လဲ။ ကောင်းကောင်းထဲကလား။ ညံ့ညံ့လား''

''ကဲ ဒါဆို ငါးထောင်လောက်ပဲ ပေးလိုက် ကောင်မလေး တွေ စီစဉ်ပေးလိမ့်မယ်''

''လင်းလင်းတို့ရေ သူ့အတွက် အားလုံးစီစဉ်ပေးရမယ် တို့ကိုယ်တိုင် သူ့ကိုပြင်မယ်။ မင်းတို့ ကျန်တာလုပ်ကြ''

''ဟုတ်ကဲ့ မာမီ''

ခုတော့ အားလုံးစိတ်ဝင်စားကုန်ကြရတဲ့ ကောင်မလေး ယွန်းယွန်းဖြစ်သွားခဲ့လေသည်။

ငေးကြည့်ချင်လောက်အောင် လှသော မျက်နှာလေးကို မလှအောင်ပြင်လိုတဲ့သူ တမင်လှအောင် ပြုပြင်ဖန်တီးယူပြရတဲ့ ဆံပင်မျိုးကို ပုံဆိုးအောင် လုပ်ချပစ်မည့်သူ။

အားလုံးရဲ့ စိတ်ဝင်စားမှုဟာ သူ့အပေါ်မှာသာ စုပြုံနေလေ သည်။ အမျိုးသမီးကတော့ မှန်ရှေ့ထိုင်ခုံမှာ ယွန်းယွန်းကို ထိုင် နိုင်းကာ အစိမ်းရောင် ပိတ်စလေးတစ်ခုကို လည်ကုပ်က သိုင်း၍ တစ်ကိုယ်လုံးကို ပတ်ချည်လိုက်၏။

ထို့နောက် လှုပ်ရှားသွားသော သူမရဲ့လက်တို့ နောက်မှာ



www.burmeseclassic.com

www.burmeseclasslic.com



ကတ်ကြေးသံ တရှဲရှဲ နှင့်အတူ လှပရှည်လျားသော ဆံပင်တွေ ထွေးခနဲ ပုံခနဲ ခွေဆင်းပြုတ်ကျကုန်လေရာ။

♛♛♛♛♛



## အခန်း (၄)

ဘောင်းဘီ ကော်ဇီရောင် ညစ်ညစ်က အိတ်ကြီးတွေကလည်း သတ်သတ် ကပ်တင်ထားသလို ရှေ့ရောဘေးရော ပြည့်ညှပ်ကာ ပွပွကြီး။

တီရှပ် အညိုရောင် ကန့်လန့်စင်းက ခပ်ပေါ်ပေါ် ခပ်ချောင်ချောင် အပေါ်စား ကြိုးသိုင်းလွယ်အိတ် တစ်လုံးက ဘာမှလည်း ပါပုံမရဘဲ ပါးကပ်ပေါ်ပါးနေပုံက အထင်းသား။

အဝတ်အစားအောက်ဖြင့် ဘယ်ကကြည့်ကြည့် ထော်လော်ကန့်လန့်ကြီး ဖြစ်နေလျက် ပြန်ပေါက်ကာစ ကတုံးဆံပင်သာသာ



www.burmeseclassic.com

www.burmeseclasslic.com



နားရွက်ထိပ် နားစပ်တွေမှာ ဘာမှ မရှိဘဲ အပေါ်ပိုင်းလောက်မှာပဲ ဆံပင်တချို့ ထိုးထိုးထောင်ထောင် ရှိနေပုံက ရုပ်ဆိုးသလို ဖြစ်နေပေမဲ့ ဖြူနုနေသော အသားရောင်က ထင်းနေသဖြင့် ဘယ်မင်းသားရဲ့ စတိုင်လ်ကို အတုယူခိုးထားသလဲဟု မြင်တာနဲ့ တွေးမိမှာဖြစ်ကာ ဆိုးသလို ကောင်းသလိုနှင့် သူ့တစ်ကိုယ်လုံး ရှုပ်ယှက်ခတ်နေလေသည်။

ထို့ပြင် လူငယ်သည် ခေါင်းငိုက်စိုက်နှင့် လမ်းလျှောက်နေကာ ပါးစပ်က တလှုပ်လှုပ် ရေရွတ်နေသေးသည်။

တကယ်လား ငရင်းလူငယ်ဟာ နှင်းငွေ့ယွန်းယွန်းပဲ ဖြစ်လား၊ ပတ်ဝန်းကျင်ကို ကြောက်ရွံ့ခြင်း တစ်ကိုယ်လုံး ဖုံးဖိဝတ်စားထားရခြင်းကြောင့် မွန်းကျပ် အနေခက်ခြင်း တို့ကို ကြိတ်မှိတ်ခံစားရင်း 'ကျွန်တော်' ဆိုသော အသုံးအနှုန်း အမည်နာမတို့ကို အထပ်ထပ် အကျင့်ပါအောင် လေ့ကျင့်နေခြင်း ဖြစ်လေသည်။

လောလောဆယ် သူဘယ်ကို သွားရမှန်းမသိ။

ယောကျ်ားလေး အသွင်နဲ့မို့ သွားရလာရ လွတ်လပ်သွားပေမဲ့ အလုပြင်ဆိုင်က အမျိုးသမီး ပြောသလိုပါပဲ။

အဆောင်မှာ ငှားရမ်းနေထိုင်ဖို့ကျတော့ အခက်အခဲ ဖြစ်ရလေပြီ။ မိန်းကလေးဆောင်မှာ နေဖို့က ကိုယ်ဝတ်ထားတာက





ယောကျ်ားလေးလို အပြင်အဆင်နဲ့ ယောကျ်ားလေး အဆောင်မှာ နေဖို့ကျတော့ သူက မိန်းကလေး။

ဘယ်လိုမှ တွေးကြည့်လို့ မရဘဲ လမ်းကသွားရင်း ဘယ်ဆီ ဘယ်ဝယ်ရောက်နေမှန်း မသိတော့ပေ။

လမ်းလျှောက်ပါများတော့ ဗိုက်ကဆာလာသည်။

အစားအသောက်နံ့တွေ နှာခေါင်းထဲ ဝင်လာတော့ ခေါင်းထောင်သွား၏။

သူ့ပုံစံက ရန်ကုန်သား ခပ်ဟော့ဟော့ လူငယ်တစ်ယောက် အသွင် ရှိသော်လည်း လမ်းတစ်ဖက်မှာရှိသည့် ဈေးဆိုင် တန်းတွေဆီကို လမ်းဖြတ်မကူးရဲသည့်အတွက် ခက်ခဲရသည့် အဖြစ် တို့ကို ဘယ်သူမှ မသိကြ။

ထိုစဉ် လမ်းဘေးမှ မီးပိုပေါ် သံဆန်ခါတင်၍ အသားချောင်းတွေမီးကင်နေသည့် ဆိုင်တစ်ဆိုင်ကို ယွန်းယွန်း တွေ့လိုက်ရသည်။

ဒါ ဘာလုပ်နေတာပါလိမ့်။

စားစရာမှန်းတော့ သိသည်။ ဒါပေမဲ့ ဘာမှန်းမသိတာမို့ အနားမှာမယောင်မလည် ရပ်ကြည့်နေလိုက်မိသည်။

သို့သော် ယွန်းယွန်း ဘာမှ မစားသောက်လိုက်ရပါချေ။



www.burmeseclassic.com

www.burmeseclasslic.com



အားလုံးနဲ့ ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် သူနဲ့ ရွယ်တူ လူရွယ်နှစ်ယောက် ဘယ်ညာ ပိတ်ရပ်လိုက်ကြသည်။

"ဟိတ်ကောင် မင်းအိတ်ထဲမှာ ပိုက်ဆံတယ်လောက် ပါသလဲ။ ထုတ်စမ်း 'ရှုတ်ရှုတ် ရှုတ်ရှုတ်မလုပ်နဲ့နော် မင်းခါးကို ဓားနဲ့ထောက်ထားတယ်"

တစ်ယောက်က ခပ်တိုးတိုးကပ်ကာ နောက်တစ်ယောက်က ပခုံးချင်း ထပ်၍ မထိတထိ လုပ်နေလေရာ ယွန်းယွန်းထိတ်ခနဲ ဖြစ်သွား၏။

ဤသူနှစ်ယောက်ကို ခုနကတည်းက ခပ်လှမ်းလှမ်းမှာ ရပ်နေကြတာ သူမမြင်သည်။

သို့သော် သူတို့ရုပ်ရည်တွေအရ မသူတော် မဖြစ်နိုင်ဟု တွေးမိကာ ဂရုမစိုက်ဘဲ နေခဲ့မိခြင်းဖြစ်၏။

"ဟိတ် ပြောနေတာကြားလား"

"အိတ်ပေးရမှာလား"

"ဟုတ်တယ်"

"ရော့"

ယွန်းယွန်းက လွယ်အိတ်ကို ဖြုတ်၍ တောင်းသူလက်ထဲ ထည့်ပေးလိုက်၏။





"ဟမ်း လွယ်လှချေလား"

အိတ်ကိုပဲ တအံ့တသြ ကြည့်ကာ အဖော်ဖြစ်သူကို ငုံ့ကြည့် ပြုံးပြတော့ တစ်ဖက်လူကပြုံး၍ ဟင်းခနဲရယ်သည်။

လွယ်အိတ်ရသွားသူက လွယ်အိတ်ထဲကို ကပျာကယာ ဖွင့်ကြည့်ရင်း–

"အမလေး ခါးပိုက်နှိုက်လုပ်မလို့ ဖိုက်ဖို့ တိုက်ဖို့ မလွယ်ရင် ပြေးဖို့ရှိသမျှ ကီးတွေဖျစ် ညစ်ထုတ်လိုက်ရတာ၊ ရတော့လဲ လမ်းပေါ်က ကောက်ရတဲ့အတိုင်းပဲ ဟဲ ဟဲ"

သဘောတွေကျကာ အိတ်ကို သေချာဖြုံကြည့်ပြီး မျက်နှာကြီး တဖြည်းဖြည်း ရှုံ့တွလာသည်။

"ဟ ဗလာစာအုပ်အလွတ်ကြီး တစ်အုပ်ပဲ ပါပါလား။ ပိုက်ဆံလည်း တစ်ပြားမှ မပါဘူး"

ဖြူဆွတ်ထားသမျှ မျက်လုံးက ပြူးပြူးပြဲပြဲနှင့် သူ့ပုံစံကိုက ခါးပိုက်နှိုက်နဲ့ မတူဘဲ ဓာတ်အဖွဲ့က လူရွှင်တော်နဲ့ တူလေသည်။

"ဟိတ်ကောင် မင်းက ငါတို့ကို အချဉ်မှတ်တာလား မင်းသေသွားချင်သလားဟင် ဘယ်မှာလဲ ပိုက်ဆံ"

အံကြိတ်သံနှင့် ကပ်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclasslic.com



"သူရဲ မင်းနဲနဲပါးပါး လက်နက်ထုတ်ပြလိုက်စမ်းပါ။ ငနာလေးကို"

"မ မလုပ်ပါနဲ့ အစ်ကိုရာ ကျ ကျွန်တော်က အိတ်ပေးဆိုလို့ ပေးလိုက်တာပါ"

"ဘယ်မှာလဲ ပိုက်ဆံ ပေး"

ယွန်းယွန်းက ရှပ်အင်္ကျီအိတ်ထဲက ပိုက်ဆံထုတ်ပေးလိုက်၏။ ထိုလူက ပိုက်ဆံကို ယူလိုက်ရင်း ဘေးဘီကိုလည်း ဝေ့ကြည့်သေးသည်။

"ဟင် နှစ်ထောင်တည်းလား"

"အဲဒါပဲပါတယ်။ တကယ်ပြောတာပါ။ ကျွန်တော် မညာပါဘူး"

"ကဲ တော်ပြီကွာ သူ့အိတ်ပြန်ပေးလိုက်၊ ငါတို့ ထမင်းစားလို့ရတာပဲ"

သူရဲဆိုသူက လှမ်းပြော၍ ယွန်းယွန်းနားက ခွာလိုက်၏။ ထိုသူက အိတ်ကိုပြန်ပေးကာ ဆောင့်ဆောင့် အောင့်အောင့် လိုက်သွား၏။ သူတို့နှစ်ယောက် လမ်းကူးကြဖို့ ထွက်သွားမှန်း ယွန်းယွန်း သိလိုက်သဖြင့်

"ဒီ ဒီမှာ ခဏလေး"





နောက်က ပြေးလိုက်သွားပြီး

"လမ်းကူးမလို့လားဟင်၊ ကျွန်တော့်ကို ခေါ်စမ်းပါ။ ကျွန်တော် ဟိုဘက်ကို မကူးရဲလို့"

အနားပြေးလာသည့် ယွန်းယွန်းကို သူက မျက်မှောင်ကြီးကုတ်၍ ပြန်ကြည့်လိုက်ပြီး

"ဟိတ်ကောင် ရှုပ်ရှုပ်ယှက်ယှက် ပြဿနာလာမရှာနဲ့နော်၊ မင်းထက်မိုက်လို့ ခါးပိုက်နှိုက်လုပ်စားတာ"

"မရှာပါဘူး။ ကျွန်တော် တကယ်မကူးရဲလို့ပါဗျာ။ လိုက်ပါရစေ"

"ပုံစံက ဂျလေဘီ ရုပ်နဲ့"

"ကဲပါကွာ မဟုတ်တာကို ပြဿနာရှာမလုပ်စမ်းပါနဲ့ လာခဲ့"

သူရဲဆိုသူက ယွန်းယွန်းလက်ဖျားလေးကို ဆုပ်ကိုင်လိုက်ကာ လမ်းကို ဖြတ်ကူးလိုက်၏။

ယွန်းယွန်း လက်ဆွဲခံလိုက်ရသဖြင့် တစ်ယောက်တည်း ထူထူပူပူကြီး ဖြစ်သွားခဲ့တာ ဘယ်သူမှ မသိ။

အရွယ်တွေက မတိမ်းမယိမ်းရယ်။

သူရဲဆိုသူက အသားလတ်လတ် နှာတံပေါ်ပေါ်နှင့် အနည်းငယ် ထူ၍ရဲနေသော နှုတ်ခမ်းများကြောင့် ဆံပင်အလယ် ခွဲနှင့်



www.burmeseclassic.com

www.burmeseclasslic.com



သူ့မျက်နှာက အတော်လေးချောချောမောမောရှိသည်။

အရပ်မြင့်၍ ကိုယ့်ဟန်နွဲ့သည်။

ခါးပိုက်နှိုက်ဟု ယွန်းယွန်းမထင်ခဲ့မိတာ အဲဒါကြောင့်ပဲ ဖြစ်၏။ သူဆုပ်ကိုင်ထားသည့် လက်ကို ဆတ်ခနဲ ပြန်ရုန်းမိတော့မလို ဖြစ်သွားပြီးမှ အသာငြိမ်နေလိုက်ရသည်။

သူက ကိုယ့်ကို မိန်းကလေးမှန်း သိတာမဟုတ်။

လမ်းဟိုဘက်ရောက်တော့ သူက လက်ကိုလွှတ်ပေးလိုက်ပြီး ပြုံးစိစိနဲ့ လှည့်ကြည့်၏။

သူဘာကြောင့် ပြုံးမှန်း မသိပေမဲ့ လိမ်ထားသည့် သူမို့ ယွန်းယွန်း မလုံမလဲဖြစ်ကာ မျက်နှာလွှဲပစ်လိုက်မိ၏။

"ကဲ ရပြီလား မင်းဆီက ယူတဲ့ နှစ်ထောင်က တန်ပြီနော် သွားတော့"

ရဲနေသော နှုတ်ခမ်းနှစ်လွှာ နောက်ကွယ်က ညီညာသော သွားတန်းတို့နှင့် တင့်တယ်ကာ သူရယ်နေတာကို ယွန်းယွန်း ငေးခနဲ ကြည့်မိ၏။

နှစ်ယောက်သား လှည့်ထွက်သွားတဲ့နောက်ကို သူမ ရပ်ကြည့် နေမိကာ နေရာမှ တော်တော်နဲ့ မရွေ့မိသေး။

တာပေါက နောက်ကို ဖျတ်ခနဲ လှည့်ကြည့်၍





"ဟ ဘာလေးလဲ"

"ဘာဖြစ်လို့လဲ"

"ငါတို့ကို ရပ်ကြည့်နေတယ်။ ကောင့်ကလေး idiot လေးထင်တယ် ကွ"

"ဟုတ်မယ်မထင်ပါဘူးကွာ။ မင်းကလည်း"

"ဟုတ်ဟုတ် မဟုတ်ဟုတ် နောက်ထပ် တစ်ခုခု ထပ်ပတ် သက်လို့ကတော့ မလွယ်ဘူး။ ထမင်းမစားရတာ နှစ်နပ် ရှိပြီ ဒေါသကထွက်နေတာ"

သူရဲက တာပေါ လက်မောင်းကို ဖျတ်ခနဲ ရိုက်ပစ်လိုက်ကာ။

"မင်းကလည်း သူများဆီက ငွေညှစ်တားသေးတယ်။ ကြိမ်းလား မောင်းလားနဲ့"

"ညှစ်တာက ကြောက်ကြောက်နဲ့ ညှစ်ရတာကွ ခါးပိုက်နှိုက် လုပ်စားရတာ လွယ်တယ်မှတ်လို့လား"

"အခု လွယ်လွယ်ကူကူ ရခဲ့တာပဲ"

"ငွေလေး နှစ်ထောင်တည်း ဘာစားလို့ရမှာလဲ"

"ငွေတွေ အများကြီးဆိုလည်း မင်းခွေးပြေး ပြေးရမှာပဲ"

နှစ်ယောက်သား ရှမ်းခေါက်ဆွဲ ရှမ်းတို့ဟူးဟု ရေးထားသည့် စားသောက်ခန်းလေးထဲကို တံခါးဖွင့် ဝင်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclasslic.com



"မင်းဘာစားမလဲ"

"ရှမ်းတို့ဟူး"

"ငါက ခေါက်ဆွဲစားမယ်၊ ဒီလို တို့ဟူးတစ်ပွဲ ခေါက်ဆွဲ နှစ်ပွဲပေးပါဟော့"

"သုံးပွဲမှာလိုက်ပါကွာ၊ မင်းကုန်ပါတယ်"

"ကုန်တာတော့ ကုန်တာပေါ့ကွ။ ဆေးလိပ်ကွမ်းယာဖိုးလေး တော့ထားပါဦးမယ်။ ဘယ့်နှယ့် ခါးပိုက်နှိုက်ဖို့ မီးကုန်ယမ်းကုန် စွန့်စားလိုက်ပါတယ်။ အရှုံးလိုလို အပေါ်လိုလို ကျွတ်နဲ့ လာတိုးရတယ်လို့။ စွန့်စားရကျိုး မနပ်လိုက်တာ ငွေမ-ဒ:နှစ်ထောင်ထဲ ထဲ ဟင်"

တာပေါ် ခတ်ပူးထဲက ရေနွေးတွေငှဲချရင်း စားပွဲတစ်လုံးဆီ မျက်လုံးရောက်သွားကာ ရေနွေးတွေက ပန်းကန်လုံးထဲ မရောက်တဲ ဘေးကို လွတ်လပ်စွာ သွန်းဖြိုးသွားလေရာ။

"ဟာ အောင်မလေးဗျ"

စားပွဲပေါ်မှာ ဒလဟောပြန့်စီးသော အငွေ့တထောင်းထောင်းနှင့်ရေနွေးများက သူရင်ခွင်တွင်းသို့ နိဝင်လာခြင်းကြောင့် ပေါင်ရင်းနားတစ်ပိုက်မှာ အပူလောင်ကာ ကမန်းကတန်း ခုန်ထလေသည်။





"ဟာ ဟာ ဟာ"

"ခစ် ခစ်"

စားသောက်ခန်းထဲမှာ ရှိသမျှလူတွေ အားမနာစွာ ရယ်ရက်လေခြင်းဟု အပြစ်တင်၍ မရပေ။

သူဖြစ်ပုံက ဇွေ့ဇွေ့ခုန်ကြီး

ထိုအဖြစ်ကို မျက်စောင်းထိုး စားပွဲမှာ ထိုင်နေသည့် ယွန်းယွန်းလည်း လှမ်းမြင်လိုက်သဖြင့် မအောင့်အည်းနိုင်ဘဲ ပြုံးလိုက်မိလေသည်။

"ဟိတ်ကောင် မင်းကဘာကောင်လဲ ဘာပြုံးတာလဲ"

ရှက်ရှက်နှင့် တာပေါက အူကြောင်ကြောင်ကောင်လေးကိုပဲ လှည့်မဲ၏။ ကောင်လေးက ကမန်းကတန်းလေး ခေါင်းခါပြကာ မျက်လွှာငုံ့ချသွားတာကို အားလုံးက သည်းခံသွားရှာသည်ဟု တီးတိုး အမှတ်ပေးကြပြန်သည်။

သူ့မှာသာ ပွကြီးဖြစ်လို့

စားစရာတွေ ရောက်လာတော့ ဆာသည့်စိတ်ကို အာရုံရောက်သွားခဲ့ပေမဲ့ ယွန်းယွန်းကို သူမကျေမနပ် ကြည့်နေဆဲ။

တာပေါ် ဒေါသ ထွက်နေမှန်းသိ၍ သူ့ရဲ့ ပြုံးချင်လက်စကို ထိန်းကာ တို့ဟူးသုတ်ပဲ စားနေလိုက်သည်။



www.burmeseclassic.com

www.burmeseclasslic.com



ဒီကောင်လေး ဆိုင်ထဲထိပါလာတာကိုပဲ မဆီမဆိုင် ဒေါသ ထွက်နေသည့် တာပေါပုံစံက ကြေးရှင်တကောက်ကောက် လိုက်တာကို ကြိတ်မနိုင် ခဲမရဖြစ်နေတဲ့အတိုင်း။

"ဟိတ်ကောင် မင်းက ငါတို့ဆီပို့တဲ့ ခေါက်ဆွဲကို ဘာဖြစ်လို့ ဖြတ်ယူလိုက်တာလဲကွ"

အသံက ခပ်ညြညြ ခပ်ဆောင့်ဆောင့်

အားလုံးခေါင်းထောင် သွားကြပြန်သည်။

နှုတ်ခမ်းမွေးစစနှင့် အဖိုးတန် အဝတ်အစားတွေ ဝတ်ထားသည့် လူတစ်ယောက်က ယွန်းယွန်း စားပွဲကို လူမိုက်ရုပ်အပြည့်နှင့် ကြားကြားရွှားရွှား လျှောက်ထွက်လာ၏။

ယွန်းယွန်း လူကြီးကိုကြည့်ကာ ကြက်သီးများပင် ထသွားမိလေသည်။ ကိုယ့်ဆီဦးတည်လာနေပြီမို့သာ စောစောက စကားဟာ ကိုယ့်ကိုပြောတာပါလားဟု တွေးမိလိုက်သည်။

ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လို့မှန်းပင် မသိခဲ့။

နှုတ်ခမ်းမွေးနှင့်လူက ခြေကိုချဲ ခါးထောက်၍ ယွန်းယွန်း ဘေးမှာရပ်လိုက်၏။

"မင်းက ငါတို့ကို ခပ်ရမ်းရမ်းစိန်ခေါ်လိုက်တာလား ဟိတ်ကောင်"





"ဟင်း မျာ ကျွန်တော် ဘာလုပ်လို့လဲ"

"ဘာလုပ်လို့လဲ ဟုတ်လား တော်ဒါ ငါတို့မှာထားတဲ့ ပွဲကွ"

ယွန်းယွန်း စားလက်စ ပန်းကန်ကို ကိုင်၍ ဒိုင်းခနဲ ဆောင့်ချ ၏က အော်ကြီးဟစ်ကျယ် ပြောလေသည်။

စားသောက်ခန်း တစ်ခန်းလုံး တိတ်ကျသွားလေး

နုငယ်သည့် ကောင်လေးနဲ့ ရင့်မာသည့် ယောကျ်ားကြီး ပွဲက ကြည့်လို့တော့မကောင်းပါ။

ဒါပေမဲ့ မစွက်ဖက်လိုသူတို့နှင့် စောင့်ကြည့်လိုကြသူတွေက ပွဲကို စိတ်ဝင်တစား ကြည့်နေကြ၏။

"ဘယ့်နှယ့် ဒီကောင်လေးကိုချည်း နိုင်နေပါလား"

တချို့က တီးတိုးဆိုကြ၏။

ယွန်းယွန်း ကတော့ တုံ့ပြန်ဖို့ထက် တောင်းပန်ဖို့ကိုသာ ကြိုးစားခဲ့သည်။

"ဗိုတဲ့လူက ဒီကိုလာဖို့လို့ ကျွန်တော် ယူစားလိုက်တာပါ အစ်ကိုရာ။ လုပ်ယူထားတာ မဟုတ်ပါဘူး။ မေးကြည့်ပါ။ ကျွန်တော် တောင်းပန်ပါတယ်"

"မလိုချင်ဘူး မတောင်းပန်နဲ့ မင်းအခု အပြင်ထွက်ခဲ့"

"ဗျာ"

www.burmeseclassic.com

www.burmeseclasslic.com



"ဒီကိစ္စ မင်းနဲ့ငါရှင်းမယ်။ ငါဆိုတဲ့ကောင်က ကြောတာကို နဲ့နဲ့မှ ခံတတ်တဲ့ကောင် မဟုတ်ဘူး။ ထွက်ဆိုထွက်ကွာ အပြင်ကျမှ မလုန့်ရဲရင် ငါ့ကို လူလယ်ကောင်မှာ ဒူးထောက် တောင်းပန်လိုက်"

တမင်သက်သက်ကြီး ရန်စနေတာက အသိသာကြီး ယွန်းယွန်း မျက်နှာလေး ပျက်သွားသည်။

လူတွေ ဝိုင်းကြည့်နေကြသည်မို့ ကိုယ့်ကို မိန်းကလေးမှန်း သွားကြမှာကို စိုးတာက တစ်ကြောင်း။

[illegible]ထွက်ရှာခံနေရတာကို ရှက်မိသည်က တစ်မျိုး သည်းခံခြင်းများထဲမှ ဒေါသစိတ်လေး ဝင်လာခဲ့လေသည်။

"ဟိတ်ကောင် ပြောနေတာကြားလား"

"ဘာဆိုင်လဲဗျ။ ဘာလို့ထွက်ရမှာလဲ။ ကျွန်တော်ခင်ဗျားကို မသိလို့ပါလို့ တောင်းပန်နေတာပဲ ပြီးတော့ သူလာမို့တာ"

"စကားများတယ်ကွာ ဆွဲထုတ်လာခဲ့"

စားပွဲမှာ ထိုင်ကျန်ခဲ့သည့် သူ့အပေါင်း တစ်ယောက်က ပြော၍အပြင်ကို ထထွက်သွားနှင့်၏။

"လာခဲ့ ဟိတ်ကောင် မင်းကို ငါတို့ အနိုင်မကျင့်ဘူး။ မလုန့်ရဲရင် ဒူးထောက်တောင်းပန်ရမယ်။ မင်းကအငယ်





ငါတို့က အကြီး ဒူးထောက်လို့လည်း မင်းဘာမှ ဖြစ်မသွားဘူး"

"ဟာဗျာ ဟိတ်လူကြီး ကျွန်တော့်ကိုလွှတ်"

ယွန်းယွန်းရဲ့ အင်္ကျီပခုံးစကို ဆွဲ၍ ဇွတ်ခေါ်ထုတ်နေသည်။ အင်္ကျီပြုသွားလျှင် အတွင်းခံ အင်္ကျီပခုံးချိတ်ပေါ်လာမှာ စိုးသဖြင့် ယွန်းယွန်း အတင်းမရုန်းရဲဘဲ ဝက်တစ်ကောင်လို ခြေထောက်ကန်ရင်း ပါသွားခဲ့ရလေသည်။

သူ့ရဲက လူကြီးမျက်နှာကို ခပ်စွေစွေ လှမ်းကြည့်ကာ အနားရောက်လာသည်နှင့် ဖျတ်ခနဲ ခြေထိုးခံလိုက်ရာ

"ဟာ"

"ဒုန်း"

နှုတ်ခမ်းမွှေးကြီး ဟပ်ထိုးလဲသွားကာ စားပွဲစွန်းတစ်ခုနဲ့ နဖူးဆောင့်မိသွားလေသည်။

အစကတည်းက မူးနေခဲ့တာမို့ ယိုင်သွားသည်နှင့် ကိုယ်ကို မထိန်းနိုင် နဖူးကွဲကာ သွေးတွေဖြာခနဲ ဆင်းကျလာ၏။

ယွန်းယွန်းက ထိုလူကြီးလက်က လွတ်သွားသည်နှင့် သူ့ရဲ တို့နှစ်ယောက်နောက်ကို ပြေးဝင်ကပ်လိုက်၏။

ယောက်ျားလို ဝတ်ဆင်ထားတာကို မေ့သွား၏။



www.burmeseclassic.com

www.burmeseclasslic.com



လူကြောက်ကလေးဟု လူတွေပြုံးစိစိ ကြည့်ကြတာကိုလည်း ဂရုမစိုက်နိုင်။

နီးစပ်သည့် စားပွဲကလူတွေထသူထ ရှောင်သူရှောင် ဖြစ်ကုန်ကြ၏။ နှုတ်ခမ်းမွေးက နဖူးကို လက်နှင့်အုပ်၍ သူ့ရဲ့ ဘက်ကို လှည့်လာသည်။

သို့သော် သူဘာမှမပြောဆို မလှုပ်ရှားရသေးမီ သူ့ရဲက ထိုင်သည့် ကုလားထိုင်နဲ့ လွှဲရိုက်ပစ်လိုက်သဖြင့် သေလုမျောပါး ရှောင်လိုက်ရပြန်သည်။

"ကဲဟာ မလောက်လေး မလောက်စားလေးတွေက"

အပြင်ထွက်သွားသည့် ခပ်ဖိုင့်ဖိုင့် လူကပါ ပြန်ဝင်လာတော့ တာပေါ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

နှစ်ယောက်နဲ့တစ်ယောက် ဖြစ်လာလျှင်မလွယ်။

သူကလည်း ဘာမှကူညီနိုင်မှာမဟုတ်ပေ။ မကူညီနိုင်ဆို သူက လက်မြှောက်ခြေမြှောက်ပင် တတ်တဲ့သူမဟုတ်။

လူကြီးက ပုလင်းတစ်လုံးဆွဲ၍ ရပ်နေသည့်နေရာမှ သူ့ရဲထံသို့ လွှဲပစ် လိုက်လေသည်။

"ဟာ သူ့ရဲ ပစ်ပြီ"

"ဟယ်"





"အိုး"

လူတွေ ဝရုန်းသုန်းကား ဖြစ်ကုန်၏။

ရှေ့ကိုမဲနေသည့် သူ့ရဲ ပုလင်းကို ရှောင်ဖို့တယ်လိုမှ လှုပ်ရှားခွင်မသာတော့ပေ။

ထိုစဉ် ယွန်းယွန်း လက်တစ်ဖက် လှုပ်ရှားသွား၍ အချိုပန်းကန်လုံးတစ်လုံး ပုလင်းလာသည့် လမ်းကြောင်းဆီ ဖြတ်ပြေးဝင်လာ၏။

ပန်းကန်လုံးနှင့်ပုလင်း ထိခတ်သံက နားမခံသာအောင် ကျယ်လောင်ကာ ပုလင်းက သူ့ရဲရဲ့ နောက်စေ့နှင့် တစ်တောင်သာသာခန့် အကွာမှာ ကွဲကြေစင်ထွက်သွားလေသည်။

"လုံတယ်ကွာ လက်ကတော့ ကွက်တိပဲ"

ကြည့်တဲ့သူက ချောင်ကပ် ရပ်ကြည့်နေဆဲ

ယွန်းယွန်းကို ကြည့်၍ အားပါးတရ ချီးမွမ်းကြ၏။

နှစ်ယောက်နဲ့တစ်ယောက် ရင်ဆိုင်မိကြတော့ သူ့ရဲက နောက်ကို လှမ်းကန်သလို ရှေ့ကိုလက်ပြန်ပင့်ရိုက်လိုက်၏။

ယွန်းယွန်းကြည့်နေတုန်း သွေးတွေ ဆူပွက်လာကာ တုတ်ခိုင်သည့် လူကြီးရဲ့ နောက်ကျောကို ဖျတ်ခနဲ ကျောချင်းပြေးကပ်၍ တံတောင်နဲ့ နောက်ပြန်ဆောင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclasslic.com



ထို့နောက် နောက်စေက ဆံပင်ကို ဆောင့်ဆွဲချလိုက်၏။

လူကြီး နံကြားမှာအောင့်ခနဲဖြစ်ကာ မျက်နှာကြီး နောက်ကို လန်ကျလာ၏။

ရှေ့က သူ့ရဲ၏ လက်သီးချက်က ထပ်ဆင့်ဝင်လာပြန်ရာ ပြန်လည် ကုန်းကျသွားလျက် ဒူးထောက်ကျသွားလေသည်။

ဆိုင်ထဲမှာ အားလုံးပြုံလဲကွဲရှ၍ မြင်မကောင်းအောင် ပျက်စီး ကုန်လေသည်။

ပွဲက ပို၍ကြမ်းလာ၏။

ရှေ့က နှုတ်ခမ်းမွှေးက ဓားထုတ်လိုက်သောအခါ

"ဟာ ဟိုမှာရဲတွေတွ ဟ"

"ရဲတွေလာပြီ"

"သူရဲ ပြေး ပြေးမယ်"

တာပေါက သူ့ရဲလက်ကို လှမ်းဆွဲသည်။

သူရဲက ယွန်းယွန်းကိုလှမ်း၍ မေးသတ်ကာ ဆိုင်နောက်ဖေး ဘက်ကိုတန်း၍ပြေးကြသည်။

"ဟ ဟိုမှာပြေးကုန်ပြီ လိုက် လိုက်"

လူကြီး နှစ်ယောက် ဒဏ်ရာများနဲ့ မီလိုက်ကြ သော်လည်း နောက်ဖေးရေမြောင်း အကြိုအကြားထဲထိ ခုန်ဆင်း ထွက်ပြေး





ကြသော သုံးယောက်ကိုတော့ ရဲတွေ လိုက်မမီကြတော့ပေ။ ပြေးလိုက် ကြသည့် သုံးယောက်ကတော့ မနားတမ်း။

နောက်ကျခြေထောက် သစ္စာဖောက်ဟူ။

♥♥♥♥♥

www.burmeseclassic.com

www.burmeseclasslic.com



## အခန်း (၅)

**ဝှီး မောလိုက်တာ** ရှိုးထဲမှပဲ သူတောင်းစားလေး"

"ဟိတ်ကောင် ဘာဖြစ်လို့ ဒီလောက်ဆဲရတာလဲ"

"ဆဲမှာပေါ့ကွ သူကြောင့်ဖြစ်တာပဲ မင်းတို့က မနေတတ် မထိုင်တတ်၊ သူ့ဟာသူ ဘယ်အဝီစိပဲသွားသွား မင်းနဲ့ ဘာဆိုင်လဲ"

ပန်းခြံတစ်ခြံ၏ ခြံစည်းရိုးဘေးရိပ်မှာ ပစ်စလက်ခတ် ထိုင်ချလိုက်ရင်း မကျေနပ်သည့် တာပေါက ယွန်းယွန်းကိုပဲ အပြစ်တင် ဒေါသကြီးနေသည်။

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclasslic.com



ယွန်းယွန်းက သူတို့နဲ့ ခပ်လှမ်းလှမ်းကလေးမှာထိုင်ရင်း မျက်နှာလေး ငယ်နေရှာသည်။

"ကြည့်ပါလား· လူပုံက မသိသလို မတတ်သလိုနဲ့ ဒီကောင် တမင် အူကြောင်ကြား လုပ်နေတာ ဂျူဒိုတတ် လိုက်တာမှ မှတ်နေတာပဲ။ နေပါဦး မင်းက ဘာရည်ရွယ် ချက်နဲ့ ငါတို့နောက်ကို လျှောက်လိုက်နေတာလဲ။ ငွေနှစ်ထောင် ယူသွားတာကို မကျေနပ်လို့လား"

"မဟုတ်ပါဘူးဗျာ"

"ဒါဆို မင်းက စုံထောက်တစ်ယောက်လား။ စုံထောက်ဆို လည်း ခုမှ ခါးပိုက်နှိုက်ဖို့ကြိုးစားပမ်းစား အားယူနေဆဲ ငါတို့လို ကလေကချေကောင်တွေနောက်ကို ခြေညောင်း ခံပြီး လိုက်မနေနဲ့"

ယွန်းယွန်း ကိုယ့်ကိုယ်ကိုယ် ဘယ်လိုရှင်းပြရမှန်း မသိတော့ သည်မို့ တာပေါမျက်နှာကိုသာ တောင်းပန်သလို ငေးကြည့် နေမိ တော့သည်။

ဒီယောကျ်ားနှစ်ယောက်ဟာ လူဆိုးလူညစ်တွေ မဟုတ်နိုင် ဘူးဆိုတာကိုတော့ သက်သေမလိုဘဲ သူမယုံကြည်နေမိသည်။

ထို့ပြင် မတရားတာတွေ့လျှင်လည်း လက်ပိုက်ကြည့်မနေ





တတ်သည့် စိတ်ရင်းကောင်းလေးလည်း ရှိနေလိမ့်မည်။

သူမထံမှာ ခါးပိုက်နှိုက်ခဲ့တာကတော့ ငါဝမ်းမှုဆာ မနေသာ တဲ့အပိုင်းဟု သတ်မှတ်လိုက်၏။

"ဟေ့ မေးနေတာမကြားဘူးလား။ မင်းကဘာကောင်လဲ"

"ဘာကောင်မှ မဟုတ်ပါဘူး"

"မဟုတ်ရင် အခု မင်းကြောင့် ငါတို့ ဒုက္ခများခဲ့ပြီမြင်တယ် မဟုတ်လား။ ထမင်းတော်လွန်းလို့ ခါးပိုက်နှိုက်ပြီး ခေါက်ဆွဲ လေးဝင်စားပါတယ်။ မျိုတောင်မှချရသေးဘူး၊ ခွေးပြေး ပြေးလိုက်ရတာ ခွေးကိုထွက်ရော။ မင်းနှစ်ထောင်နဲ့ မတန် တော့ဘူး။ အဲဒီတော့ အခုကစပြီး ကြွချင်ရာကို ကြွပေ တော့"

ယွန်းယွန်းက သူရဲကို လှမ်းကြည့်သည်။

"ကဲဟာ မင်းက သူရဲကို ဘာကြည့်တာလဲ။ ငါနဲ့သူနဲ့ တစ်သဘောတည်းပဲ မင်းကို လုံးဝ လက်မခံဘူး သွား တော့"

သူရဲက ဆံပင်ကို တစ်ချက်ခါပစ်လိုက်၍ ယွန်းယွန်းကို ကြည့်သည်။

"မင်းက ဘယ်ကလဲ ဘယ်သွားမလို့လဲ၊ ရန်ကုန်က မဟုတ်

www.burmeseclassic.com

www.burmeseclasslic.com



ဘူးလား"

"ဘာလို့မဟုတ်ရမှာလဲ၊ ဒီပုံစံလား မအူမလည် တောသား ဖြစ်မှာ၊ နုနုဖတ်ဖတ် ပျော့စိစိနဲ့ လက်ကြောမတင်းတဲ့ ရုပ်ကြီး အလကား သူများအားကိုးချင်တာ"

"မင်း အသာနေစမ်းပါ"

"နေလို့ရမလား။ မင်းက မဟာ ကရုဏာတော်ရှင်ကြီး မေတ္တာ ဝော်ပြုံးဖိဘ်ကုန်ရင် ဘယ်လိုလုပ်မလဲ"

တာပေါက ဖွတ်တရွတ်ကြီး ခွဲထုတ်ပစ်နေတော့သည်။

"မင်းဘယ်ကို သွားမလို့လဲ"

"ကျွန်တော်က တောပိုင်းကပါ"

"လုပ်ပြီ ဒီရုပ်ကလား တောသား"

တာပေါ မဲ့ရွဲ့နေ၏။

"တကယ်ပါ။ ကျွန်တော်တို့နေတဲ့ နေရာမှာ ဘာအိမ်ခြေမှ မရှိဘူး"

"ဘာလဲ လယ်ကွင်းထဲမှာ တဲထိုးနေတာလား"

"လယ်ကွင်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့"

"တော်စမ်းပါကွာ မင်းရုပ် မင်းအသားအရည်က တောကြို အုံကြား လူသူမနီးတဲ့ တောကြီးထဲမှာ ကြီးပြင်းတဲ့ ပုံရှိ



လို့လား။ ယုတ္တိရှိအောင် ဖြီးစမ်းပါ"

"ယွန်းယွန်း အမှန်တကယ်ပြောနေတာပါ"

ဒါပေမဲ့ တောကြိုအုံကြားလည်း မဟုတ်၊ တောကြီးမျက်မည်း လည်းမဟုတ်ဘဲ မြို့စွန်အဖျား လူသူကင်းမဲ့တဲ့ ကုန်းမြင့်ထီးထီးမှာ 'နှင်းငွေ့' စံအိမ်ကြီးရှိနေတာကတော့ အမှန်ပဲ ဖြစ်လေသည်။

တကယ်အမှန်ကို ပြောပြသော်လည်း အဓိပ္ပာယ်မပြည့်စုံသည့် ဝါကျမို့ အမှတ်ပေးမည့် ဆရာကမရှိ။

သို့သော် သူရဲကတော့ မျက်မှောင်ကုတ်၍ အလေးအနက် တွေးနေလျက်

"မင်းအိမ်က ထွက်ပြေးလာတာလား"

"ဟုတ် ဟုတ်တယ်"

ထိုအဖြေက အနီးစပ်ဆုံး အမှန်ကန်ဆုံးမို့ သူခေါင်းညိတ် လိုက်၏။

"ရန်ကုန်မြို့ပေါ်ကပဲ မဟုတ်လား"

"မဟုတ်ဘူး"

"ဒီမှာ ဆွေမျိုးမရှိဘူးလား"

"ဘယ်သူမှ မရှိဘူး"

"မရှိလည်း တည်းခိုခန်းတွေ ပေါလွန်းလို့"



www.burmeseclassic.com

www.burmeseclasslic.com



"မင်း တိတ်တိတ်နေစမ်းပါကွာ။ သူမှာပါတာ မင်းယူသုံးလိုက်ပြီ မဟုတ်လား"

"ငွေနှစ်ထောင်တည်းများကွာ။ သူ့မှာရှိသေးလို့ ဆိုင်ထဲလိုက်ဝင်လာတာပေါ့။ ကြံဖန်သနားဖို့ ကြိုးစားမနေစမ်းပါနဲ့"

သူတို့ချင်း စကားနိုင်လုနေတာနဲ့ပဲ မပြီးနိုင်။

"ဘာပဲဖြစ်ဖြစ် သူနဲ့ငါတို့က ပတ်သက်ခဲ့ပြီပဲ၊ ကိုယ်တိုင်တောင် ဒုက္ခရောက်နေလို့ ထမင်းဝေတ်ခဲ့ပြီးပြီ။ ဘဝတူချင်းပဲ မင်း မစာနာဘူးလား"

"စာနာရင ဘာင် မင်းကဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

"နေစရာမရှိရင် ခေါ်သွားမှာပေါ့"

"ဘာ"

"ရန်ကုန်မှာ နေစရာ မရှိရင် ယောကျ်ားလေးတစ်ယောက်အတွက် ဘယ်လောက်အန္တရာယ်များသလဲ မင်းသိသားနဲ့"

"မိန်းကလေးလောက်တော့ မများဘူးလား"

"မင်းက မိန်းမ မို့လို့လား"

"သိဘူးလေ မင်းက ယောကျ်ားလေးပဲ များတာဆို"

"မိန်းကလေးက ခုလို ဆွေမရှိ မျိုးမရှိနဲ့ ရန်ကုန်မြို့ကြီးကို





တစ်ယောက်တည်း လာမလားကွ။ မင်းပေရှည်မနေစမ်းပါနဲ့"

သူတို့ပြောနေသည့် စကားများကြောင့် ယွန်းယွန်း မျက်နှာထားရခက်သွား၏။

"မင်းသွားစရာ မရှိဘူးဆိုရင် ငါတို့နဲ့လိုက်နေမလား"

"ဘယ်ကိုလဲဟင်"

"အံမာ မေးပုံက အခြောက်သံနဲ့"

"ငါတို့နှစ်ယောက်က ဆင်းရဲသားရပ်ကွက်မှာ အိမ်စုတ်လေးတစ်လုံးငှားနေတယ်။ သူကောင်ပါရော ပဲခူးသားတွေပဲ၊ မင်းနဲ့ဘဝတူပေါ့။ ငါကအိမ်ပြေး သူကအဖော်"

သူရဲက မချိမချဉ်မျက်နှာနှင့်

"ရန်ကုန်ရောက်နေတာကြာပြီကွ၊ အလုပ်တွေဝင်လုပ်တော့လည်း အဆင်မပြေပါဘူး"

"မနေ့ကမှ အချုပ်ထဲက ထွက်လာကြတာလည်း ပြောဦးလေ။ ထမင်းမစားရတာက နှစ်နပ်"

တာပေါက် ဝင်ငေါ့သည်။

"အချုပ်ထဲရောက်တယ် ဟုတ်လား။ ဘာဖြစ်လို့လဲဟင်၊ ခါးပိုက်နှိုက်တာလား"



www.burmeseclassic.com

www.burmeseclasslic.com



"ဘယ်ကလာ လူက လက်သီးလောက်၊ စိတ်က ငါ့ခေါင်း လောက်ဆိုတာ သူလေ ကြည့်တော့ မချိုမချဉ် မထိတရိ နဲ့ ထစ်ခနဲဆို လက်ကပါပြီ၊ ခုလို အမြင်မတော်ရင် ဝင်ပါ တတ်တာပေါ့၊ ကံကောင်းလို့ ထောင်မကျတာ"

သူရဲကလည်း သေချာပြောချင်ပုံ မရသဖြင့် ယွန်းယွန်း ထိုကိစ္စကို မမေးဘဲ နေလိုက်ပါ၏။

"ကဲ သွားမယ်ကွာ၊ ဟိုကောင်က လိုက်မှာလား မလိုက်ချင် နေခဲ့ ငါတို့သွားမယ်"

မစားရမဲ့ အတူတူ ကြမ်းပေါ်ပြန်မှောက်ပြီး အိပ်တာပဲ ကောင်းတယ်။

တာပေါက ပြောပြောဆိုဆို နေရာမှ ထရပ်လိုက်၏။

ယွန်းယွန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူမ အားကိုးမဲ့နေတာ မှန်ပေမဲ့ ဤယောက်ျားနှစ်ယောက် တည်းနေသည့် အိမ်ကိုလိုက်သွားလို့ ဖြစ်ပါ့မလား။ မလိုက်လျှင်ကော သူမ ဘယ်ကို ခရီးဆက်မလဲ။

သူရဲပါ ထရပ်လိုက်တော့ ယွန်းယွန်း ကပျာကယာ လိုက်ထ ကာ

"ကျွန်တော်ပါ လိုက်မယ်"



"အင်း အင်း ကျေးဇူးတင်ရဦးမယ်"

"တကယ်ကျေးဇူးတင်ရဖို့ ရှိသေးတယ်ဗျ"

ယွန်းယွန်းက ဆုံးဖြတ်ချက် ချလိုက်ပြီးပြီမို့ ပေါ့ပါးစွာ ပြုံး သည်။

"ဘာလဲ ငါတို့နဲ့ လိုက်ကပ်နေမယ့် ကိစ္စကို ဘာကို ကျေးဇူး တင်ရမှာလဲ"

"ခင်ဗျားတို့ကို ကျွန်တော် ထမင်းကျွေးမယ်"

"ဟော"

တာပေါ မျက်နှာ ချက်ချင်းပြောင်းလဲသွားလေသည်။

"မင်း တကယ်လား"

"တကယ်ကျွေးမှာ ကြိုက်တဲ့ဆိုင်ကိုသွား အဝကျွေးမယ်"

"အိုကေ ဒါဆို တကယ်ကျေးဇူးတင်ထိုက်တာပေါ့၊ စောစော ကပြောရောပေါ့ကွာ။ ဒေါသတွေထွက်လိုက်ရတာ အားနာ စရာ ဟီးဟီး"

"ခွေးသူခိုး"

သူရဲက တာပေါ ပခုံးကို ဆောင့်တွန်းပစ်လိုက်၍ ရယ်၏။ သုံးယောက်သား ခရီးဆက်ခဲ့ကြသည်က ထမင်းဆိုင်သို့။

♛♛♛♛♛

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclasslic.com



## အခန်း (၆)

### ဟင်း ဒီအိမ်လား

ထရံ မျက်နှာစာ အောက်ခြေတွေပင် စုတ်ပြဲကာ အိမ်လုံးက ယိုင်နေပြီ။ ရေ့လှေကားထရစ်သုံးထစ်က အပေါ်ဆုံးတစ်ထစ်သာ တောင့်တောင့်တင်းတင်း ကျန်တော့တာမို့ အပေါ်ရောက်ဖို့ သိုင်းကွက်နင်းတက်ရမှာက သေချာနေသည်။

မော့ကြည့်တော့ ခေါင်မိုးတချို့က လူတစ်ကိုယ်စာ ဖောက်ထွက်ထားသလား ထင်ရလောက်သည့် အပေါက်ကြီး တစ်ပေါက်နဲ့ အပေါက်ငယ်လေးတွေ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclasslic.com



ဤမျှ စိတ်ပြတ်သည့်အိမ်ပတ်ဝန်းကျင်နေရာမျိုး ယွန်းယွန်း တစ်ကြိမ်တစ်ခါ ဘယ်ဆီမှာမှ မမြင်ခဲ့ဖူးပေ။

ဒီလမ်းထဲ ချိုးဝင်လာကတည်းက အမြဲတမ်းစိုစွတ်နေပုံ ရသည့် မြေပြင်က အမှိုက်သရိုက်တွေ ရွှံ့ဗွက်တွေနှင့် အုတ်ခဲကျိုး လေးတွေ ဟိုတစ်စ ဒီတစ်စ ချထားပေမဲ့ ခြေဖျားထောက်မိရုံ သာမို့ ဖိနပ်ထဲမှ ရွှံ့တွေဝင်လိုဝင်။

အသားဖြူသလားမည်းသလား ခွဲရခက်လောက်အောင် ခြေထောက်တွေ၊ လက်တွေမှာ ချေးအထပ်ထပ်။ အကျီရင်ဘတ် မှာ အရောင်မသိနိုင်တော့သည့်အထိ ညစ်ပေထူကာ ဆော့ကစား ပြေးလွှားနေကြသည့်ကလေးတွေက လူလားလို့မှရှောင်ရမှန်းမသိ။

အိမ်ရှေ့ရောက်လာတော့ ယွန်းယွန်း မျက်လုံးပြူးသွားမိ လေသည်။

တာပေါက တစ်ထစ်တည်းသော လှေကားကို လှမ်းခနဲ တက်ကာ ကြိုးနဲ့ဆွဲချည်ထားခဲ့သည့် ခပ်မာမာ ထရံတံခါးနှစ်ချပ် ကို ကြိုးပြည်ဖွင့်လိုက်၏။

"ဒီအိမ်လားလို့မမေးနဲ့ ကိုယ်လူ၊ အမြင်သာစုတ်တာ"

"အပေါ်မှာ ကောင်းတာပေါ့နော်"

"ကြားပေါက်ကျွံကျမယ်၊ ဖြည်းဖြည်းတက်လို့ပြောမလို့"



သူရဲက အသံထွက်အောင်ရယ်၍ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည့် ယွန်းယွန်းနားကနေ ကျော်တက်သွားလေသည်။

"ဪ သူဌေးသားကွ။ ခုနလိုက်ပြတာ တစ်ယောက်က မိန်းမမလိုချင်လို့ ပြေးလာသတဲ့။ အတူနေတော့ အခြောက် နဲ့"

"ကိုတာပေါက်လည်း လူကို အခြောက် အခြောက်နဲ့ မခေါ်ပါနဲ့ဗျ"

"အံမာ မင်းကမဟုတ်လို့လား။ ပြောတော့သာမကြိုက်တာ ခုထိ မင်းအိမ်ပေါ်ကို မတက်နိုင်သေးဘူး မဟုတ်လား"

"ဘာဖြစ်လို့ မတက်နိုင်ရမှာလဲ ကဲ တက်တယ်"

ယွန်းယွန်း မခံချင်စိတ်လေးနှင့် မဆင်မခြင်တက်ပစ်လိုက် သည်။

သို့သော် သူမခြေချဖို့ရာ ဝါးကြမ်းခင်းက ဖရိုဖရဲ ဖြစ်သည်တွင် "အမေ့"

ခြေကျုံကာ နိမ့်ခနဲ ဖြစ်သွားသည်နှင့် သူရဲကို ကြောက်အား လန့်အား လှမ်းဆွဲလိုက်မိလေသည်။

သူရဲကလည်း သူမ ကျသွားမည်စိုးကာ ဖမ်းဆွဲလိုက်သည် နှင့် ရောကာ နှစ်ယောက်လုံး ဂုန်းခနဲ ပစ်လဲသွားလေသည်။



www.burmeseclassic.com

www.burmeseclasslic.com



"ဟာ ဟာ ဟာ ဟာ"

တာပေါခွက်ထိုးခွက်လန် ရယ်မောလျက် လက်ညှိုးထိုး ဗိုက်နှိပ်လိုက်၏။

"ဟား ဟား ဟား ဟား ဖြစ်ရလေကွာ၊ အခြောက် တော့မကြိုက်ဘူး။ ပါးစပ်က ယောင်လိုက်တာ 'အ တဲ့။ ဟား ဟား ဟား ကောင်းတယ်။ သူ့ရဲကိုပါ အ ခေါ်သေးတယ်၊ ဟိုကောင်ခွေးကျ ကျတာ နည်းသေးတ ကြမ်းပေါ်မတင်ဘဲ အောက်ကို ဒါရိုက်ကျမှ ပိုကြ ကောင်းမှာကွ၊ အရှင်လတ်လတ် အတွဲလိုက်ကြီး မြေ သလိုဖလ ဟား ဟား"

ယွန်းယွန်း ဒေါသမထွက်နိုင်သေးပေ။

သူ့ရဲနှင့် ထပ်လျက်သားကြီး ကိုယ်က ကြမ်းပေါ်မှာပက်လ ရှက်လည်းရှက် သူ့ရင်ခွင်ထဲကနေလည်း ချက်ချင်း ရုန်းမ နိုင်တဲ့အဖြစ်ဟာ ဘယ်သူမှ မသိဘဲ မိန်းကလေး ဖြစ်နေရသ ဒုက္ခ။

"အား ကျွတ် ကျွတ်"

သူ့ရဲ ထနိုင်သွားနိုင်တဲ့အထိ ယွန်းယွန်းထလို့ မရသေ ဝါးဟဲမှာ ပျက်နေ၍ အားယူကြည့်လို့မရ။





"နာသွားလား လာ ထလေ"

သူ့ရဲက ပြန်ဆွဲထူရသည်။

ယွန်းယွန်း မျက်နှာလေး ရှုံ့မဲ့နေတာကို တာပေါက ရယ်လျက် ကြည့်၏။

"ကောင်းတယ်ကွာ တကယ် တကယ်၊ မိန်းမယူရမှာစိုးလို့ ပြေးလာတဲ့ကောင်က အခြောက်လေးကိုတော့ သူ့ညီးစား ကျနေတာပဲ။ မြင်ကတည်းကိုက သံယောဇဉ် အကြင်နာ မေတ္တာတွေ တရဟောကြီးဖြစ်နေတာ အင်း မြင်ယောင် သေးတယ်"

"ဘာမြင်ယောင်တာလဲ ခွေးကောင် သူများကိုလဲ ရယ်ရမယ် ဆို အားနာရမှန်းမသိဘူး"

"ငါပြောတာ ခုထိ မှန်နေသေးတယ် ဆိုတာကော မင်းဝန်မခံ လို့ရလား"

"မင်းကောင်ကို မင်းပြန်ကြည့် ထဘီဝတ်ဖို့ပဲ လိုတော့တာ ရုပ်က မိန်းမချောချောသေးတယ်။ ကြောက်ကကြောက် တတ်သေးတယ်။ ပျော့စိစိ နုဖတ်ဖတ်"

"ကိုတာပေါနော် ကျွန်တော် စိတ်ဆိုးလာပြီ"

"ဟုတ်လား အမလေး မဆိုးလိုက်ပါနဲ့ ဒီတစ်ခါဆို အိမ်



www.burmeseclassic.com

www.burmeseclasslic.com



ပါပြီလိမ့်မယ်။ ကိုမောင်မောင်ရယ် ကျေးဇူးရှင်လေးရဲ့"

♛♛♛♛♛





## အခန်း (၇)

**အိမ်ပေါ်မှာလည်း** ဝါးကြမ်းခင်းက အကွပ်မဲ့တဲ့ နေရာတွေ ရှိလျက် ဖရိုဖရဲ နီးချောဖျာလေးနှစ်ချပ်က အခန်းပုံစံ ထရံတစ်ချပ်ကာ ထားသည့် အတွင်းခန်းထဲမှာ တစ်ချပ်သာရှိပြီး ဘုရားမရှိသော အိမ်ရှေ့ခန်းမှာ တစ်ချပ်။

အတွင်းခန်းက ဖျာပေါ်မှာတော့ သင်ဖျူးတစ်ချပ်ရှိနေကာ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်ကအစ အသစ်စက်စက် တောက် တောက် ပြောင်ပြောင်ပဲ ဖြစ်သည်။

အိမ်ရှေ့ခန်းမှာ ဘာမှမရှိ။



www.burmeseclassic.com

www.burmeseclasslic.com



နောက်ဖေး မီးဖိုချောင်က အလဲလဲ အပြိုပြိုနှင့် မီး
ဘယ်ရှာရမှန်း မသိပေ။

"မင်းက ဘာလိုက်ကြည့်နေတာလဲ၊ ရှမ်းနွား ကြည့်တာ
နေတာပဲ"

"မဟုတ်ပါဘူး။ ခင်ဗျားတို့ ဘယ်မှာချက်ပြုတ်စားသလဲလို့
လိုက်ကြည့်တာ။ အိပ်တော့ ဟိုအခန်းထဲမှာ အတူတူလား"

"ဟုတ်တယ်။ မအိပ်လို့ မရဘူး။ ဒီပုဂ္ဂိုလ်လေးက သိပ်ပေါ
တင်ချင်တာ။ ဖက်တုံးခွစရာ မရှိတော့။ ငါက အခွခံရတာ
ပေါ့။ အခုတော့ အဆင်ပြေပြီ. မင်း သူနဲ့ အတူအိပ်
ငါက အပြင်ထွက် အိပ်တော့မယ်"

"ဗျာ"

ယွန်းယွန်း ကြက်သီးမွေးညှင်းများပင် ထသွားလေသည်။

"အဲဒါမှ ပြဿနာပဲဗျာ"

"ဘာဖြစ်လို့လဲ"

"ကျ ကျွန်တော်ကလည်း လူချင်း အသားထိရင် လုံး
မအိပ်တတ်ဘူးဗျ"

"မင်းက လူချင်းမထိချင်တော့ ဘာနဲ့ထိချင်လို့လဲ"

"ဟာဗျာ နှစ်ယောက်မအိပ်တတ်တာကို ပြောတာ"





"ကြီးကျယ်လိုက်တာ၊ ဒါဆို မင်း တစ်သက်လုံး မိန်းမ
မယူတော့ဘူးလား"

"ယူမှာပေါ့ဗျ ဟိုဟာက မိန်းမပဲ။ အခုရသေးတာမှ မဟုတ်
ဘဲ"

"လွယ်ပါတယ်၊ မိန်းမလို့ သဘောထားပြီး မင်းတို့
နှစ်ယောက် ပူးပေါင်းလိုက်ပါကွာ အဆင်ပြေပါတယ်"

ဘယ်ဘက်ကမှ မလွတ်သဖြင့် ယွန်းယွန်း ချွေးပြန်ချင်
လာ၏။ ဒီအချိန်မှာ တာပေါ မျက်နှာလောက် မှန်းစရာ ကောင်းတာ
မရှိ။

သူရဲကတော့ ဘာမှ ဝင်မပြောဘဲ ထမင်းဆိုင်က ယူလာ
သည့် သတင်းစာ အဟောင်းတစ်စောင်ကို ဟိုလှန် ဒီလှန် ကြည့်နေ
၏။

"သူရဲ"

"ဘာလဲ"

"ငါတို့ ဘာလုပ်ကြမလဲ"

"မင်းပဲ ခါးပိုက်နှိုက်စားမလို့ဆို"

"အေးလေ ထစ်ခနဲဆို မင်းက ထိုးမယ် တိုက်မယ် လုပ်တတ်
လွန်းတော့ ဒီအလုပ်နဲ့ပဲ တော်တာကိုး။ ဒါပေမဲ့ ငါ့အမြင်မှာ



www.burmeseclassic.com

www.burmeseclasslic.com



ရသွားပြီ၊ ဒီအလုပ်လုပ်ရင် ငါပဲ ပင်ပန်းမှာ မင်းက ပွဲကြည့်ပရိသတ် လုပ်နေမှာ ငါသိတယ်လေ။ တစ်ပြေး တည်း ပြေးနေမှာလဲ သေချာတယ် အလုပ်တစ်ခု အမြန် ရှာမှ ဖြစ်မယ်ကွ''

''ဘာအလုပ်လဲ၊ ကျွန်တော်ပါ လုပ်မှာနော်''

''အမလေး အသာနေစမ်းပါ၊ ဒီမှာတောင် အဲဝေမတည့်ရတဲ့ အထဲ''

''ဒါနဲ့ ကျွန်တော့်နာမည် မောင်မောင်ဆိုတာကို ပြောပြီးပြီ။ ကိုတာပေါတို့ နာမည်တွေက ဒါပဲလား''

တာပေါက ဖျာပေါ်မှာ တုံးလုံးလှဲအိပ်လိုက်ပြီး

''ငါက တာပေါ၊ အိမ်ကတော့ ချိုကြီးလို့ခေါ်တယ်။ မျက်နှာ ချိုလို့တဲ့''

''သူတို့ထင်လို့ပါဗျာ၊ မျက်နှာချိုတာနဲ့ ပြောင်တာ မတူပါဘူး''

''အံမာ မင်းက ငါ့ကို မျက်နှာပြောင်တယ်လို့ ပြောလိုက် တာပေါ့''

တာပေါ ရှုံးရှုံးရှဲ့ရှဲ့ ဖြစ်သွားလေသည်။

''မဟုတ်ပါဘူး။ ကျွန်တော်ပြောတဲ့ ပြောင်တယ်ဆိုတာက ခင်ဗျားက ခပ်ပျော်ပျော်နေတတ်တဲ့ လူပြောင်တစ်ယောက်





လို့ ဟဲ ဟဲ''

''ဘာ ဟဲ ဟဲ လဲ''

''ဟား ဟာ ဟာ''

ယွန်းယွန်းဖက်လေး ပုသွားတော့ သတင်းစာ ငုံဖတ်နေ သည့် ထင်ရသည့် သူရဲထံမှ ရယ်သံထွက်လာလေသည်။

တာပေါက မှုံကုတ်ကုတ်ကြီး ကြည့်၍

''မင်းနော် ပျော့ပျော့နဲ့ မနဲ့ဖဲ့၊ အခြောက်ကနေ ကြောင်ချေး ဖြစ်သွားဦးမယ်''

ရင်းနှီးလာကြတော့ သူတို့စိတ်ရင်းကောင်းတာကိုလည်း သိသွားကာ တာပေါကို ယွန်းယွန်း နားလည်လာ၏။

သူဘာပြောပြော ခွင့်လွှတ်တတ်လာ၍ ဂရုမစိုက်ဘဲ သူရဲ ကိုသာ လှည့်ကြည့်၍

''ကိုရဲက နာမည်တစ်မျိုးပဲနော်၊ သူရဲတဲ့လား''

ဒါလည်း သူရဲမဖြေရသေးဘဲ

''မဟုတ်ဘူးဟေ့၊ နာမည်က သူရဲကောင်း။ သူငယ်ချင်း တွေက သူရဲရင် ငါကောင်းမယ်လို့ စကြလွန်းလို့ သူ့ကို သူရဲကောင်း ခေါ်ရင်ကို မကြိုက်တာ''

''နာမည်လေးက လှတာပဲ၊ သူရဲကောင်းလို့ အပြည့်အစုံ

www.burmeseclassic.com

www.burmeseclasslic.com



ခေါ်ရင် ပိုအဓိပ္ပါယ် ရှိတာပေါ့ ကိုရဲရဲ့"

"အေး အဲဒါမင်းပဲခေါ် မင်းကိုတော့ သူက အခြောက်ကလေး ဆိုပြီး မဟာကရုဏာ မေတ္တာတွေ ထားရှာတာကို သည်းခံမှာပါ"

"ဟိတ်ကောင် မင်းသူများ မကြိုက်တာကို ဘာလို့ ခဏခဏ ပြောနေတာလဲ"

"ဟဲ ဟဲ ပြောချင့်လောက်အောင် မင်းကောင်က ချောနေတာကိုးကွ။ ဒါထက် မျက်ခုံးက တစ်ဆစ်ချိုး ခါးပြတ်နေလို့ နေပါဦး မင်းမျက်ခုံးက ရိတ်ပစ်တာလား။ ဘာလုပ်ထားတာလဲ အဲဒါ"

ယွန်းယွန်း မျက်ခုံးကို စမ်း၍ မျက်နှာငုံ့ ပစ်လိုက်၏။

"ဟုတ်တယ် ဟို ဖေဖေကလေ ကျ ကျွန်တော် ခပ်ပျော့ပျော့ နေတာကို မကြိုက်ဘူး။ ကျွန်တော်ကလည်း အစ်မနဲ့ အမနဲ့ အလိုလိုက်သမျှ ဆိုးနွဲ့လာတော့ ကိုတာပေါ ပြောသလို ဖြစ်သွားတာပေါ့"

"ပေါ်ပြီ အဲသလို ဓာတ်ဓာ ဝန်ခံပါလား"

"ဖေဖေက ကျွန်တော် ဒီမျက်ခုံးတွေ မျက်တောင်တွေနဲ့ မို့လို့ ချောပြီး မိန်းမနဲ့တူတယ်၊ နွဲ့နေတာဆိုပြီး သူ



ကိုယ်တိုင် ရိတ်ပစ်လိုက်တာ"

"မျက်တောင်တွေပါ ညှပ်ပစ်လိုက်ရောလား"

"အင်း"

ယွန်းယွန်း ဒီလိုဆီလျော်အောင် ညာနိုင်ဖို့ကို အတော်ကြီး တွေးထားခဲ့ရတာဖြစ်သည်။

လက်တွေ့နဲ့လိုက်ဖက်သော စကားမို့လည်း နှစ်ယောက်စလုံးက သံသယ မရှိစွာ လက်ခံကြလေသည်။

"ဒါပေမဲ့ကွာ မင်းမျက်နှာက ဓားနဲ့ဆွဲခြစ်ရင်တောင် လှပါတယ်လို့ ပြောကြဦးမယ် ရှပ်ပါ။ အားမငယ်ပါနဲ့၊ မျက်ခုံးကလည်း ပြန်ပေါက်လာမှာပဲ။ မျက်တောင်ကလည်း ညှပ်ရေလှည့်လေ ကော့လေပဲကွ ပိုသေချာသွားပြီ၊ သူ့ရဲ့ မင်းကို သံယောဇဉ်တွေ ပိုဦးတော့မှာ"

"ကိုရဲက ဘာဖြစ်လို့ မိန်းမ မယူချင်တာလဲဟင်"

"မယူချင်ပါဘူးဆို မယူချင်လို့ပေါ့ကွာ"

သူရဲက အခန်းထဲ ထဝင်သွားရင်း လှည့်ပြောသည်။

"ကိုတာပေါ"

"ဘာလဲ"

"သူနဲ့ပေးစားမယ့် မိန်းမက မလှလို့လား"

www.burmeseclassic.com

www.burmeseclasslic.com



"လုပ်ပါ့ အမှတ်တမဲ့ကြည့်ရင် ယမင်းကိုကိုလေး ကျနေတာပဲ။ သူ့ကိုလည်းချစ်တယ် ငယ်သူငယ်ချင်းကွ"

"ဒါဆို သူထွက်လာတော့ မိန်းကလေးက ရှက်မှာပေါ့ နော်"

"ရှက် မရှက်တော့မသိဘူး။ သူကိုယ်တိုင်ကားကိတ် လိုက်ပို့တာ"

"ဟုတ်တယ်"

"အဟုတ်ပါဆို၊ ဒီကောင်က ကျွတ်ဆတ်ဆတ်ရယ် သူနဲ့ မင်း အနီးကပ်ပေါင်းကြည့်ရင် သိလာလိမ့်မယ် စိတ်ရင်းကောင်းတာကနေလွဲရင် သည်းညည်းသိပ်ခံတတ်တာ မဟုတ်ဘူး။ မေမိစိုးက အမြဲတမ်းပဲ သူ့အလိုကို လိုက်ခဲ့ရတာ"

"မေမိစိုးဆိုတာ သနဲ့ပြောခဲ့းမယ့် ကောင်မလေးလား"

"အစစ်ပေါ့"

"ဩော် ဒီလိုပဲ တစ်သက်လုံး ပြေးနေနိုင်မှာ ကျနေတာပဲ"

"တစ်သက်လုံး မဟုတ်ပေမယ့် မေမိစိုးက ကြိုက်သူတွေ ဝိုင်းဝိုင်းလည်နေတာပဲလေ"

"ဒီကြားထဲမှာ တယောက်ယောက်နဲ့ ကြိုက်ပြီး ထက်ထပ်သွားရင် သူပြန်မှာပေါ့"





"မသေချာတာကြီးကို"

"မသေချာပေမယ့် ဒီနည်းပဲ ရှိတာကိုး။ သူဆိုးတာနဲ့ အခေါ်က ဖွတ်တာရွတ်"

"အမေ အဖေ မရှိတော့ဘူးပေါ့"

"မရှိတော့ဘူး။ နှစ်ဖက်မိဘရဲ့ တစ်ဦးတည်းသော မျိုးဆက်ပဲ။ အားလုံးက ဝိုင်းချစ်ကြတာ။ ခုလောက်ဆို လူကြီးတွေ ဘယ်လောက်များ စွေ့စွေ့ခုန်နေမလဲဆိုတာ မတွေးရဲစရာပဲ"

"ကိုတာပေါ်က ကိုရဲနဲ့ ဘာတော်လဲ"

"ဘာမှ မတော်ပါဘူး။ ငါက သူတို့ခြံကြီးထဲက အလုပ်သမားခေါင်းဆောင်ရဲ့သား။ ဒါပေမဲ့ သူရယ်ငါရယ် မေမိစိုးရယ်က ငယ်သူငယ်ချင်းတွေပဲ"

"ဩော်"

"ကဲ တစ်ရေးအိပ်လိုက်ဦးမယ်၊ မင်းလည်း ကြိုက်သလိုသာ နေပေတော့"

ယွန်းယွန်း မျက်နှာလေး မဲ့သွားပြန်ကာ

"ခင်ဗျားတို့ကလည်း သူဌေးသားတွေ လုပ်နေပြီးတော့ ဒီလိုနေရာမျိုးမှာ လာငှားနေရတယ်လို့ဗျာ"



www.burmeseclassic.com

www.burmeseclasslic.com



တာပေါက ပက်လက်ကြီး နေရာမှ ယွန်းယွန်းပခုံးကို လှမ်းရိုက်ကာ

"အိမ်ကထွက်လာတုန်းက ငွေပါတယ်လေ ကားပေါ်မှာ အိတ်ချင်း မှားပါသွားလို့ ဘောင်းဘီထဲမှာ ကျန်ခဲ့တဲ့ ပိုက်ဆံပဲ ရလိုက်ပါတယ်။ ဒီအိမ်တောင်မှ ကံကောင်းလို့ နေရတာ"

ကံကောင်းလို့ပါလားဟု တွေးဖြစ်ကာ သက်ပြင်းလေး ချဖြစ်၏။

လှမ်းကြည့်တော့ လက်တစ်ဝါး နီးပါးမျှရှိသော ကော်ဇော မွေ့ရာလေးကို ခင်း၍ သူရဲက အိပ်နေပြီ။

တာပေါလည်း ငြိမ်သွားပြီ။

သူမ တစ်ယောက်တည်း ကျောချလဲလျောင်းလိုက်ချင်ပေမဲ့ အိမ်ကို မသတိတာနှင့် ယောကျ်ားတွေနဲ့ ယှဉ်မလဲ့ရဲတာနှင့် အတန် ကြာတဲ့အထိ ငုတ်တုတ်။

စိတ်ပင်ပန်း လူပင်ပန်းနှင့် မအိပ်ခဲ့ရတာ နှစ်ညရှိပြီ။ ခေါင်း တွေက နားဖို့ဆိုတာကို သတိရတော့မှ မှုးဝေနောက်ကျိ လာ၏။

ဖျာစုတ်စုတ်ပေါ်မှာ ကျောမချချင်ပေမဲ့ တသီးတခြား အိပ်နေ သည့် သူရဲနဲ့အတူ အခန်းထဲ လိုက်အိပ်ရမှာလည်း ဘယ်လိုမှ





စဉ်းစားမရဘဲ ဖြစ်လျက်၊ ယွန်းယွန်း တာပေါရဲ့ ဖျာတစ်ဖက်စွန်းမှာ ပဲ ကွေးကွေးလေး အိပ်ချလိုက်မိလေသည်။

ဝုံးလုံးလဲ့ မျက်လုံးမှိတ်ချလိုက်သည်နှင့် သူမ ဘာဆိုဘာမှ မသိတော့ပေ။



www.burmeseclassic.com

www.burmeseclasslic.com



## အခန်း (၈)

**ဟင် ရွှေရည်** မင်း မင်း ငါ့သမီးလေးကို ခုလွှတ်လိုက်စမ်း"

"ဟင်း ဟင်း ဟင်း"

ဒေါ်မြရွှေရည် ခေါ် ဒေါ်နှင်းငွေရည်က သူမပြောင်းလဲထားသည့် နှင်းငွေရည်အမည်ကို လုံးဝမခေါ်ဘဲ၊ တစ်ချိန်လုံး ရွှေရည်ဟုသာ ခေါ်တွင်ခဲ့သည့် ဒီအသုံးအနှုန်းအပေါ် မကျေနပ်သမျှကာလကြာလေ မုန်းတီးလေ။ နှင်းငွေ့စံအိမ်ရဲ့ မိသားစု သို့မဟုတ်အရှင်သခင်အဖြစ် ဦးကျော်မျိုးနှင်း အသိအမှတ်မပြုခဲ့သည်ကား။ ထိုအမည်ကို ခေါ်တိုင်း သတိပေးနေသကဲ့သို့ ရှိကာ လောဘ



www.burmeseclassic.com

www.burmeseclasslic.com



ကြီးတတ်သည့် ရင်ထဲက မီးက ပို၍ အားကောင်းလာခဲ့တာဖြစ်၏။

ဦးကျော်မျိုးနှင်းခမျာ ကိုယ်တိုင်က ဝိုးချဲပေါ်မှာ မကြွနိုင် မထနိုင်။ ဒုက္ခိတဘဝနှင့်မို့ မျက်နှာမှာ အညိုအမည်းစွဲလာကာ ဒေါ်နှင်းငွေရည်ရဲ့ လှုယုံနှစ်ယောက်လက်ထဲမှာ ပျော့ဖတ်ခွေကျနေသည့် သမီးကလေး အဖြစ်ကိုကြည့်ရင်း အံကြိတ် မျက်ရည်ဝဲရုံ အပြင် ဘာမှမတတ်နိုင်။

"မင်းတို့ ဘာလိုချင်လို့ ငါ့သမီးလေးကို ဒီလိုလုပ်ကြတာလဲ ဟင် ရွှေရည်။ ဒီကလေးက မင်းကိုတရင်းတနှီး ခင်တွယ် နေခဲ့တဲ့ ကလေးပါကွ။ ကိုယ့်ကို အဖေအမေလို တွယ်တာ နေတဲ့ ကလေးတစ်ယောက် အပေါ် မင်းဒီလောက် မနှိပ်စက်သင့်ဘူး"

ဦးကျော်မျိုးနှင်း အသံက တုန်ခါနေသည်။

တစ်သက်လုံးက တုတ်နဲ့ပင် မရွယ်ခဲ့ဖူး။ ဟဲ့ လို့ မငေါက် ငမ်းခဲ့ဖူးသော သမီးလေးကိုယ်တိုင်ကလည်း နူးညံ့ယဉ်ကျေးခဲ့တဲ့ ကလေး။

ရွှေလင်ပန်းနဲ့ အချင်းဆေး၍ ရွှေပုခက်နဲ့လွှဲသိပ်ခဲ့တဲ့ သမီးလေး။

ခုတော့ သူ့ရဲ့မိုက်မဲမှုကြောင့် ယုတ်မာရိုင်းစိုင်းသော





လူယုတ်မာတို့ လက်ထဲမှာ

ဒဏ်ရာများနဲ့ မေ့မေ့မူးမူး–

သူတစ်ချက်မှားသွားပြီဆိုတာ ရိပ်မိလိုက်ကတည်းက အန္တရာယ်ကို ကြိုမြင်ခဲ့သည်။ သမီးလေးကို ကိုယ်လုံပညာရပ် တချို့ ကို ဆရာခေါ်၍ သင်ပေးထားခဲ့၏။

သမီးလေး ကျွမ်းကျွမ်းကျင်ကျင်လည်း တတ်ပါသည်။

သို့သော် လက်တွေ့နဲ့ သဘောတရားက မတူ။

ဆရာသင်လို့ ကျွမ်းကျင်နေတာထက် တကယ်တိုက်ပွဲ နိုက်ဖူး၍ ရန်သူနဲ့ ရင်ဆိုင်ဖူးသည့် အတွေ့အကြုံက သမီးမှာ မရှိပေ။

ပညာတွေ တနင့်တပိုးတတ်ထားပေမဲ့ သမီးလေး ရန်သူကို ဘယ်လိုတုံ့ပြန်ရမှန်း မသိတတ်တာ အဆိုးတော့ မဆိုသာပေ။

ဒီနေ့ထိ လူသားဆို၍ ဒီအိမ်သားတွေနဲ့ အပြင်လောကကို သွားလာဖူးတာ နှစ်ခါပဲ ရှိသေးသည်။

ယွန်းယွန်းဟာ လူများများကိုပင် မြင်ဖူးခဲ့သူမဟုတ်ပေ။

ဘိုးဘွားစဉ်ဆက် သိမ်းမနိုင်အောင် ကြွယ်ဝနေခဲ့ခြင်းများ ကြောင့် ကိုယ့်ခြံကိုယ်ဝန်းနဲ့ ဘိုးဘွားခြံမြေထဲမှာပဲ သီးသီးသန့်သန့် နေခဲ့လည်။

ကလေးတွေကို တခမ်းတနား မွေးခဲ့သည်။



www.burmeseclassic.com

www.burmeseclasslic.com



ရာဇဝင်သွား နဲ့ မင်းဖွားတဲ့ သမီးမဟုတ်ပေမဲ့ နန်းတော်တမျှ ခမ်းနားကြွယ်ဝမှု တွေနဲ့ သားနဲ့သမီးကို ထားခဲ့တာ ဖြစ်သည်။

သူ့စိတ်အလိုလိုက်ကာ ဒေါ်နှင်းငွေရည် မူယာမာယာ များခဲ့သည့်အတိုင်း အတူတွဲ ပျော်ပါးခဲ့ရင်း ဒုတိယအိမ်ထောင် ပြုလိုက်မိသည့်အမှားဟာ ဘဝများစွာ ပျက်စီးစေဖို့ ဖြစ်ခဲ့မှန်း သိခဲ့ရတော့ သူ့မှာ ဒုက္ခိတကြီးဘဝနှင့် သူမ ဘရားဝင် မယားကြီး ဖြစ်ခွင့်ရဖို့ သမီးရဲ့ အမေနဲ့မောင်ငယ်ကို ကားမှောက်သေဆုံးအောင် ဖန်တီးခဲ့သည်။

ဒါဟာ သက်သေမရှိပေမဲ့ သူမ လက်ချက်ပဲ ဆိုတာ လက်ထပ်ခဲ့ပြီးမှ အလိုလိုခံစား သိရှိလာရတာဖြစ်သည်။

သူမထံမှ ထွက်ကျလာခဲ့သည့် စကားလုံးတိုင်းကလည်း ပြုံစင်သည့်အရာ တစ်ခုမှ မပါပေ။

ထို့နောက် သူ လေဖကားပေါ်က တွန်းချခံခဲ့ရသည်။

တွန်းချလိုက်တာကို သိပေမဲ့ ဘယ်သူဘယ်ဝါဆိုတာ မပြနိုင်ခဲ့သဖြင့် ထိုကိစ္စသည်လည်း ဘာမှ မတုံ့ပြန်လိုက်နိုင်ဘဲ ပြီးဆုံးသွားခဲ့ရသည်။

ခုတော့ သူ ဒုက္ခိတဖြစ်သွားပြီ။

အနားမှာ သစ္စာရှိ လူယုံဆိုတာတွေလည်း ဒေါ်နှင်းငွေရည်



လက်ချက်ကြောင့် တစ်ယောက်မှ မရှိတော့ပေ။

သမီးလေး ရှိနေပေမဲ့ မျက်စိမပွင့် နားမပွင့်သည့် နုနုညံ့ညံ့ မိန်းမငယ်လေး။

သူစိမ်းဆိုတာနှင့် ရင်ဆိုင်လာရတော့မှ သမီးကိုချစ်လွန်း၍ တယုတယ ကွယ်ဝှက်မွေးမြူခဲ့မိသည့် တလွဲမေတ္တာကြီးမှားခဲ့ခြင်း အပေါ် မှားပြီဆိုတာ နားလည်ခဲ့သည်။

သမီးလေးက ချောချောလှလှ ရွှေရည်ပန်းစက်လေးမို့ ကျောင်းတက်နိုင်းလိုက်ရင်ဖြင့် မသူတော်တွေနဲ့ တွေ့ရချည်ရဲ့ အပေါင်းအသင်း မှားလျှင် ပျက်စီးတော့မှာပဲ။

အစစ ဘယ်လိုနည်းနဲ့မှ စိတ်မချနိုင်တာကြောင့် စာသင်ကျောင်းကိုပင် ပေးမလွှတ်နိုင်ပဲ အလွတ်တမ်းဖြေနိုင်း ကျက်နိုင်းခဲ့တာဖြစ်သည်။

အားလုံးက မှားယွင်းခဲ့လေပြီ။

ယွန်းယွန်းက လူကြီးနှစ်ယောက်လက်ထဲမှာ နုတ်ခမ်း ထောင့်စွန်းလေးမှာ သွေးစတွေ စွန်းထင်လျက်–

''ဖေဖေ''

ဖအေကိုမြင်တော့ အားကိုးတကြီးခေါ်၍ မျက်ရည်တွေ ကျလာရှာသည်။

www.burmeseclassic.com

www.burmeseclasslic.com



"ပြောစမ်း ရွှေရည်၊ မင်းဘာလိုချင်သလဲ"

"ညော် သမီးကိုထိတော့ နာရှာသားပဲ ခုကျတော့ ဘာလိုချင်သလဲတဲ့"

"ဟင်း ဟင်း ဟင်း"

ဒေါ်နှင်းငွေရည်က နာကျင်သံနှင့်ရယ်လိုက်သည်။

"ကျွန်မ ဘာလိုချင်သလဲဆိုတာ အစ်ကိုကြီး သိပါကယ်။ ဘယ်လိုမေးမေး ဘယ်လိုတောင်းတောင်း မပေးလွန်းလို့ ဒီအခြေအနေတွေ ဖြစ်ကုန်ရတာ။ ကျွန်မရှင်းရှင်းပဲ ပြောမယ်။ အစ်ကိုကြီး ရတနာတိုက်ခန်းသော့ ကျွန်မကို အပ်ပါ။ ကျွန်မ ဘယ်ကိုမှ သယ်မသွားဘူး။ 'နှင်းငွေ' စံအိမ်မှာပဲ အရှင်သခင်အဖြစ် ဒီအတိုင်းဆက်နေသွားမှာ။ ခုဆို အစ်ကိုကြီးက ဒုက္ခိတ ဒီကောင်မလေးက နေမထိ လမထိ ကြီးပြင်းလာခဲ့တဲ့ ကလေး။ ဒီစံအိမ်မှာ ကျွန်မပဲ မားမားမတ်မတ် ရပ်တည်မယ့်သူ ရှိတယ်၊ ဒါကို ထမင်းစား ကျွန်ခံလို့ အပြင်လူ လုပ်နေရတာ သဘာဝ ကျသလား"

"မင်းပြောပုံကတော့ မင်းကလွဲပြီး ဘယ်သူမှ မကောင်းကြပါလား ရွှေရည်၊ ဒီလိုတွေဖြစ်ကုန်ကြတာ ဘာဖြစ်လို့လဲ ဘယ်သူကြောင့်လဲဆိုတာ ဘယ်သူမှ မသိပေမယ့် မင်းနဲ့ငါ





သိတယ်နော်"

နှင်းငွေရည်က နှုတ်ခမ်းမဲ့သည်။

"အခု မင်းမှာဘာလိုသလဲ အပြင်လူလို မင်းနေရတယ်ဆိုတာ ဘာကိုပြောတာလဲ။ တစ်အိမ်လုံး တစ်ခြံလုံးမှာ မင်းခြေ မင်းလက်သာမကဘူး အားလုံး မင်းစိတ်ကြိုက် ဖြုတ်ခန့်ထားတဲ့ လူတွေချည်းပဲ"

"ဒါက ရှင်ဝင်ပါလို့ မရသေးတဲ့ကိစ္စ၊ ဲ့လို့ ကြိတ်မနိုင်ခဲမရ လက်ပိုက်ကြည့်နေရတာပါ အစ်ကိုကြီးရယ်"

"ဘာကြောင့်ဖြစ်ဖြစ် မင်းလုပ်ခွင့်ရှိနေခဲ့တာပဲ မဟုတ်ဘူးလား"

"ရွှေရည် ဒါကိုလိုချင်တာ မဟုတ်ဘူး"

"လောဘမကြီးနဲ့ရွှေရည် ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်တဲ့ အဖြစ်မျိုး မင်းခံရမယ်။ မင်းခေါ်လာတဲ့ လူယုံတွေဆိုတာ ဘယ်လိုလူစားတွေလဲ မင်းသိလား။ ရတနာသိုက် မင်းလက်ထဲ ရောက်သွားတာနဲ့ ကိုယ်လည်ပင်းကို ကြိုးကွင်းစွပ်သလို ဖြစ်ကုန်မှာ"

"ညော် ညော် ပြောပုံက ကျွန်မဒုက္ခရောက်မှာကိုပဲ ပူသလိုလိုပါလား။ ရှင့်သမီးရဲ့ အမွေတွေကို ထိပါးမှာစိုးလို့ ရှင်



www.burmeseclassic.com

www.burmeseclasslic.com



ဥစ္စာခြောက်နေတာကော မဟုတ်ဘူးလား။ အစ်ကိုကြီး ဒီမှာ အခု ဒီအိမ်ပေါ်ရောက်နေတဲ့ လူတွေအားလုံးဟာ ကျွန်မနဲ့ ဆွေမျိုးမကင်းတဲ့ လူတွေချည်းပဲ သူတို့ကို ကြည့်ရှု စောင့်ရှောက်တဲ့ သဘောလည်းရောက်အောင် ဒီမှာ ကျွန်မ မျက်စိသူငယ် နားသူငယ်မဖြစ်ရအောင် အားလုံး တွေးပြီး ခေါ်တင်ထားတာ။ ဒါကို ရှင်ပူစရာ မလိုဘူး။ သော့အပ် မှာလား၊ မအပ်ဘူးလား ဒါပဲပြော"

ဦးကျော်မျိုးနှင်း ရင်ထဲက နာကြည်း ခံခက်မှုတွေ မျက်လုံးများမှာ ပေါ်နေသည်။

ဝိုးချဲလက်တန်းကို လက်ခုံ ကြောကြီးတွေ ထောင်ထနေတဲ့အထိ တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။

ဒီမိန်းမ ဒီလောက်ပေါ်ပေါ်တင်တင်ကြီး လူပ်ရှားလာလိမ့်မည်ဟု မတွက်ခဲ့မိတာ သူ့အမှားဖြစ်သည်။

ခုတော့ သူ့မှာရှေ့တိုးဖို့လည်း ခွန်အားမရှိ။

နောက်ဆုတ်ပေးဖို့ကိုလည်း မာနနဲ့ သိက္ခာတရားက ခွင့်မပြုပေ။

"ရတယ်လေ အစ်ကိုကြီး၊ မနက်ဖြန် မွန်းမတည့်ခင် အဖြေ ပေးပါ။ ဒီတစ်ညလုံး စဉ်းစားလိုက်ဦးပေါ့။ မနက်ဖြန်





ဆယ့်တစ်နာရီအထိ ကျွန်မလက်ထဲကို သော့မအပ်ရင် ရတနာကို သမီးထက် ချစ်တယ်ဆိုတာ ကျွန်မ နားလည်လိုက်မယ်။ အဲဒီကျရင် ကျွန်မကလည်း ငါးမရဲ့ ဒေါချိုးပြန်မယ့်သူတော့ မဟုတ်ဘူးနော်။ ဖမ်းလို့မမိရင် အိုင်ပက်မယ်။ လက်နဲ့မနိုင်ရင် စက်နဲ့စုပ်ထုတ်မှာ မယုံရင် ကြည့်နေ"

"မင်း မိန်းမယုတ်"

ဒေါ်နှင်းငွေရည် မျက်နှာမည်းခနဲ ဖြစ်သွားသည်။

"ဟုတ်တယ် ဒီထက် ယုတ်မာဖို့ရှိသေးတယ်။ ရှင့်ဆီက သော့ မရရင် ဒီကောင်မလေးကို ကျွန်မ ဒီထဲက တစ်ယောက်ယောက် လက်ထဲထည့်ပေးလိုက်မယ်၊ ကျွန်မနဲ့ ဆွေမျိုးတော်လို့ ရသွားအောင်လေ။ အဲဒါမှ ရှင်ရယ် ကျွန်မရယ် နှင်းငွေ့ယှွန်းယှွန်းရယ်ဟာ တစ်စုတစ်ဝေးတည်း သွေးစည်းကြမှာ မဟုတ်ဘူးလား။ သတ်ပစ်မှာကိုမပူပါနဲ့ အကျိုးမရှိတဲ့ အလုပ်ကို ကျွန်မ မလုပ်ဘူး။ ဒါပေမဲ့ ရှင့် သမီးက ဘယ်လိုလူမျိုးနဲ့ ညားသွားမယ် ဆိုတာတော့ အာမမခံနိုင်ဘူးပေါ့"

"တောက် မင်း မင်းကို ငါသတ်ပစ်ချင်တယ် ရွှေရည်



www.burmeseclassic.com

www.burmeseclasslic.com



မင်းကို ငါသတ်ပစ်ချင်လောက်အောင် မုန်းတယ် ရှင်တယ်"

"ကျွန်မကလည်း ရှင့်မေတ္တာကို လက်ခံနေတာမှ မဟုတ်ဘဲ။ ကျွန်မ လိုချင်တာ ရတနာ"

ဒေါ်နှင်းငွေရည်က ခါးထောက်၍ အပြတ်ပြောသည်။

ထို့နောက် ယွန်းယွန်းကို ချုပ်ကိုင်ထားကြသည့် လူနှစ်ယောက်ဖက် လှည့်ကာ

"သူ့ကို ခေါ်သွားကြတော့ ရေကလွှဲပြီး ဘာမှမကျွေးနဲ့။ ကြမ်းပေါ်မှာ ကြိုးတုပ်ပြီး အခင်းမပါဘဲ ပစ်ချထားလိုက်"

"ဟုတ်ကဲ့"

"နေဦး နေဦး"

သမီးအဖြစ်ကို ဦးကျော်မျိုးနှင်း ဆတ်ဆတ်ခါသွားကာ ပျာပျာသလဲ လှမ်းတားလေသည်။

သမီးခမျာ စကားမာမာပင် ပြောနိုင်ရှာတော့တာမဟုတ်။

"ငါ့သမီးလေးနဲ့ ငါဘာနဲ့မှ မလဲနိုင်ပါဘူး။ မနက်ဖြန် ဆယ့်တစ်နာရီ မင်းလိုချင်တဲ့သော့ ငါပေးပါမယ်။ ခုကနေစပြီး ဆယ့်တစ်နာရီထိ ငါ့သမီးလေးကို ငါ့အခန်းထဲမှာ ထားပါရစေ"

"အို မဖြစ်ဘူး။ ရတနာသိုက်ဆိုတာ ရှင်ကလွဲပြီး ဘယ်နေရာ





မှာရှိတယ်ဆိုတာ ဘယ်သူမှ သိကြတာ မဟုတ်ဘူး"

"ငါက ဒုက္ခိတပဲ၊ မင်းတို့ ငါ့ကို စောင့်ကြည့်နေကြမှာပဲ မဟုတ်လား။ ဒီအခန်းထဲက တစ်ယောက်ယောက် ထွက်လာရင် မင်းတို့ကို ကျော်ဖြတ်သွားရမှာပဲ။ မနက်ကျရင် မင်းလက်ထဲ သော့ရောက်လာမှာပါ"

ဒေါ်နှင်းငွေရည် တွေဝေသွားသည်။

ဒီတစ်ညလောက်တော့ ပေးထည့်ထားလိုက်တာ ဘာမှဖြစ်နိုင်စရာ မရှိဟုထင်သည်။

သို့သော် သူတို့သားအဖ ဘာတွေပြောဆို တိုင်ပင်မှာလဲဆိုတာလည်း သစန့်တိုနေမိပြန်သည်။

ဘာပဲဖြစ်ဖြစ် နှစ်ယောက်[illegible]မှာ မည်သည့် အဆိပ်အတောက်မှ မရှိကြတော့သည်မို့ ရတနာတိုက်သော့ ကိုယ့်လက်ထဲရောက်လာဖို့ပဲ လိုသည်။ သူမသိထားသည်က

သော့မှာ လမ်းညွှန်ပါသည်။

သော့ကိုတွေ့လျှင် လမ်းညွှန်အတိုင်း သွားဖွင့်ရုံပဲ ဖြစ်သည်။

ဒီလောက်ကြီးမား ကျယ်ပြန့်သည့် ခြံကြီးတိုက်ကြီးထဲမှာ ဘယ်နေရာဆိုတာ မသိဘဲ ရတနာရှိသည့်တိုက်ကို အလွယ်တကူ ဘယ်[illegible] ရှာနိုင်မှာမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclasslic.com



ဦးကျော်မျိုးနှင်း ရင်ခွင်ထဲရောက်လာသည့် သမီးလေးကို ပွေ့ဖက်၍ မျက်ရည် ကျလေသည်။

သမီးငလေးကို သူ ဘယ်လိုမှ နစ်မွန်းမခံနိုင်ပါ။

ဒါပေမဲ့ ဘိုးဘွားစဉ်ဆက် သိမ်းဆည်းလာခဲ့ကြသည့် ရတနာတွေကို သူ့ရဲ့ညံ့ဖျင်းမှုကြောင့် မသမာသူလက်ထဲ ထည့်ပေးဖို့ကလည်း ဘယ်နည်းမှ မဖြစ်နိုင်သည့်အရာ ဖြစ်သည်။

"ဖေဖေရယ် သမီးတို့ မချမ်းသာလည်း နေပါစေတော့။ သူလိုချင်တာကို ပေးလိုက်ပါနော်။ သမီး သမီး သူ့ကို ကြောက်တယ်။ သိပ်ကြောက်တာပဲ ဖေဖေ"

ယွန်းယွန်း အားကိုးတကြီး ဖက်ငိုသည်။

သမီးမျက်နှာက ဒဏ်ရာလေးတွေကို ပွတ်သပ်၍ အံကြိတ်ထားရင်း ဦးကျော်မျိုးနှင်း တစ်စုံတစ်ခုကို ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်လေသည်။

"သမီး ဒီကနေ ထွက်ပြေးပေတော့၊ ဖြစ်လာသမျှကို ဖေဖေ ရင်ဆိုင်မယ်"

"ရှင် ဘယ်လို ဖေဖေ"

ဒီအခန်းရဲ့ ဘေးပတ်လည်မှာ ဒေါ်နှင်းငွေရည် အစောင့်တွေ ချထားသည်။ မနက်ဖြန် ဆယ့်တစ်နာရီ တိတိမှာ သော့အပ်ရမည်။





"သမီး ဒီကနေ ဘယ်လိုလုပ် လွတ်အောင် ပြေးရမှာလဲ ဖေဖေ"

"သမီး လွတ်မြောက်မှာပါ။ ဟောဒီအခန်းထဲမှာ လျှို့ဝှက်ပေါက် ရှိတယ်။ ဒါပေမဲ့ ဒီမြေအောက်လမ်းကို ဖောက်နေရင်း အခက်အခဲဖြစ်လာလို့ မပြီးစီးခဲ့ဘူး။ ဒါကြောင့် လမ်းက ခြံပြင်ကိုတော့ မရောက်ဘူး။ ဒီအိမ်ကြီးရဲ့ အနောက်ဖျားထောင့်က အခုအလုပ်သမား ဒေါ်မာစိန် နေတဲ့ အခန်းအောက်ထိမှာ လမ်းဆုံးနေတယ်။ သမီး အဲဒီကနေ ဖောက်ထွက်ရမယ်"

ယွန်းယွန်း ဒဏ်ရာနာကျင်တာတွေ ပျောက်ကုန်သည်။

အံ့ဩမှင်တက်မိလျက် ဖခင်ကြီး မျက်နှာကို ငေးကြည့်နေမိလေသည်။ မျက်ရည် ကြည်လဲ့နေသော ဦးကျော်မျိုးနှင်း မျက်နှာခန့်ခန့်ကြီးက ပြုံတော့မယ့် မိုးလို ညို့မှိုင်းလျက်၊ အံကြိတ်လိုက် ပင့်သက်ရှိုက်လိုက်ဖြင့် ကြိတ်ခဲနေသည့် အမုန်းတရားတို့ကို ချိုးနှိမ်တားဆီး နေဟန်။

"ဖေဖေ့မှာ ဘာခွန်အားမှ မရှိတော့ဘူးသမီး။ ဒီခြံထဲမှာ လူမိုက်တွေ သူထည့်ထားတယ်။ ယုတ်ညံ့တဲ့ မိန်းမတွေ သမီးနားမှာရှိနေတယ်။ ဒီလူတွေ ဝိုင်းဝိုင်းလည်နေတဲ့



www.burmeseclassic.com

www.burmeseclasslic.com



ကြားမှာ သမီးကိုဘေးမသီ ရန်မခအောင် ဖေဖေ ဘယ်လို မှ စောင့်ရှောက်နိုင်မှာ မဟုတ်ဘူး။ ဒီတော့ သမီးလေး ဒီက ထွက်သွားပါ။ ကိုယ့်အသက်ကို ရှင်အောင်မွေးပါ။ သမီးရဲ့ ရှင်သန်မှုဟာ 'နှင်းငွေ့' မျိုးဆက်ရဲ့ ရှင်သန်မှုပဲ''

''ဖေဖေ သ သမီး ဘယ်မှ မသွားတတ်တာ''

''မသွားတတ်လို့ မရတော့ဘူး သမီး။ သမီး စွန့်စားရမယ်။ လူတွေထဲကို တိုးရမယ်။ လူလောက,ကပေးတဲ့ သင်ခန်းစာ တွေကို ရှာဖွေစုဆောင်းပြီး ကျော်လွှားနိုင်အောင် ကြိုးစား ရမယ်''

''ဖေဖေ သမီးကို ထွက်ပြေးခိုင်းရင် သူတို့က ဖေဖေ့ကို သတ်ပစ်ကြမှာပေါ့ ဖေဖေရယ်''

''မပူပါနဲ့သမီး သူတို့လိုချင်တာ မရမချင်း သူတို့ ဖေဖေ့ကို သတ်ပစ်ကြမှာ မဟုတ်ဘူး၊ သမီးကို နှိပ်စက်အကျပ်ကိုင် တာကို မြင်နေရမယ့်အစား ဖေဖေ့ကို ဘာလုပ်လုပ် ဖေဖေခံနိုင်တယ်၊ သမီးသာ ဖေဖေ့ကို နောက်ဆံ မတင်းဘဲ သမီး လွတ်မြောက်ဖို့အတွက် ဉာဏ်စွမ်းရှိသရွေ့ ကြိုးစား။ 'နှင်းငွေ့' စံအိမ်ကြီးကို ပြန်မလာခဲ့နဲ့၊ မိတ်ဆွေကောင်း ကိုရှာ၊ ခင်ပွန်းကောင်းရဖို့ကြိုးစား။ ဘာအရေးကြီးဆုံးလဲ





ဆိုတာ 'အမှန်ကန်ဆုံး တွေးနိုင်အောင် ကြိုးစားရမယ်''

ဦးကျော်မျိုးနှင်း သမီးဖြစ်သူကို လျှို့ဝှက်တံခါးမှ ထွက်ပြေး ခိုင်းလိုက်လေသည်။

ယွန်းယွန်း ကံမကောင်းခဲ့ပါ။ လူသူအလစ်ချောင်း၍ လျှို့ဝှက် အဖုံးထဲကထွက်ခဲ့သော်လည်း ဒေါ်မာစိန်က လှမ်းမြင်သွားကာ အသားကုန် အော်ကော့သည်။

ပြေး ပြေးစမ်း ယွန်းယွန်း

သမီးရဲ့ လွတ်မြောက်ရေးအတွက် ကြိုးစား

သမီးရဲ့ ရှင်သန်မှုဟာ 'နှင်းငွေ့' မျိုးဆက်ရဲ့ ရှင်...နံရေးပဲ၊

ယွန်းယွန်း ခြံရဲ့အပြင်ကို ရောက်အောင် အားသွန်ပြေးခဲ့သည်။

''မိယွန်းယွန်း လာခဲ့စမ်း ကြည့်စမ်း၊ အမိုက်မ ပြေးပြီ လိုက် လိုက်''

နောက်ဘက်က အသံတွေ ကြားနေရသည်။

ဖေဖေ သေသေချာချာ ပုံဆွဲရှင်းပြလိုက်တဲ့အတိုင်း ယွန်းယွန်း ကွေ့ပတ်ပြေးခဲ့သည်။

ခေါ်သံ အော်သံများက နောက်မှာဝေး၍ ဝေး၍. . .

♛♛♛♛♛♛



www.burmeseclassic.com

www.burmeseclasslic.com



## အခန်း (၉)

**ယိတ်ကောင်** မောင်မောင် မောင်မောင်''

''အင်း''

''သတိရပြီလား မောင်မောင်''

''အား''

ခေါ်သံတွေက နားနားလေးမှာ ကပ်နေတာမို့ ယွန်းယွန်း မျက်လုံးတွေကို ဖွင့်ကြည့်လိုက်မိသည်။

သူ့မျက်နှာရှေ့မှာ တာပေါ် မျက်လုံးပြူးပြူးကြီး ပေါ်လာသည်။ သူမက တာပေါနဲ့ သူ့ရဲ့ တဲလေးပေါ်မှာပါလား။

သစ္စာမှန်အာမေ

www.burmeseclassic.com

www.burmeseclasslic.com



ခေါင်းတွေ တဆစ်ဆစ် ကိုက်နေသည်။

မျက်လုံးနဲ့နှာခေါင်းတွေ [illegible] လည်ချောင်းတွေက နာနေ၏။

"ဘယ့်နှယ့်လဲ နေလို့ကော[illegible]းပြီလား။ မင်းကိုယ်တွေ သောက်ရမ်းပူနေလို့ [illegible]ရတယ်။ ခေါ်လို့ မရတော့ ငါတို့လည်း လ[illegible]ပေါ့ကွ။ ပိုက်[illegible]ကတော့ ငါတို့ထမင်းစားတုန်းက မင်း[illegible]တ်ရှင်းလိုက်တဲ့ အိတ်ထဲက ပဲ နှိုက်ပေးလိုက်တယ်။ ဟဲ [illegible]မှာ ပိုက်[illegible]မှ မရှိတာ"

သူ့ ပိုက်ဆံတွေကို ဘောင်း[illegible]တ်တွေထဲ ခွဲထည့်ထားခဲ့သည်။ အတွင်းအိတ် အပြင်[illegible]တွေ မှုံယက်ခတ်နေသည့် ဘောင်းဘီထဲမှာ ရတနာထုပ် ရှိနေတာကိုလည်း ဘယ်သူမှ အလွယ်တကူ သိနိုင်မှာမဟုတ်။

"ကိုရဲကောဟင်"

"ဆရာဝန် ပြန်ပို့နေတယ်။ မင်းဘယ်လိုနေလဲ"

"ခေါင်းတွေကိုက်နေတယ်"

"ဒီမှာဆေးတွေ ပေးခဲ့တယ်ကွ။ သောက်လိုက်ရင် သက်သာသွားမှာပါ။ မင်းကွာ ဘောင်းဘီတွေ နှစ်ထပ် သုံးထပ်နဲ့ ဆရာဝန်. ဆေးထိုးဖို့ကို မနည်းကြီး လှန်ပေးရတယ်။





တကယ့် မိန်းမလျာကျနေတာပဲ"

ယွန်းယွန်း ဒိန်းခနဲ ရင်တုန်သွားသည်။

သို့သော် တာပေါပုံစံက ဘာမှသိသည့်ပုံ မရှိသမို့ စိတ်သက်သာသွားမိ၏။

"ဆားစရာလေးလည်းရှိ ယွန်းယွန်းလည်း နေမကောင်းတာနဲ့ သူရဲ နေ့စဉ် အလုပ်ရှာထွက်ပေမယ့် တာပေါ်ကတော့ ယွန်းယွန်းနားမှာ ကျန်နေခဲ့သည်သာ။

"မောင်မောင်"

"ဗျာ"

"မင်းဖျားတာ မဆိုးဘူးကွ။ ငါလည်း ကိုယ်ရံတော်ရာထူးရလို့ ငြိမ်းတယ်၊ စားဖို့လည်း မပူရဘူး၊ ဘယ့်နှယ် မင်းမှာလိုတရ နတ်အိုးများ ရှိသလား"

"ဘာဖြစ်လို့လဲ"

"ပိုက်ဆံတွေ မင်းဘောင်းဘီအိတ်ထဲက မရေနိုင် မခန်းနိုင်ထွက်ထွက်နေလို့"

"မကုန်သေးတာ ရှိသေးလို့ပေါ့ဗျ"

"အေးလေ ရှိနေတာကို ငါစိတ်ဝင်စားတာပဲ၊ မင်းဘောင်းဘီမျိုး ငါတောင်လိုချင်လာပြီ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclasslic.com



တာပေါက ရယ်စရာတွေ ပြောကာ သတင်းစာ ဂျာနယ်တွေ ဝယ်ဝယ်လာသေးသည်။

ဘာကြောင့်လို့ အမည်မဖော်နိုင်ဘဲ ဖျားလိုက်တာ ဆယ့်ငါး ရက်လောက်ကြာမှ ယွန်းယွန်း နာလန် ထနိုင်ခဲ့တဲ့အဖြစ်။

♛♛♛♛♛



BURMESE CLASSIC .com



## အခန်း (၁၀)

**ဟ ဟ လုပ်ကြဦး** မိုးတွေ ရွာလာပြီ''

တာပေါ ခုန်ထလိုက်သည်။

''ဟ ခင်ဗျားက ဖြည်းဖြည်းထလေ ကြမ်းပေါက်တွေ မြိုကုန် တော့မှာပဲ''

အပြင်ခန်းမှာ တာပေါနဲ့ ယွန်းယွန်းက ဖျာရဲ့ တစ်ဖက်စွန်း စီမှာ အိပ်ကြတာမို့ မိုးတွေသဲသဲမည်းမည်း ရွာချလိုက်တော့ မလုံသည့်ခေါင်မိုးက မိုးပေါက်တွေ သူတို့အိပ်ရာပေါ် ရေတံလျှောက် လို တဖြောဖြော ကျလာလေသည်။



www.burmeseclassic.com

www.burmeseclasslic.com



နှစ်ယောက်သား ဖျာလိပ်တဲ့သူကလိပ်၊ ခေါင်းအုံးကိုပိုက်၊ စောင်ကောက်နှင့် ဝရုန်းသုန်းကား ဖြစ်ကုန်ကြလေသည်။

"ပြဿနာပဲကွာ၊ အိပ်ချိန်ရောက်နေကာမှ"

ရွှေအိပ်ဖို့က ဘယ်နေရာကြည့်ကြည့် မိုးယိုနေသည်သာ။

အတွင်းခန်းမှာ ကော်ဇောနဲ့ စောင်နဲ့ ကျုကျုနန အိပ်ပျော်နေသည့် သူရဲကတော့ ခေါင်းထောင်၍ပင် ကြည့်ဖော်မရ။

သူ့နေရာကတော့ မိုးမှမယိုဘဲကိုး။

တာပေါက စောင်ကို ပိုက်ချသွားကာ သူရဲပေါ်ကို ဘုန်းခနဲ ပစ်ချလိုက်၏။

"ဟ ဘာဖြစ်တာလဲ"

သူရဲ မကျေမနပ် ခေါင်းထောင်လာသည်။

"သေလိုက်ပါလား။ မင်းကြီးတော် ဒီလောက်သဲမဲအောင် ရွာချနေတာကို စိုးရိမ်ပူပန်စိတ်လေးနဲ့များ နည်းနည်းပါးပါး ခေါင်းထောင် ကြည့်ဖော်မရဘူး"

"ဘာလို့ ကြည့်ရမှာလဲ၊ မိုးယိုတော့ မယိုတဲ့နေရာ ပြောင်းအိပ်ပေါ့"

"အေး အိပ်တာတော့ တစ်ယောက်ပဲ ကတ်သတ်အိပ်လို့ရမှာ၊ နှစ်ယောက်မရဘူး။ အဲဒီတော့ မင်းဟိုဘက်ကိုတိုး"



BURMESE CLASSIC .com



"ဘာလုပ်မလို့လဲ"

"ငါ မင်းနဲ့ အိပ်မှာပေါ့။ မောင်မောင်က နှစ်ယောက် မအိပ်တတ်ဘူးတဲ့"

"ဟော့အေး မင်းမလာနဲ့။ မင်းက အရမ်းဆောက်တဲ့ကောင်"

"အံမာ အမြွတာမ်း အိပ်လာပြီးတော့မှ"

"ဘာ အမြွတာမ်းလဲ၊ မင်းနဲ့ငါ အခုထွက်လာမှ မင်းအကြောင်း သိတာလေ၊ ငါကပေါင်တင်တော့ တင်မယ်တဲ့၊ သူကောက်တာကျတော့ မော်တော်ဘုတ်ထွက်သလိုကျနေတာပဲ"

"ကဲ ဒါဆို မောင်မောင်၊ ဒီမှာအိပ် ငါ ဟိုထောင့်မှာ သွားအိပ်မယ်"

ယွန်းယွန်း ပျာပျာသလဲ ခေါင်းခါ၍ ဖျာကို ဆွဲချ သွားကာ အိမ်ထောင့်မှာ သွားခင်းလိုက်သည်။

"နေပစေ ကျွန်တော်ဒီမှာပဲ အိပ်မယ်။ ခင်ဗျား အဲဒီမှာအိပ်"

"ဟာ ဒါတော့ မဖြစ်ပါဘူးကွာ။ မင်းကနာရှုနှံ့ထ ငါ့ဒါကို မေ့နေတာ၊ မိုးပေါက်တွေစင်ပြီး အအေးမိပြန်ပတ်လိမ့်မယ်။ ဒီမှာလာအိပ်စမ်းပါ"

"ဟိတ်ကောင် ဒီကို မင်းလာပါ။ ငါတာပေါနဲ့ မအိပ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclasslic.com



"ကဲ လာစမ်းပါကွာ၊ ထားခဲ့အဲဒီဖျာ ငါနဲ့အိပ်သလို ဒီဘက်မှာကပ်အိပ်ပေါ့။ လာခွရင် ပေါင်ကို ကုန်းသာကိုက်ပစ်လိုက်"

သူရဲက စောင်ခေါင်းမြီးခြုံ၍ တခွိခွိ ရယ်နေသည်။

ယွန်းယွန်း မငြင်းသာတော့ပေ။

ဒီထက် ငြင်းနေလျှင် ပြောစရာ ဖြစ်တော့မည်။

စနောက်နေရာကနေ တကယ့်သံသယတွေ ဖြစ်ကုန်ကြမည်။

မိုးက ဝုန်းဒိုင်းကျဲ ရွာနေ၏။

လေပါ ရောပါလာသောကြောင့် တဲလေးက သိမ့်ခနဲ သိမ့်ခနဲ ခါနေသည်။

"ခုနေတာ တဲပြိုသွားလို့ကတော့ ကြည့်ကောင်းပြီပေါ့ကွာ။ အိမ်ရှင်အဖွားကြီးကလည်း တကယ့်စုတ်ပေ့ဆိုတဲ့ တဲကိုမှ ငါတို့ကို တင်ထားတယ်။ အင်း စေတနာတွေ စေတနာတွေ ကျေးဇူးဆပ်ရှာတာပါ"

တာပေါ အိပ်ရာဝင်သွားတဲ့အထိ မကျေမနပ် ပေါက်ပေါက်ကျဲနေဆဲ။

ယွန်းယွန်း ဒီညတော့ အိပ်မပျော်တော့မှာ သေချာပါသည်။ တာပေါနဲ့ အိပ်တာက ဟာလာဟင်းလင်းထဲမှာ ဟိုဘက်ဒီဘက်



ခွဲ၍ ဖြစ်သလို ကြုံသလို အိပ်လိုက်တာမျိုး။

သူရဲနဲ့ကျတော့ နေရာကျဉ်းကျဉ်းလေးထဲမှာ မွေ့ရာနုနုလေးနဲ့ ခြင်ထောင်နဲ့။

ဘေးမှာ ကပ်အိပ်တယ်ဆိုတာတောင် ခြင်ထောင်ထဲ ဝင်လိုက်ရတာမို့ နှစ်ယောက်ဘယ်မှာ သိပ်ကွာလို့လဲ။

ရင်တွေ တဒိတ်ဒိတ် ခုန်ကာ ဘယ်သူမှမသိဘဲ ရှက်စိတ်တွေမွန်နေမိစဉ်

"မောင်မောင်"

"ဟင်"

"ဒီလောက်အေးနေတာ စောင်ခြုံလေကွာ။ အိပ်နေလိုက်တာ ဟိုဘက်မှာကွေးကွေးလေး"

"ဟား ဟား"

သူရဲ စကားကြောင့် တာပေါအသံကြီး ထွက်လာပြန်သည်။

"အဲဒါပေါ့ကွာ ပြောတော့ မကြိုက်ဘူး။ သူက အခြောက်လုပ်ချင်နေတော့၊ ဟိုသင်း ဟိုသင်း မင်္ဂလာဦးညမှာ သတို့သမီး ရှက်နေသလိုပဲ"

သူတို့ကတော့ သဘောတွေကျကာ ရယ်စရာ ဟားစရာ တစ်ခုလို ယွန်းယွန်းမှာတော့ အလိမ်ပေါ်မှာလည်း စိုးရကာ ထင်



www.burmeseclassic.com

www.burmeseclasslic.com



သလိုလည်း လိုက်မနေရဲနှင့် စိတ်ပျက်စရာကောင်းတဲ့ ည ရှည်ကြာလွန်းပါ၏။

မိုးကြီးလေကြီးထဲမှာ အားလုံး အိပ်ပျော်သွားကြပေမဲ့ ယွန်းယွန်း အိပ်လို့မရ။

ထိုစဉ် သူ့ရဲ့ ဒီဘက်ကို စောင်းလိုက်တော့ခြေထောက်တစ်ဖက် ယွန်းယွန်း ကိုယ်လေးပေါ် ပစ်ကျလာ၏။

ဒုက္ခပါပဲ

ယွန်းယွန်း မသိမသာ ဖယ်ချပစ်လိုက်၏။

ခဏလေးသာ ငြိမ်ကျသွားလျက် နောက်ထပ် ထပ်တင်လာတော့၊ သူမရဲ့ခါးသိမ်သိမ်လေးထဲ ထိရောက်ကာ လက်တစ်ဖက်ကပါ ပ[illegible]နေ သိုင်းဖက်လိုက်တာ ဖြစ်လေသည်။

လူကို ဖက်လုံး ဖက်သလိုကြီး အားရပါးရ တွေးဖက်ပစ်လိုက်တာဖြစ်၏။

ဘုရားကယ်ပါ။

ယွန်းယွန်း လှုပ်လို့ပင်မရတော့။ ချွေးစလေးတွေ စို့ထွက်လာ၏။ မရမက တွန်းပစ်လိုက်ရင်လည်း သူနိုးသွားကာ ဘာဖြစ်တာလဲ ဘာညာတွေ ဖြစ်လာဦးမည်။

ယောက်ျားဆိုတာ ဝေးလို့ လူသူများများ စားစားကိုပင်





တအံ့ဘသြ ဖြစ်ခဲ့ရသည့် သူမဟာ ခုလို ယောက်ျားတစ်ယောက်ရင်ခွင်ထဲမှာ ဘုမသိ ဘမသိ အိပ်စက်ခဲ့ရလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့ပါ။

တစ်ယောက်တည်း ငြိမ်သက်နေလိုက်ရရင်း ယွန်းယွန်း ငိုချပစ်လိုက်မိတာ လူမသိ သူမသိ။

www.burmeseclassic.com

www.burmeseclasslic.com



## အခန်း (၁၁)

**ဒါတော့** လွန်တာပေါ့ အဘွားရာ၊ ဒီအိမ်ကျဉ်းကျဉ်းလေးကို မိုးမလုံ လေမလုံလည်း နေရသေးတယ်။ နောက်ထပ်လည်း လူတိုးဦးမယ် ဆိုတော့"

"ဩော်ကွယ် ခက်ပါလား၊ မင်းတို့နှစ်ယောက်ကို အဘွားက အိမ်စပေါ်မယူဘဲ လခသက်သက်သာသာနဲ့ တင်ထားတာ လည်းပြန်တွက်ဦးမှပေါ့။ ဒါဟာ အဘွားရဲ့အကြော်ဆိုင်မှာ အမှုသမားတွေ ရစ်နေကြတုန်း၊ မင်းတို့ ကူညီပေးခဲ့တဲ့ ကျေးဇူးကြောင့်ပေါ့။ မဟုတ်ရင် ဒီအိမ်ကို အမိုးပြန်မိုး လိုက်တာနဲ့ စပေါ်လေးငါးသောင်း အိမ်လခ ငါးထောင်



www.burmeseclassic.com

www.burmeseclasslic.com



ခြောက်ထောင် အေးဆေးရပါတယ်။ အဘွားလည်း မြေးလေးတစ်ယောက်နဲ့ လုပ်စားနေရတာ အရင်းစိုက်ပြီး မိုးမပေးနိုင်ဘူးလေ''

ဒေါ်မြမြဆိုသည့် အဘွားကြီးက စကားကို အချွန်အတက်ကလေးတွေနဲ့ ပြော၍ ပြုံးနေသေးသည်။

တာပေါက ဒိုင်ခံပြောနေသမျှ သူရဲနဲ့ယွန်းယွန်းက တစ်ခွန်းမှ ဝင်မပြောသလို ညွှဲသည့် လူကလည်း ပါးစပ်ပိတ်ငြိမ်နေ၏။

''အခု သူက အိမ်မိုးဖို့ စပေါ်သုံးသောင်းကြိုပေးတယ်၊ ဒါပေမဲ့ မင်းတို့ကို ဖယ်မနိုင်းပါဘူး။ တစ်ကိုယ်ရေ တကာယမို့ သူက မင်းတို့နဲ့ အတူနေမှာပါ။ ဘာအပန်းကြီးတာ မှတ်လို့ကွယ်။ ကိုယ့်နေရာနဲ့ ကိုယ်အိပ်ကြပြီးတာပဲ''

''အဘွားက သူ့ပိုက်ဆံပေးလို့ မျက်နှာသာပေးတာမျိုးလား''

''မဟုတ်ဘူးလေ၊ သူပေးလို့ အိမ်မိုးလိုက်တော့လည်း မင်းတို့ မိုးလုံလုံ လေလုံလုံ နေရတာပေါ့ ပြီးတော့''

''ကဲပါ အဘွားလည်း စီးပွားရေးပဲ၊ လူပိုတင်တော့ မင်ငွေပိုရတာပေါ့။ အိမ်ကလည်း ရှိနေတာပဲကွယ်။ တာပေါပြောမနေနဲ့ကွာ၊ အိုးနဲ့ခွက်နဲ့ ချက်ပြုတ်စားသောက်မယ့်သူ တစ်ယောက်မှ မရှိဘူး ဘာမှ မထူးပါဘူး''





ကိုထူးသိန်းတဲ့

လူပုံက မင်းသားရှုံးလောက်အောင် ဝတ်စားထားသည်။

မီးခြစ် ဘောပင် သောက်တဲ့စီးကရက် ဖိနပ် လွယ်အိတ် အသုံးအဆောင်ပစ္စည်းအစစအားလုံးက တကယ့်နိုင်ငံခြားဖြစ် အကောင်းစားတွေချည်းဖြစ်လျက် ညညဆို ကိုးနာရီကျော်ကျော်လောက်မှသာ ပြန်ရောက်တတ်လေသည်။

အိမ်က မိုးပြီးသွားပြီမို့ တာပေါနဲ့ ယွန်းယွန်းက အရင်နေရာမှာပဲ အိပ်ကာ သူက အတွင်းထောင့်နေရာမှာ ခြင်ထောင် အိပ်ရာတစ်လိပ်နဲ့ အိပ်သည်။

သဘောကောင်းပုံလည်းရကာ သူပြန်လာတိုင်း တာပေါတို့အတွက် မားစရာတစ်ခုခု အမြဲပါတတ်သဖြင့် ခုဆို တာပေါနဲ့ လည်း အတော်ကြီး ခင်မင်နေပြီဖြစ်၏။

''မင်းတို့ထဲမှာ မောင်မောင်ဆိုတဲ့ ကောင်လေးကတော့ တကယ့် လူပျော့လေးပဲကွ။ မသိရင် မိန်းကလေးကျနေတာပဲ''

မောင်မောင့်ကို ဝေဖန်တော့ အားလုံးပြုံးဖြစ်ကြပေမယ့် ယွန်းယွန်း မျက်နှာမကျေမနပ် မျက်မှောင်ကုတ်သွားသည်။

''မင်းတို့ အစုံ ဘာခဲ့ထွေပြီးနေကြတာလဲ''



www.burmeseclassic.com

www.burmeseclasslic.com



"သူကတော့ အလုပ်မရှိသေးဘူး။ ကျွန်တော်က မနက်ပိုင်း ကားရေဲဆေးတဲ့အလုပ် ဝင်လုပ်တယ်။ ညနေဘက်ကျတော့ နာရီပိုင်းနဲ့ ကကမောင်းတယ်"

"ဒီအလုပ်နဲ့ လူသုံးယောက် စားနေနိုင်တယ်ဆိုတော့ ဘယ်ဆိုးလို့လဲ"

"ဘယ်လိုလုပ်လောက်မှာလဲဗျ။ ဟိုကောင်က ငွေရှိတယ် သူ့ငွေကျန်လေးနဲ့ မှေးနေရတာပေါ့"

"ကြည့်ရတာ ဟိုနှစ်ကောင်က သူဌေးသားတွေထင်တယ်"

"ဘယ့်ကလာဗျာ၊ အကြောင်းအမျိုးမျိုးနဲ့ ထွက်ပြေးနေကြတဲ့ မိဘမဲ့ လူဆင်းရဲလေးတွေပါ။ သူကတော့ သူ့ပထွေး လက်စွပ် ခိုးရောင်းလာခဲ့တာလေ။

ကိုယ်စီ အတိတ် အကြောင်းတွေကို လူမသိစေချင်တာကြောင့် တာပေါက ပါးစပ်ထဲတွေ့ရာတွေ ပြောနေသည်။

ထူးသိန်းက ခပ်မိန့်မိန့်ကြီးပြုံး၍ ခေါင်းညိတ်နေ၏။

သူ့မျက်ဝန်းထဲမှာ ထူးဆန်းရိပ်တွေ ယှက်ဖြာနေသည်ကို ရိုးသားမှုကို ရိုးသားစွာ ကြည့်နေခဲ့သည့် တာပေါတို့လည်း ဂရုမထားမိခဲ့ကြပါ။





## အခန်း (၁၂)

**တော်ပါကွာ** မင်းထွက်လုပ်ဖို့တော့ ပြောမနေစမ်းပါနဲ့။ မျှဉ်းကျားတောင်မှ မကူးရဲဘဲနဲ့ သောက်ပြဿနာတွေ တက်ကုန်မှာပဲ"

"အဲဒီလို အထင်သေးစကားတော့ မပြောပါနဲ့ဗျ။ အစက မကူးရဲပေမယ့် အခုကူးရဲတယ်၊ ခင်ဗျားတို့ နှစ်ယောက်စလုံး အခု အလုပ်လုပ်နေကြပြီ။ ကျွန်တော်က အိမ်မှာ တစ်နေကုန် ငုတ်တုတ်ကြီး"

"အမလေး အဲဒီငုတ်တုတ်ကြီး ရာထူးက နည်းတယ်မှတ်လို့လား။ ဒီရာထူး မင်းကိုပေးထားတာလေ မင်းဆီက



www.burmeseclassic.com

www.burmeseclasslic.com



ငွေနဲ့ ငါတို့နှစ်လနီးပါး ထိုင်စားခဲ့ရတာကို ငဲ့ညှာသော အားဖြင့် ပေးတာနော်။ အေးအေးဆေးဆေး နေစမ်းပါ ကွာ"

"မနေချင်ဘူးဗျာ။ သူများရှာတာကို ထိုင်စား နေရတာလည်း မျိုမကျဘူး။ ကျွန်တော့်ကိုပါ အလုပ်ရှာပေးပါ။ မပေးရင် ကိုယ့်ဟာကိုယ်ပဲ ထွက်ရှာမယ်"

"ပြဿနာပါလား၊ ခုကျမှ ယောကျ်ားပီသချင်နေတဲ့လူက တစ်မျိုး"

သုံးယောက်သား လမ်းမကြီးပေါ်မှာ တန်းစီလမ်းလျှောက် လာကြရင်း ခွန်းကြီးခွန်းငယ်တွေ ဖြစ်နေကြသည်။

ဒီနေ့ကျမှ ဝင်ငွေလေးတွေ ပိုရလာကြကာ ရုပ်ရှင်သွားကြည့် ကြဖြစ်သည်..

ရုပ်ရှင်ဝင်ကြည့်လိုက် မုန့်ထွက်စားလိုက်
ပြီးတော့ နောက်ထပ်တစ်ရုံ
ပြန်လာကြတော့ ည ဆယ့်တစ်နာရီခွဲ
ယွန်းယွန်း ပျော်နေသည်။

ရုပ်ရှင်ဆိုတာ ပိတ်ကားဆိုတာကြီးပေါ်မှာ အားပါးတရ ကြည့် လိုက်ရတာ အရုပ်တွေအကြီးကြီးဖြစ်ကာ လူတွေလည်း ပြည့်ကျပ်





နေသည်။

ကိုယ့်အဘေးမှာ တာပေါနဲ့ သူရဲတို့လို သူငယ်ချင်းကောင်းတွေ ရှိနေပြီမို့ ဘာမှလည်း မကြောက်တော့ဘဲ ယွန်းယွန်း လွှတ်လွှတ် လပ်လပ်ကြီး ပျော်နေလေသည်။

တစ်ယောက်နဲ့တစ်ယောက် နှစ်လနီးပါး အတူနေလာကြတော့ တရင်းတနှီး ပြောရဲဆိုရဲတွေလည်း ဖြစ်လာ၏။

"ပြောပါဦး မင်းက ဘာအလုပ်လုပ်ချင်တာလဲ"

"ခင်ဗျားတို့လိုပေါ့ ကြုံရာလုပ်မယ်"

"သူရဲက ရေသန့်စက်ရုံမှာ စာရေးလုပ်တာ။ သူက အရောင်း မြှင့်တင်ရေးဆိုတော့ အပြင်ယွက်ရတယ်။ အောက်ဆိုဒ် ရှိတယ်။ မင်းက လမ်းမသိ ဘာမသိ ပညာရေး ကရော ဘယ်လောက်ထိ တတ်လဲ"

"ပညာ"

"အေးလေ"

"ကျွန်တော်"

ယွန်းယွန်း ဘာဖြေရမှန်းမသိ။

ဖေဖေတို့ အပြောအရ သူမ ဆယ်တန်းအောင်ပြီးပြီတဲ့ တက္ကသိုလ်ဆိုတာ ဘာမှန်းမသိပေမဲ့ ဖေဖေတို့က စိတ်မချလို့ မပို့ဘူး



www.burmeseclassic.com

www.burmeseclasslic.com



ဟု ပြောကြသည်။ ယေင်ယေင်ကလိုပဲ အလွတ်တမ်း ဖြေနိုင်းဖို့ဟာ ဆိုကာ ကျူဟာတွေ ပါမောက္ခတွေ အိမ်ကို ဖိတ်ဖို့အထိ စီစဉ်နေပြီးမှ ဖေဖေ အခြေအနေကြောင့် သူမ ဆက်လက်တက်ခွင့် မရခဲ့တော့ပေ။

"ကျွန်တော် ဆယ်တန်းတော့ အောင်ပြီးပြီ"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ။ ဆက်မတက်ဘူးပေါ့"

"မတက်ဖြစ်ဘူး ဖေဖေက စိတ်မချလို့တဲ့"

"ဟမ် ဟား ဟား"

တာပေါက ရယ်သည်။

သူရဲက ပြုံး၍ လမ်းပေါ်က ခဲတစ်လုံးကို ခြေထောက်နဲ့ လှဲကန် ပစ်လိုက်သည်။

"ဖြစ်နိုင်တယ် စိတ်မချဘူးဆိုတာ ဟားဟား"

"ဘာရယ်တာလဲ"

"ရယ်စရာမို့ ရယ်တာပေါ့ကွ။ မင်းကို စိတ်မချတာလည်း မပြောနဲ့ မင်းမုံစံက လူတောတိုးရဲတဲ့ ပုံမှမရှိတာ။ သိုင်းတွေ ဘာတွေ သင်ပေးတာလည်း မင်းကို မင်းအဖေက ယောက်ျား ပီသလာအောင် သင်ပေးတာဖြစ်မယ်"

"ဒါနဲ့ နေပါဦး မင်းသိုင်းတတ်ရဲ့သားနဲ့ ဘာဖြစ်လို့ ကြောက် ဘက်တာလဲ။ ရန်သူနဲ့ရင်ဆိုင်တော့လည်း ခုခံရမှန်း



ပြန်ချရမှန်း မသိဘူး။ ကျဉ်းထဲကျပ်ထဲကျမှ အိပ်မက်ထဲ က လန့်နိုးလာသလိုပဲ"

သူရဲက သူ့ပခုံးကို လှမ်းဖက်၍ မေးသည်။

အဲဒီတစ်ယောက်ဟာ တာပေါကို ဆက်ဆံသလိုမဟုတ်ဘဲ ယွန်းယွန်းကိုဆို သူ့ညီ၊ ညီမတစ်ယောက်လို အလိုလိုက်သလိုလို၊ ချစ်ခင်သလိုလို ပုံမျိုး ပုတ်ခတ်ပွေ့ဖက်လာတတ်သည်။

သူက အမှတ်တမဲ့ပဲ ဖြစ်မည်။

ဟန်ဆောင် ရှောင်ဖယ်နေရတဲ့ သူမှာ မသက်သာ၊

"ကဲ အဲဒါ မသိဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် ဒီပညာ တတ်ထားပေမယ့်။ ဘယ်နေရာမှာသုံးဖို့ ဆိုတာမျိုး မသိ သေးဘူး။ တကယ်အန္တရာယ်ဖြစ်လာရင်တော့ အမှတ် တမဲ့ တုံ့ပြန်မိသွားတာ ကိုယ်ကိုယ့်ကိုယ်တောင် အံ့သြ ပါတယ်"

"အင်း အဆန်းပါလား"

"ဒီမှာ ဒီမှာ"

သူတို့ စကားပြောနေကြတုန်း ကောင်မလေးနှစ်ယောက် ပြေး လိုက်လာကြသည်။ တစ်ယောက်က အနီရဲရဲ ကိုယ်ကျပ်ဝတ်စုံလေး နှင့် ထွားထွားသွယ်သွယ်လေး ဖြစ်ကာ တစ်ယောက်က အနက်နဲ့ အဖြူ ရောသော ကိုယ်ကျပ်ဝတ်စုံနှင့် အနည်းငယ်ဝသော ကိုယ်လုံးက



www.burmeseclassic.com

www.burmeseclasslic.com



ကျပ်ထုပ်စည်းထားသလိုကြီး ဖြစ်နေ လေသည်။

"ဘာလဲ"

နှစ်ယောက်စလုံးက သူ့ရဲနားကို ကပ်၍

"သူမျှားတို့ကို ရှေ့နားက လမ်းထဲထိ ခေါ်သွားပေးပါနော်"

"အဲဒီကို သွားနေတာပဲ မင်းတို့လည်းသွားပေါ့။ ဘာလဲ ချီခေါ်ရမှာလား"

ဘာပေါက စပ်ဖြဲဖြဲနှင့်

"မဟုတ်ပါဘူး။ နောက်မှာ ဟိုကောင်တွေ လိုက်နှောင့်ယှက် နေလို့ အကူအညီတောင်းတာပါ။ ပို့ပေးပါနော်"

"မင်းတို့ကတော့ ဒီလောက်အမှောင်ကြီးထဲ ဘာထွက်လုပ် တာလဲ၊ ပြဿနာလာမရှာနဲ့နော်။ ဟီးရိုးလုပ်တာ ဓါးသွား မပါဘူး"

"ရှင်ကလည်း မေတ္တာစိတ်ခေါင်းပါးလိုက်တာ။ သူ့ကို ဒီက ပြောနေတာပါ"

နောက်မှာ ဂျစ်ကန်ကန် မိုက်ကန်းကန်း ပုံစံနဲ့ လူငယ် သုံးယောက်က ခြေလှမ်းမှန်မှန်နဲ့ ထွက်လာကြ၏။

တာပေါက လှမ်းကြည့်ကာ သူ့ရဲလက်ကို ကောင်မလေးတွေ ကပ်နေတဲ့နားကနေ ဆွဲထုတ်လိုက်၏။



ပြဿနာက စတော့မည်။

"ကိုယ့်ပြဿနာ ကိုယ်ရှင်းကြေးပဲ။ လာ သူ့ရဲ သွားမယ်"

ကောင်မလေး နှစ်ယောက် မျက်နှာလေးတွေ ငယ်ကျသွား တာကို မြင်တော့ သူ့ရဲလက်ကို ပြန်ရုန်း၍ ကောင်မလေးတွေကို မေးဆတ်ပြလိုက်၏။

"ရှေ့ကသွားကြလေ"

ကောင်မလေးနှစ်ယောက် အလုအယက် တက်သွားကြသည်။

သူ့ရဲနဲ့ နောက်က သုံးယောက်ရင်ဆိုင်မိကြတော့ တာပေါနဲ့ ယှွန်းယှွန်းပါ မနေသာတော့ပေ။

"ဟီးရိုး မလုပ်နဲ့ကိုယ့်လူ။ ဒါလမ်းပေါ်ကကိစ္စ မဖယ်ရင် ဖွဲ့မှာပဲ"

"မင်းတို့လည်း သူတို့ကို မနှောင့်ယှက်နဲ့လေ"

"နှောင့်ယှက်နေတာ မဟုတ်ဘူးကွ။ အပေးအယူ ညှိနေ တာ မပြီးသေးလို့"

"အေး ဒါဆိုလည်း သူမျှားမပေးချင်တာကို မယူနဲ့ပေါ့"

"ဟာကွာ ချကွာ"

မှန်ယိုနေသည့် လက်သီးချက်များက မြင်းသည်။

တာပေါ မနေသာလို့ ဝင်ပါရပေမယ့် ပညာမတတ်သူမို့

www.burmeseclassic.com

www.burmeseclasslic.com



အထိနာသည်။ ယွန်းယွန်းက သူ့ရဲ ရင်ဆိုင်နေရသည့် နှစ်ယောက်ကို နောက်ကနေ ပြေးကန်လိုက်သဖြင့် သူ့ဘက်ကို လှည့်လာကြ၏။

လိုအပ်လာတော့ ပညာကမနေ။

တတ်ထားသည်က အဆင့်မြင့် ပညာရပ်တွေမို့ တိုက်ပွဲ အခြေအနေက ချက်ချင်းပြောင်းလဲသွား၏။

နှစ်ယောက်စလုံးအထိနာကာ နောက်ဆုတ်သွားကြ၏။ တစ်ယောက်က ညည်းညူကုန်းကွနေသည်။

"တောက် မင်းတို့မှတ်ထား၊ ဘာမဟုတ်တဲ့ကောင်တွေ ကြောင့် အငြိုးခံတာတွေ့မယ်"

ကြိမ်းဝါးလိုက်သေးသည်။

လှည့်ကြည့်လိုက်တော့ ကောင်လေးနှစ်ယောက် မရှိတော့ပေ။ လမ်းမပေါ်မှာ သူတို့သုံးယောက်တည်း ကျန်နေခဲ့၏။

တာပေါ မျက်နှာမှာ ဖူးယောင်ညိုမည်းကာ နှုတ်ခမ်းမှာ သွေးစတွေနှင့်။

"မင်းကိုထိသွားလား ဘာလို့ဝင်ပါလဲကွ"

"ဩော် အပြောကောင်းတယ်နော်။ မင်းကိုငါ အစကတည်း က ရှောင်ခိုင်းထားတာ နားမထောင်ဘဲနဲ့ ဒီကောင်တွေ ပျာယီပျာယာနဲ့ ပုံစံမဟုတ်တာ။ အကဲမခတ် မိဘူးလား





ခုတော့ သက်သက် အငြိုးထားသွားပြီ"

"ထားထားကွာ။ သူတို့ဘယ်လိုပဲဖြစ်ဖြစ် မျက်စိအောက်မှာ ဒုက္ခရောက်လို့ပါဆိုပြီး အကူအညီတောင်းနေတာကို မျက်နှာလွှဲသွားလို့ ကောင်းမလား။ နောက်မှဘာဖြစ်ဖြစ်"

"အေး အခုလည်း မောင်မောင်ရှိနေလို့ပါ"

"ယောက်ျားပဲကွ။ သူကသာရင် ကိုယ်ရှုံးမှာပဲ ရှုံးမှာကြောက် ပြီး ပွဲမစခင် လက်မြှောက်ပေးရမှာလား"

ရန်ဖြစ်လာကြတာ အိမ်ရောက်တဲ့အထိ တောက်တခေါက်

"အိုက်တယ် ရေချိုးရအောင်"

"ချိုးမယ်"

"မောင်မောင်ရော"

"မချိုးချင်ပါဘူး။ နေ့လည်က ချိုးပြီးသားကို"

ယွန်းယွန်းက အားလုံးမရှိသည့်အချိန်မှာ ရေချိုးခန်းပါသည့် သန့်စင်ခန်းထဲ ရောက်အောင်သွားကာ ရေမိုးချိုးသည်။

အဲဒီကျတော့ မိန်းကလေးဖြစ်ကြောင်း ဝန်ခံပြီးမှ အထဲ ဝင်ခဲ့ရသည်။ ကိစ္စမရှိ ဒီနေရာနဲ့ ရပ်ကွက်နဲ့က အဝေးကြီး။

အသေအချာပုံစံ ဝတ်ဆင်ပြီးမှ အိမ်ပြန်ခဲ့သည်။

အိမ်မှာလူစုံနေလျှင် မချိုးဖြစ်တာများသည်။



www.burmeseclassic.com

www.burmeseclasslic.com



မနေနိုင်လျှင်လည်း အကာအရံမရှိလျှပ ခချိုးတတ်လို့ဟု အကြောင်းပြကာ အပြင်မှာပဲ ထွက်ချိုးလိုက်သည်သာ။

အမေနဲ့အမေက ပုံသွင်းထားတဲ့အတိုင်း နုနုရွံ့ရွံ့နဲ့ ကြီးပြင်းလာခဲ့ရပြီး အရှက်ကြီးတာ အကျင့်ပါနေသည် ဆိုတာကို လက်ခံထားသည့်အပြင် သူရဲတို့အမြင်မှာ ယွန်းယွန်းက မိန်းမလျာလေးလို့မို့ ဒီကိစ္စအတွက်က ပြဿနာ သိပ်မရှိခဲ့ပေ။

သံသယ ဖြစ်လောက်တဲ့အထိလည်း ဘယ်သူကမှ မစူးစမ်းခဲ့ပါ။

 သို့သော် တာပေါက ဖွတ်တရွတ်–

"ယောက်ျားချင်းပဲကွ မိုးလည်းချုပ်နေပြီဥစ္စာ၊ ဆယ့်တစ်နာရီ ခွာယ့်နှစ်နာရီကြီး ငါတို့ကို ဘယ်သူမှ ထမကြည့်ပါဘူး။ ချွတ်ကွာ ရှက်မနေပါနဲ့၊ တိုက်ခိုက်လာရတာ ချွေးနဲ့သံနဲ့"

"ချွေးချွေးသံသံ မချိုးဘူးဗျာ"

တာပေါက ဖွတ်ဆွဲချွတ်တော့မလို ဖြစ်နေသည်မို့ ယွန်းယွန်း အခန်းထဲ လှည့်ဝင်လာခဲ့သည်။

"ကဲပါကွာ သူနေနိုင်လို့နေတာပဲ ရေကောရှိရဲ့လား ကြည့်ပါဦး။ မနေ့က ထည့်သွားတဲ့ ရေဖိုး ငါမပေးခဲ့မိဘူး။ ဒီအိမ်က ရေဖိုးမရတဲ့အိမ်ဆို ရေထည့်ပေးချင်တာ မဟုတ်ဘူး"





"ထည့်ပါတယ်ကွာ ရေစက်ပိုင်ရှင်က ကိုရဲ ကိုရဲနဲ့ ဟဲ ဟဲ မင်းကို စေတနာရှိပါတယ်။ ခုနက မိန်းကလေး နှစ်ယောက်ကိုလည်းကြည့်၊ မင်းနဲ့မောင်မောင် နားကို ပြေးကပ်တာလေ မင်းက စွံပြီးသားပဲ"

"တော်စမ်းပါ မင်းကတစ်မျိုး"

နှစ်ယောက်သား ရေတိုင်ကီ နားကို ဆင်းခဲ့ကြသည်။

"မောင်မောင်ဆိုတဲ့ကောင်က တစ်မျိုးပဲကွ၊ ဒီလောက်တောင် အရှက်အကြောက် ကြီးနေတာ လွန်တယ်"

"မိန်းမစိတ်ဝင်နေတာကိုးကွ။ သူ့ကိုယ်သူ မိန်းကလေးလို မြင်နေတာဖြစ်မှာပေါ့။ ငါနဲ့လာအိပ်နိုင်းလို့မရတာ ကြည့်ပါလား"

"မင်းကလည်း လွန်ပါတယ်။ ဟိုကရှက်တတ်ပါတယ်ဆိုမှ ဘာသွားလုပ်သလဲမှ မသိတာ"

"မင်းသိပါတယ်ကွာ။ တင်တာ ခွတာလေးပါ ဟဲ ဟဲ"

"မင်းလိုကောင် တင်ချင်ခွချင်ပြီး မိန်းမကျတော့ မယူချင်ဘူးနော်။ မိန်းမဆို ပိုမကောင်းဘူးလား နွေးနွေးအိအိလေး"

"မင်းယူပါလား"



www.burmeseclassic.com

www.burmeseclasslic.com



"ငါ့ကို မင်းလိုပေးစားမယ့် အလိုက်သိတဲ့ အဖေမျိုးမရှိလို့ ကွ"

"ပွင့်လို မိန်းမမျိုးလေးဆို ပိုမကောင်းဘူးလား၊ နွေးနွေး အဲ အဲ"

"ကောင်း ဟမ် မင်းယူပါလား"

"ဟား ဟား ဟား "

သူရဲ တဟား ဟား ရယ်ချလိုက်ပြီးမှ ညဥ့်နက်နေပြီကို သတိရကာ ပခုံးတွန့်လျက် ပါးစပ်ပိတ်ပစ်လိုက်သည်။

"ပွင့်ထက်ဝပြီး မင်းထက်အဆများစွာ ရုပ်ဆိုးတာကြီးနဲ့ ညားပါစေဗျာ"

"ပေးတဲ့ဆုနဲ့ လွဲပါစေဗျား"

"သေနာ"

♛♛♛♛♛





## အခန်း (၁၃)

**ကိုထူးသိန်း** ညကဘယ်အချိန်မှ ပြန်ရောက်တာလဲ"

"မင်းတို့နဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ"

"ဟုတ်လို့လား။ ညက ဆယ့်နှစ်နာရီခွဲတော့ ကျွန်တော် ဗိုက်တွေနာလို့ အိမ်သာထသွားရသေးတယ်၊ ခင်ဗျား မရှိပါဘူး"

"**ရှိပါတယ် မင်းမမြင်တာပါ**"

**ခုတလော ထူးသိန်း** အိမ်ပြန်နောက်ကျနေတာ သူတို့သိသည်။



www.burmeseclassic.com

www.burmeseclasslic.com



"ဒီလူကြီး ပွဲစားဆိုပြီး အမှန်အကန်ရော ဟုတ်ရဲ့လား မသိဘူး။ မှုမမှန်ဘူးကွ"

"ဟုတ်မှာပါ။ တချို့ပွဲစားတွေမှာဆည်း အရှောင်လေးတွေ တတ်တာပဲ။ ဘာဖြစ်ဖြစ်ကွာ လိုက်စပ်စုမနေစမ်းပါနဲ့"

သူတို့ တစ်ခါတစ်ခေါ် ပြောမိကြသေးသည်။

ဒီနေ့တော့ ထူးသိန်း မျက်နှာမသာမယာနှင့် ခွေနေသဖြင့်

"ခင်ဗျား အလုပ်မသွားဘူးလား"

"မသွားဘူးကွာ။ ငါစိတ်တွေ အရမ်းညစ်နေလို့"

"ဘာဖြစ်လို့လဲ"

သူတို့ စိတ်ဝင်စားသွားကြသည်။

အပြင်ထွက်ကြခါနီးမှ ထူးသိန်း လှဲနေတဲ့နားမှာ ဝင်ထိုင်လိုက်ကြပြီး။

"ပြောပါဦး။ ဘာတွေပြဿနာ ရှိလို့လဲ"

"ငါကွာ အင်း ဘာပြောရမှန်းတောင် မသိတော့ဘူး"

"ပြောချင်တာကစပြော မပြောချင်တာကို ထားခဲ့"

"မပြောချင်တဲ့ကိစ္စ ဘာမှမရှိပါဘူး။ ငါမိန်းမခိုးမလို့ကွာ အဲဒါ ဘယ်လိုမှ ကြိုးစားမရလို့"

"ဘယ်လို မိန်းမခိုးမလို့ ဟုတ်လား"





"ဟုတ်တယ်။ သူ့မှာ အစ်ကိုတွေ အများကြီး ရှိတယ်ကွ။ သူလည်းထွက်လို့မရဘူး။ ငါလည်း ကပ်လို့မရဘူး။ ဒီနေ့ညတော့ သူ့ကို တခြားပို့ပစ်လိုက်ပြီလို့ ကြားတယ်။ သူဘယ်ရောက်သွားပြီဆိုတာ ငါသိတယ်။ အဓိကက သူ့အစ်ကိုတွေ ပါမသွားဖို့ပဲ"

"သူတို့က စောင့်ရှောက်နေကြတာပဲ ပါမှာပေါ့ဗျ"

"လောလောဆယ် သူတို့မလိုက်နိုင်သေးဘူး။ အဲဒါ ငါသိတယ်။ လက်ကြရင်တောင် ခဏ တဖြုတ် Round ရုံပဲရှိမှာ ငါ့မှာ သွားရဲဖို့ စောင့်ရှောက်ဖို့အဖော်မရှိဘူး"

"ဘာကို စောင့်ရှောက်ရမှာလဲ"

"ငါရှေ့ကဝင်ရင် အပြင်မှာ လှူကြည့်ပေးဖို့ပါ"

"ဟင် သူက အပြင်ထွက်လာမှာ မဟုတ်ဘူးလား"

"အခြေအနေအရလေကွာ။ သူနဲ့ငါက ချိန်းထားတာမှ မဟုတ်တာ။ သူသိအောင် ငါကိုယ်ရောင် ဝင်ပြရမှာပေါ့"

တာပေါ်နဲ့ သူရဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလေ၏။ ထူးသိန်းလိုလူမှာ ဒီပြဿနာ မျိုးရှိလိမ့်မည်ဟု မထင်ခဲ့ကြသလို အံ့ဩမိသလို ဒါမျိုးဆို ကူညီချင်သည့် လူ့သဘာဝ ကလည်း ဆန်းတော့ ဆန်းသည်။



www.burmeseclassic.com

www.burmeseclasslic.com



"တော်တော်ဝေးလား။ ကောင်မလေးက"

"ဝေးတယ်ကွ။ သာကေတထဲမှာ မင်းတို့ငါကို ကူညီကြမလား ဟင် ကျေးဇူးမမေ့ပါဘူးကွာ"

သူတို့လှမ်းကြည့်ဖြစ်ကြပြန်သည်။

"ကူညီတာက ထားပါဦး။ ကျွန်တော်တို့က ဘာလိုက်လုပ် ရမှာလဲ။ အပြင်က လူကြည့်ပေးရုံလောက်တော့ ဖြစ်ပါ တယ်"

"အဲ့ဒီကေ ဒါပဲလိုတာပါ။ ဟဲ ဟဲ ငါအားရှိသွားပြီကွာ။ ဝမ်းသာ လိုက်တာ၊ ငါကလည်း မင်းတို့လိုပဲ ခြေသလုံးအိမ်တိုင် နေရတဲ့ဘဝမှာ တစ်ကောင်ကြွက်ပေါ့ကွာ။ ကူညီတယ်ဆို တော့ ဝမ်းသာတဲ့အထိမ်းအမှတ်ပေါ့ကွာ။ မင်းတို့အလုပ် မသွားကြပါနဲ့ နှစ်ယောက်စလုံးအတွက် နေ့တွက်ခလည်း ပေးမယ်။ ညစာ မနက်စာ ဆိုင်မှာ အကောင်းဆုံးလိုက် ကျွေးမယ် ဘယ်နှယ့်လဲ"

"ဟား ဝမ်းသာတာပေါ့။ ဒီထက်ကောင်းတာတောင် ဒီလောက် မကောင်းဘူး"

သူတို့ ဝမ်းသာအားရဖြစ်ကာ ယွန်းယွန်းကို မျက်စ လှမ်းပစ် ကြ၏။ ယွန်းယွန်းလည်း လမ်းတောလေလေးလို စားဖို့ သောက်ဖို့





ဝမ်းသာအားရ ပြုံးတတ်နေပြီ ဖြစ်၏။

ဖြစ်ရတဲ့ဘဝများ

ဘုံခုနစ်ဆင့်က ခုန်ချလိုက်တာ မြက်ခင်းနုနုလေးပေါ်များ ကျပါတော့လား။ အခုတော့ ပပ်ကြားအက်တွေ ပြည့်နှက်နေတဲ့ လယ်ကန်သင်းထဲက ကောက်ရိုးပုံမှာတဲ့--

ဒါပေမဲ့ သူမ ပျော်တတ်နေလေပြီ။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclasslic.com

## အခန်း (၁၄)

ဝုထင်း မင်းကောင်တွေက စိတ်ချရပါ့မလား"

"စိတ်ချရပါတယ်ဗျာ။ ဟိုနေ့ညက ကျွန်တော့်လူတွေလွှတ်ပြီး သေချာ စစ်ဆေးပြီးပြီ။ အထိုးအနှက် အသတ်အပုတ် တကယ်လျှင်တဲ့ကောင်တွေ။ ချယ်ရီနဲ့မာယာ၊ ကိုယ်တိုင် ချောင်းကြည့်ပြီး သေချာချိုးကျူးတာ။ ဟိုမျက်လုံးပြူးပြူးနဲ့ ကောင်က ဘာမှမဟုတ်ဘူး"

"ဒီကောင်တွေ အခုထိ မင်းကို လုံးဝ သံသယ မရှိတာ သေချာလား"

www.burmeseclassic.com

www.burmeseclasslic.com



"သေချာပါတယ် တကယ့် ငမွတ်လေးတွေပါ။ နည်းနည်းပါးပါး ရေဖျန်းပေးလိုက်ရင် ပြီးသွားတာပဲ၊ ဒီမှာ ကိုမိချောင်း ခင်ဗျားသာ ကိုယ့်ကိစ္စ ကိုနိုင်အောင်လုပ်။ ဒီကောင်လေးတွေ အဖွဲ့ထဲပါလာအောင် ကျွန်တော် ကိုယ်တိုင် ဆွဲယူပြမယ်။ မကြာဘူး ဒီလိုပွဲမျိုး နှစ်ပွဲလောက် သုံးပြီး ရေများများ လောင်းပေးလိုက်ရင် ပြီးပြီ"

မိချောင်းမျက်နှာ ကျေကျေနပ်နပ်ကြီး ဖြစ်သွား၏။

"ကောင်းတယ် မလည်လို့ ရဲနဲ့တိုးတော့လည်း ဒီလို ဘုမသိ ဘမသိ ကောင်တွေကို ထိုးကျွေးလိုက်ရုံပေါ့"

"ဒါပေါ့ ဒါကြောင့်ပြောတာပဲ မပူပါနဲ့ဆိုဗျာ"

သူတို့တွေ အားပါးတရ ကြိစည်နေသမျှ သူရဲတို့ ဘာမှ မသိသေး။ ညဘက်မှာ စွန့်စားဖို့အတွက် သုံးယောက်လုံး ပြင်ဆင်ပြီးပြီ ဖြစ်၏။

"ပြီးပြီလားဟေ့၊ ငါတို့သွားကြရအောင်"

သူတို့စောင့်နေတုန်း ထူးသိန်း ရောက်လာတော့ အားလုံး အတူ ထွက်လာခဲ့ကြသည်။

လမ်းထိပ်ရောက်တော့ အငှားကားပစ်စီးက အဆင်သင့်။ သူတို့ကားပေါ် တက်လိုက်ကြသည်နှင့် မောင်းကားနေသော





သားရေ လွယ်အိတ်နှစ်လုံးကို ခြေထောက်ချသည့်နေရာမှာ ရွှေ့လိုက်ရလေသည်။

"ကိုထူးသိန်း"

"ဟော"

"ခင်ဗျားက မိန်းမခိုးပြီး ဘယ်ကိုခေါ်သွားမှာလဲ။ အိမ်ကို ပြန်မှာ မဟုတ်ဘူးလားဗျ"

"ဘာဖြစ်လို့လဲ တာပေါ"

"ဒီအိတ်ကြီးတွေက ခင်ဗျားအိတ်တွေ မဟုတ်ဘူးလား"

"ဟဲ ဟဲ မိန်းမကိုဆင်ပေးဖို့ပါ။ တစ်ခါတည်း ဖြည့်ပေးတာ ထင်တယ်"

သူရဲတို့ စတာကို ရှေ့ခန်းကနေ ထူးသိန်းက အောင်နိုင်သူကဲ့သို့ ခပ်အုပ်အုပ် ရယ်လိုက်ပြီး။

"အေးပေါ့ကွာ၊ မိန်းမခိုးပြီး အဲဒီအိမ်ပေါ်ပြန်တက်ရင် မိန်းမက ငါ့ကို ချက်ချင်းပစ်ပြေးမှာပေါ့"

"ဘာလဲ စုတ်လို့လား"

"အေးလေ"

"ဒါဆို ခင်ဗျားက ပြီးတာနဲ့ လစ်မှာပေါ့"

"ခဏတစ်ဖြုတ်ပါ။ မင်းတို့ဆီ ငါရောက်လာမှာပါကွာ"



www.burmeseclassic.com

www.burmeseclasslic.com



ကားက အချိန်ခဏကြာတဲ့အထိ ပြေးလွှားနေကာ ဆိတ်ငြိမ်ရပ်ကွက်ကြီးတစ်ခု လမ်းကြားထဲသို့ ကွေ့ဝင်လိုက်လေသည်။

ဩော် ဒါကြောင့် ကိုထူးသိန်းက သူ့ကောင်မလေးကို ဟိုအိမ်ပေါ် မခေါ်ချင်တာကိုး-

ကိုယ်စီတွေးဖြစ်ကြ၏။

"ကဲဟေ့ ဒီမှာဆင်းရအောင်"

အမှောင်မိုက်ဆုံးနေရာမှာ ဆင်း၍ ရှေ့ဆက်ဝင်ခဲ့ကြသည်။ လမ်းက တိတ်ဆိတ်မှောင်မိုက်ကာ လူသူကား တစ်စုံတစ်ရာမျှ အသွားအလာမရှိတော့ပေ။

"ဒီအိမ်ပဲကွ"

"ဘယ်မှာလဲဗျ။ ခြံကြီးသာကြီးတာ အိမ်လည်း မရှိပါလား"

သူတို့လှမ်းကြည့်တော့ ခြံထဲမှာ မီးပွင့်ဝါဝါလေး တစ်ပွင့်သာ မြင်လျက် အလင်းရောင်လည်းမရှိ။ တိုက်တာအိမ်ရာလည်း မမြင်။

"အထဲမှာ ရှိတယ်ကွ။ ဒီခြံက တိုက်မဆောက်ရသေးဘူး။ ဖောင်ဒေးရှင်းပဲရှိသေးတယ်။ နောက်မှာ ပိုင်ရှင်တွေ အိမ်လေးဆောက်နေကြတာ ယာယီပေါ့ကွာ။ အဲဒါ ငါ့ကောင်မလေးရဲ့ ဆွေမျိုးအိမ်ပဲ သူအထဲမှာရှိတယ်"

"ဟုတ်ပါ့မလားဗျာ။ မဟုတ်မဟုတ်လုပ်မိလို့ အားလုံး





အချုပ်ထဲရောက်နေပါဦးမယ်"

"သေချာပါတယ်ကွာ။ အားလုံး အေးဆေးပဲ ပြန်ထွက်ခဲ့မယ်။ တကယ်လို့ အထဲကဆူဆူညံညံ အသံကြားရင် နောက်ကနေ ငါလစ်ပြီလို့မှတ် မင်းတို့ပြန်ဒိုးကြတော့ကွာ"

"ရော့ ရော့"

တာပေါက သူသယ်လာခဲ့ရသည့် အိတ်နှစ်လုံးကို လှမ်းပေး၏။

"မင်းတို့ ဒီမှာ နာရီဝက်လောက်တော့ ခဏစောင့်ပေးကွာ"

"ဟာ နာရီဝက်ဆိုတာ အကြာကြီးပဲဗျ။ ခင်ဗျားက ဘာလုပ်နေမှာလဲ၊ မိန်းမခိုးတာပဲ ကိုယ့်မိန်းမဆီလာတာမှ မဟုတ်ဘဲ"

သူရဲက ခါးခါးသီးသီး ဝင်ပြောသည်။

အိမ်လေးကို သူတို့ ခမ်းလှမ်းလှမ်းမှ မြင်နေရသည်။

ဘေးမှာ ကားနှစ်စီးရပ်ထားတာကိုလည်း မြင်နေရ၏။

သို့သော် အိမ်လေးက လင်းလင်းရှင်းရှင်းမရှိဘဲ တိတ်ဆိတ်လွန်းနေသည့်အတွက် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေ၏။

ဒီနေရာမှာ ကြာကြာမနေသင့်ဘူး ဆိုသည့် အတွေးစိတ်က အလိုလို သတိပေးလာတာ ဖြစ်လေသည်။

မှောင်မိုက်နေသည့် ပတ်ဝန်းကျင်ကိုလည်း လန့်လာသည်



www.burmeseclassic.com

www.burmeseclasslic.com



"အေးပါကွာ။ ငါမကြာပါဘူး၊ ခဏပါ"

ထူးသိန်း ထွက်သွားတော့ ယွန်းယွန်းက တာပေါ်နားကပ်လာသည်။ တာပေါ်က ဟိုကြည့် ဒီကြည့်နှင့် အတားအဆီး မရှိသည့် ခြံတံတိုင်းထဲကို လှမ်းဝင်လိုက်သည်။

"တာပေါ် မင်းဘာလုပ်တာလဲ"

"ဝင်တာလေ"

"ဘာဝင်လုပ်တာလဲ၊ သူများပိုင်နက်ထဲကို"

"လမ်းမှာ ရှုတ်စု ရှုတ်စု လုပ်နေတာ သူများမြင်ရင် ပိုဆိုးတာပေါ့ကွာ။ အထဲမှာဆိုတော့ အိမ်သားလိုလို ဘာလိုလို လာဒ်အထဲဝင်ရပ်နေ"

တာပေါ် ပြောတာလည်း ဟုတ်နေတာမို့ သူရဲကပါ လှမ်းဝင်၍

"ဒီလူလုပ်ပုံက မရိုးသားဘူး တာပေါ်။ မိန်းမခိုးတာကလည်း တစ်မျိုးပဲ"

"ဟုတ်တယ် နိုးကြောင်နိုးဂုက်ဝင်ရအောင် ခြံထဲမှာ လူလည်း မတွေ့ ခွေးလည်းမတွေ့"

"ဟိတ်"

"ဟား"

"ဝုန်း"





"မပြေးကြနဲ့"

ရုတ်တရက် အိမ်ဆောင်ပတ်လည်မှာ မီးတွေ ထိန်ထိန်လင်းလာကာ အသံတွေဆူညံသွား၏။

"ဖြစ် ဖြစ်ကုန်ပြီ ကိုထူးသိန်းကို မိသွားပြီ ထင်တယ်

သူတို့နဲ့ အလှမ်းကွာတာမို့ ကိုယ်လွတ်ရုန်းပြေးဖို့ကို သတိမရကြသေးဘဲ ထူးသိန်း အခြေအနေကို လှမ်းကြည့်လိုက်မိကြ၏။

သို့သော် သူတို့တွေ့လိုက်ရသည်က သမီးရှင်နဲ့တူသော အစ်ကိုတွေ အဖေတွေမဟုတ်ဘဲ ရုတ်ရှုတ်သဲသဲ ပြေးထွက်လာကြသည့် ယောကျ်ားသုံးလေးယောက်အား လှစ်ခနဲ ပြေးကပ်လက်ထိပ် ခတ်ပစ်လိုက်ကြသည့် ရဲတွေ ယူနီဖောင်းအပြည့်နှင့်

"ဟာ ဘာတွေလဲ ရဲ ရဲတွေကွ"

"သွားပြီ။ ဒါ မှောင်ခိုလုပ်နေကြတာ ပြေးတာပေါ် ပြေး"

သူရဲက ယွန်းယွန်းလက်ကို လှမ်းဆွဲ၍ လှည့်ပြေးသည်။ အပြေးကောင်းပေမယ့် ခြေတစ်လှမ်း နောက်ကျသွားခဲ့လေသည်။

"ဟေ့ ရပ်စမ်း"

သေနတ်ကိုင်ထားပေမယ့် ရဲကလှမ်းမပစ်ဘဲ အသံနဲ့အတူ သုံးယောက်ထဲကို ခုန်ဝင်လာသည်။

နောက်က ပိတ်ဝင်လာသည်က နှစ်ယောက်



www.burmeseclassic.com

www.burmeseclasslic.com



"မောင်မောင်"

သူ့ရဲက လှမ်းခေါ်ကာ ယွှန်းယွှန်းခါးကို နောက်ကနေ ဖွေ့ခနဲ ပွေ့မလိုက်၏။

ရဲတွေ ဝရုန်းသုန်းကား ဖြစ်သွားကြသည်နှင့် သူတို့ သုံးယောက် လှည့်မကြည့်စတမ်း ပြေးထွက်ခဲ့ကြလေသည်။

ခုနေသာ လမ်းကြားကျဉ်းကျဉ်း ကွယ်စရာရှိ မနေသည့် အမှောင်ထဲမှာ နောက်ကနေ သေနတ်နဲ့လှမ်းပစ်လိုက်လို့ကတော့ ပစ်မလွဲကြီးဖြစ်လျက် ကားခနဲ ကျကုန်ကြမှာ အသေအချာ။

သို့သော် သူတို့ ကံကောင်း ထောက်မစွာ လွတ်မြောက် ခဲ့ကြလေသည်။

♛♛♛♛♛





## အခန်း (၁၅)

**ဒီလူကြီး** ဆွဲတဲ့အထဲ ပါသွားတာ သေချာပြီကွ အခု ငါးရက်ရှိပြီ ပေါ်မှ မလာတော့တဲ့။ စောင်တွေ ခြင်ထောင်တွေ ကျန်ခဲ့တာ ပွတာပဲ"

"တော်စမ်းပါကွာ။ ငါဖြင့် ကြည့်တောင် မကြည့်ချင်ဘူး။ လူယုတ်မာကြီး ငါတို့ကို သက်သက်ချောက်တွန်းတာ လူကို ထောင်စော် နံသွားတာပဲ"

အလုပ်သွားကြဖို့ အကျီတွေ ကောက်ဝတ်နေကြဆဲ။

"ဟာ သူ့ရဲ ဟို ဟိုမှာ မင်းအိမ်ကကား မဟုတ်လား"

"ဟင် ဟာ ဟုတ်တယ်၊ ဘယ်လိုလုပ်ကြမလဲ လာတာပေါ့"



www.burmeseclassic.com

www.burmeseclasslic.com



တာပေါ် လက်ကိုဆွဲ၍ သူရဲအိမ်ထဲ လှည့်ဝင်သော်လည်း အထဲမှာ ကွယ်ဝှက် ပုန်းနိုစရာ အကာအကွယ် ကောင်းကောင်း မရှိ။

"ဒါ ဘယ်ကိုပြေးမလို့လဲ။ သား သား နေဦး၊ အဲဒီမှာ နေစမ်း အန်တီမာလာ ပြောစရာရှိလို့"

ကားက ခြံထဲကွေ့ဝင်မလာဘဲ နေရာမှာပဲရပ်ကာ ခပ်ဖိုင့်ဖိုင့် အရပ်မြင့်မြင့်နှင့် အတော့်ကိုနုပျိုလှပဆဲ အမျိုးသမီးတစ်ဦး ဆင်းချ လာလေသည်။

သူမမှာ လက်ပွေ့အိတ်ကိုပင် ဟန်ကျပန်ကျ မကိုင်နိုင်ဘဲ သူရဲတို့ ပြေးပြေးလွှားလွှား ဖြစ်ကုန်ကြတာကိုမြင်ကာ ကမန်းကတန်း ပြေးဝင်လာရလေသည်။

သူရဲ ဘာမှ မတတ်နိုင်တော့ဘဲ ခေါင်းကို တဖျင်းဖျင်း ကုတ်၍ ဆောင့်ခနဲ ထိုင်ချလိုက်သည်။

"ဖြစ်ရလေ သားရယ်။ ကြည့်ပါဦး ကြမ်းခင်းဖရိုဖရဲ ထရံ အစုတ်နဲ့ ဒီလောက် ခြေချစရာမရှိအောင် ညစ်ပတ် စုတ်ပြတ်နေတဲ့ နံ့ချာတဲ့ရပ်ကွက်ထဲမှာ ဒီလောက်ကြာ အောင်များ အမလေး ကံကောင်းလို့ ဂေဟာင်းကောင်းမွန် မွန်လေး မြင်ရတာပါလား"





"ကောင်းကောင်းမွန်မွန် မတွေ့ရအောင် ဘာဖြစ်မှာမို့လို့လဲ" ရောက်ရောက်ချင်း သူရဲက ဘုပြောသည်။

"ဘာဖြစ်ရမှာလဲ၊ ဒီလောက် စုတ်ပြတ်တဲ့နေရာမှာ ရောဂါပိုး တွေ အများကြီး ရှိနေနိုင်တာပေါ့ သားလေးရယ်။ သား ဘိုးဘိုးလည်း နေမကောင်းဘူး။ တော်တော့်ကို စိုးရိမ်ရတဲ့ အခြေအနေ ဖြစ်နေတော့ အိမ်ပြန်လိုက်ခဲ့နော် သား"

"လုပ်မနေပါနဲ့ အန်တီမာလာရာ၊ ဘိုးဘိုးက သူ့ကိုယ်သူ အသက် တစ်ရာနှစ်ဆယ် နေရမယ့်သူလို့ ကြွေးကြော်ထား တာ။ သူ့လောက်ကျန်းမာရေး ဂရုစိုက်တာလည်း သူပါ မယုံဘူး"

"ဩော် အန်တီမာလာက သားကို ညာပါ့မလားကွယ်။ ကျန်းမာရေး ဂရုစိုက်တဲ့လူလည်း ဘာသားမို့လို့လဲ ကံကုန်တဲ့နေ့ ဒီလမ်းကို သွားကြရတာပဲ။ ဖေဖေ တကယ့် ကို မကျန်းမာတာ သားရဲ့။ သားကိုပဲ တမ်းတနေတယ် သားရယ်။ သားဘိုးဘိုး သားကို ဘယ်လောက်ချစ်တယ် ဆိုတာလည်း သိသားနဲ့။ ဒီလောက်ဆို တော်လောက်ပြီပေါ့ ကွယ် အိမ်ပြန်ခဲ့ပါတော့နော်"

ဒေါ်မာလာမျိုးက အိမ်[illegible] စတက်လာကတည်းက မနေ[illegible]



www.burmeseclassic.com

www.burmeseclasslic.com



တမ်း ပြောချလာသည်မှာ ထိုင်တော့လည်း သူ့ရဲလက်ကို ဆုပ်ထား လိုက်တာ မလွှတ်တော့ပေ။

"ကျွန်တော် ပြန်မလိုက်ချင်ဘူး အန်တီမာလာ။ စိုးကိုလည်း လက်မထပ်နိုင်ဘူး"

"ဘာဖြစ်လို့လဲသားရယ်။ သားတို့ချင်းက ငယ်ငယ်ကတည်းက သံယောဇဉ်တွေ ဖြစ်ခဲ့ကြတာဆိုတော့ ဒီကိစ္စကို သိပ်ခဲယဉ်းတယ် မထင်လို့ လူကြီးချင်း စကားလွန် နှုတ်ကျံတွေဖြစ်ကုန်ကြတာ"

"သူငယ်ချင်းက သူငယ်ချင်းပဲ။ သူငယ်ချင်းကို ရည်းစား လုပ်ဖို့ ကျွန်တော် ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး။ လက်ထပ်ဖို့ဆိုဝေးရော"

ထိုစဉ် တာပေါက ရုတ်တရက် အကြံပေါ်ကာ

"ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါကွာ။ အန်တီ ဒီကောင် မိန်းမခိုးထားပြီးပြီဗျ"

"ဟင်"

"ဟေ ဘယ်လို"

သူ့ရဲ ကြောင်တက်တက် ဖြစ်သွား၏။

တာပေါက သူ့ရဲဖင်အောက်မှာ ရောက်နေသည့် ခြေထောက်





နဲ့ အသာတို့၍

"သူ့ရည်းစားရှိတာကို မပြောရဲဘဲ ဒီဘက်ကို ခိုးပြေးလာတာ

"သား သားတကယ်လားဟင်။ ဘုရား ဘုရား ဘယ်လို ဟာမတွေလဲ သားရယ်။ ဘယ်မှာလဲ သားမိန်းမ ခေါ်စမ်း"

သူ့ရဲ ဘာပြောရမှန်းမသိ။

တာပေါကပဲ ခပ်ပြုံးပြုံးနှင့်

"သူက ဆင်းဆင်းရဲရဲ မဟုတ်ပါဘူး အန်တီရဲ့။ သူ့ဌေးပါပဲ၊ သူ့မိဘကလည်း ခိုးရာလိုက်ပြေးတယ်ဆိုတော့ စိတ်ဆိုးပြီး အမွေပြတ် လိုက်တာလေ"

"အံမာ သူတို့က ဘယ်လောက်ချမ်းသာလို့လဲ"

ဒေါ်မာလာမျိုး ဒေါသ ထောင်းခနဲ ဖြစ်သွား၏။

"ဒါပေမဲ့ သူလည်း ဘဘလိုပဲ သူ့အဖေ အသည်းအသန် ဖြစ်တယ်ဆိုလို့ ဒီမနက်ပဲ အိမ်ပြန်သွားတာ။ ဒီနေ့ပြန်လာ ဖြစ်မဖြစ် ညနေကျမှ ဖုန်းဆက်မယ်တဲ့ ဟဲ ဟဲ"

"နေပါဦးသားရယ်၊ ဘယ်သူ့သားသမီးလဲ ဘယ်သူလဲ"

"သူ့အဖေနာမည်တော့"

"ဟဲ့ တာပေါ"

"ဗျာ"



www.burmeseclassic.com

www.burmeseclasslic.com



"ငါမင်းကို မေးနေတာ မဟုတ်ဘူး။ ပါးစပ်ပိတ်ထားစမ်[illegible]"

"ဟုတ်ကဲ့"

သူရဲ သူ့အလှည့်ရောက်လာတော့ ဆက်လက် ဖြီးဖျန်း[illegible] လည်ချောင်း ရှင်းလိုက်ရသည်။

လောလောဆယ်တော့ ဒီလို ရုန်းထွက်လိုက်ဖို့အပြင် ဘာမှ[illegible] မရှိ။

"သူ့နာမည် သက်ထားတဲ့၊ သူ့အဖေနာမည်တော့ ကျွန်တော်[illegible] မသိဘူး"

"အံ့ဩပါရဲ့ သားရယ်၊ ကိုယ်ယူတဲ့မိန်းမရဲ့မျိုးရိုးဇာစ်မြစ်[illegible] ကိုများ မသိဘူးပဲ ရှိရတယ်လို့။ ဒါပေမဲ့သားရယ် သူ့ကို[illegible] အန်တီမာလာ စောင့်နေဖို့ အချိန်မရဘူး။ အိမ်မှာက[illegible] လူမမာနဲ့၊ တာပေါ်ကို စောင့်ခိုင်းထားခဲ့ပြီး သားအိမ်ကို[illegible] လိုက်ခဲ့နော်။ ပြီးတော့ သူတို့လိုက်လာကြမှာပေါ့။ သား[illegible] ဘိုးဘိုးကိုတော့ ချက်ချင်းပြောလို့ မရသေးဘူး။ နောက်[illegible] တော့မှ"

"ဟာ မဖြစ်ဘူး။ ဒီလို သူ့ကိုထားခဲ့ရင် သက်ထား ကျွန်တော်[illegible] ကို အထင်လွဲမှာပေါ့။ နောက်ဆိုတာ ခုလောက် မသေချာ[illegible] ပါဘူး။ အန်တီမာလာ သူပြန်လာရင် ကျွန်တော် လိုက်ခဲ့[illegible]





မယ်"

"ဘယ်လိုလဲသား။ သားက ကိုယ့်ကို အသက်သောက်ချစ်တဲ့ ဘိုးအေ တစ်ယောက်လုံးကိုတောင် ဂရုမစိုက်တော့ဘူး ပေါ့ဟုတ်လား"

သူရဲ အိုက်တင် ကောင်းကောင်းနှင့် ခေါင်းခါပစ်လိုက်၏။

"သက်ထားကလည်း ကျွန်တော်ကိုချစ်လို့ သူ့မိဘကို စွန့်လွှတ်ပြီး ကျွန်တော်နဲ့ ဒီတဲလေးမှာဘဝကို ပုံအပ်ခဲ့ တာပါ။ ကျွန်တော်သူ့ကို မငဲ့လို့မဖြစ်ဘူး။ အန်တီမာလာ စိတ်ချလက်ချပြန်ပါ။ သူပြန်လာရင် ကျွန်တော် လိုက်ခဲ့ ပါ့မယ်"

မိန်းမရှိပြီးပြီဆိုလျှင်တော့ မိန်းမထပ်ပေးစားမှာ မဟုတ် တော့ဘူး ဆိုတာကို တွေးမိကာ ပြန်လာခဲ့ဖို့ ကတိပေးလိုက်သည်။

"သားတကယ် လိုက်ခဲ့မှာလား"

"လိုက်ခဲ့မှာပါ။ ဒါပေမဲ့ ကျွန်တော်နဲ့အတူ သက်ထားပါ လာမှာပဲ၊ တိတ်တိတ်ခိုးလာမှာ မဟုတ်ဘူးနော်။ သက်ထား က ကျွန်တော့်မိန်းမ အဖြစ်ပဲ"

ဒေါ်မာလာမျိုး မျက်နှာမဲ့မဲ့ကြီးနှင့် ခေါင်းညိတ်ရှာလေသည်။ လုပ်သလို မဖြစ်တော့လည်း ဖြစ်သလို သုပ်ဖို့ ဆုံးဖြတ် ထားလိုက်



www.burmeseclassic.com

www.burmeseclasslic.com



သည့်ပုံနှင့်။

"ကောင်းပါပြီသားရယ်၊ ဒါဆို အန်တီမာလာ ပြန်မယ်နော်။ သား မနက်ဖြန်လောက်ကိုတော့ ဆက်ဆက်လာခဲ့ပါ"

ဒေါ်မာလာမျိုး ပြန်သွားတော့ တာပေါ ခွက်ထိုးခွက်လန် ရယ်တော့သည်။

"သူတောင်းစား သေအောင်ရယ်၊ အဲဒီမှာ ဘယ်လိုလုပ်မလဲ။ မင်း ကလိုက်တဲ့ဇာတ် တစ်ခါတည်းဇာတ်သိမ်းပေးနော်။ မဟုတ်ရင် ဒါကြည့်"

သူရဲက တာပေါ မျက်နှာကြီးမှာ လက်သီးနဲ့ ကပ်ဖိလိုက်၏။ တာပေါက အရယ်မပျက်ဘဲ။

"ဘယ်က ဇာတ်သိမ်းရမှာလဲ။ ခုမှ ကရမှာ မင်းကရမှာကွ၊ နှစ်ပါးသွားလေ ဟား ဟား"

"ခွေးသူတောင်းစား မရယ်နဲ့နော်၊ ငါက ဘယ်မိန်းမနဲ့ နှစ်ပါးသွား ကရမှာလဲ"

"ပွင့်နဲ့လေ"

"အဲဒါ မင်းဘိုးအေနဲ့ ပေးစားပါလား"

"နည်းသေးတယ်တဲ့ကွာ ဟား ဟား"

တာပေါက သူရဲ ဒေါသထွက်လေ ရယ်လေ။





"ငါလည်း ဘယ်သိမလဲကွ။ မင်းအခက်အခဲကို ဖြေရှင်းဖို့က ဒီနည်းပဲရှိတဲ့ဥစ္စာ။ အခုမင်းတစ်ထစ် အေးမသွားရဘူးလား"

"အေးသွားတာ မဟုတ်ဘူး။ ရှုပ်ကုန်တာ၊ ဘယ်မှာလဲ မိန်းမ"

"မင်းရှာလိုက်ပေါ့ကွာ ရေစက်အိမ်က"

"ဟိတ်ကောင် မင်းတော့နော် ငါထိုးမိတော့မယ်"

တာပေါက နေရာရွှေ့ထိုင်လိုက်ပြီး အောက်ကို ငုံ့အကြည့် လမ်းထိပ်က မုန့်ဟင်းခါးဝယ်၍ ပြန်လာသည့် ယွန်းယွန်းကို လှမ်းမြင် လိုက်ရာ ရွှေဉာဏ်တော်စူးရောက်လျက်။

"တွေ့ပြီကွ"

"ဘာတွေ့တာလဲ၊ မင်းကြီးတော်ရဲ့ လင်ငယ်လား"

"တကယ်ပြောနေတာ မင်းအခု ညာလိုက်ပြီလေ၊ ဆက်ညာ ရဦးမှာ"

"ဘာလဲ"

ထိုအချိန်မှာ ယွန်းယွန်းက လမ်းမှာ ရှုံ့ဗွက်တွေပေလာသည့် ခြေထောက်ကို ဆေးနေတုန်း ဖြစ်၏။

"ဟိုမှာလေ မောင်မောင်"

"မြင်တယ်လေ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclasslic.com



"ဟား ဟား ဟား တော်း မင်း ဘာမြင်တာလဲ မောင်မောင် ဘယ်လောက်ချောလဲ မင်း မမြင်ဘူးလား။ ခုဆို ဆံပင်တွေ ရှည်လာပြီ ဆံပင်အုပ်အုပ်လေးနဲ့ ဘယ်လောက်ချောသလဲ။ ဒီကောင့်ကို နည်းနည်း ပြုပြင်ပေးပြီး လက်ဆွဲသွားကွာ ပွဲသိမ်းပြီ"

"ဟင်"

သူ့ရဲ မျက်လုံးပြူးလျက် ဘာမှ မပြောနိုင်။

♛♛♛♛♛





## အခန်း (၁၆)

**ကိုယ့်မှာ** အတော်အတန်ဆို ရင်ဆိုင်ရဲနေပြီဖြစ်သည့် သတ္တိလည်း ရှိခဲ့ပြီ။ ငွေလက်ကျန်နဲ့ ရတနာလည်း ရှိသေးသည်။ အဆောင် မှာသွားနေရင်း ကိုယ့်ဘဝကို ကျောင်းဖို့ ဆုံးဖြတ်၍ အိပ်ရာက စောစောလေး ထလိုက်၏။

ခေါင်းရင်းမှချထားသည့် ကိုယ့်အဝတ်အိတ်ကို အသာ လှမ်းဆွဲကာ အိပ်ပျော်နေသူနှစ်ယောက်ကို သေချာကြည့်လိုက်သည်။

အားလုံးအိပ်ပျော်နေကြပြီဖြစ်၏။

"တောင်းပန်တာပါ မောင်မောင်ရာ။ လောလောဆယ် ဟိုမှာ



www.burmeseclassic.com

www.burmeseclasslic.com



စီစဉ်ထားတဲ့ကိစ္စ ပျက်သွားရုံပါပဲ။ မင်းယောက်ျား ပဲကွ။ ဘာမှဖြစ်သွားလောက်တဲ့ ကိစ္စလည်း မဟုတ်ဘူး။ သူ့ရဲ့ မိန်းမလို ခဏလေး မိန်းမလိုဝတ် ဟန်ဆောင် လိုက်သွားရုံ ပဲ အလွန်ဆုံး သုံးရက်လောက်ပါပဲ။ သူတို့ လက်ခံသွားတာနဲ့ မင်းပြန်လို့ရပြီ။ ကျန်တာ ငါတို့ကြည့် လိုမ့်မယ်။ အပေါင်း အသင်းချင်း ဒါလေးတောင် မကူညီ ချင်ဘူးလား"

"ဟုတ်ပါတယ်ကွာ။ မင်းပုံစံနဲ့ဆို မိန်းမလိုဝတ်လိုက်ရင် ဘယ်နေရာမှ အခက်အခဲဖြစ်စရာ မရှိဘူး။ ခဏလေး ကူညီပါ"

သူဘယ်လိုပဲ ငြင်းငြင်း ဖွတ်ပြောနေကြသည်။

ဆက်ငြင်းဖို့ကလည်း မဖြစ်နိုင်တော့ပေ။

တကယ်တမ်း သူယောက်ျားလေး ဆိုလျှင် ဒီကိစ္စက ပြဿနာ မရှိပေမယ့်။

သူ သူက မိန်းကလေး ဖြစ်နေသည်။

တစ်သက်လုံးဖုံးသမျှ ညာဖို့ကြိုးစားကာမှ အစစ်အမှန်တွေ ပေါ်လာတော့မယ့် အဖြစ်ကို သူမအရောက်မခံနိုင်ပေ။

ရှေ့ဆက်လျှောက်ဖို့ သူမဘဝအတွက် ကာလဟာ အကန့် အသတ်မရှိ။





ခုချိန်မှာ မိန်းကလေးဆိုတာကို ဘယ်လိုမှ အသိခံလို့မဖြစ်ပါ။ မနက်မိုးလင်းတာနဲ့ အလုပြင်ဆိုင်ကို သူတို့က ခေါ်မည်။

မိန်းကလေးလို ပြင်ဆင်ပြီးသည်နှင့် ပဲခူးကို ဆက်သွားကြတော့မည်။ ယွန်းယွန်း အံကလေးကြိတ်၍ နေရာမှထလိုက်သည်။

ဩော် ညမှောင်မှောင်ထဲမှာ သူမ ပြေးရဦးမည်ပေါ့။

သို့သော် ယွန်းယွန်း အိမ်ခြံဝရောက်သည်နှင့် နောက်ကနေ တစ်စုံတစ်ယောက်က ဖမ်းဆွဲလိုက်ခြင်း ခံရလေသည်။

"မောင်မောင်"

"ဟင်"

ယွန်းယွန်း လန့်ဖျန့်သွား၏။

"ဒါ ဘယ်သွားမလို့လဲ"

သူ့ရဲ့က သူ့ပခုံးကို ဆုပ်ကိုင်ကာ မျက်နှာချင်းဆိုင်လိုက်ပြီး "မင်းဘာဖြစ်တာလဲ၊ ဘယ်သွားမလို့ နိုးထွက်တာလဲ။ ငါတို့ ပြောထားတဲ့ ကိစ္စကြောင့် မဟုတ်လား"

"ဟို"

မောင်ဇမောင် သူ့ရဲ့ မျက်နှာတင်းတင်းကြောင့် ဘာပြောရမှန်း မသိ။

"မင်းကို ငါတို့က အပေါင်းအသင်း စိတ်ဓာတ်နဲ့ ကူညီမလား



www.burmeseclassic.com

www.burmeseclasslic.com



လို့၊ ပြီးတော့ ဒါ သိပ်အပန်းမကြီးဘူး ထင်လို့ အကူအညီ တောင်းခဲ့တာ''

''မဟုတ် ဟို ဟို ကျွန်တော်''၊

''မကူညီနိုင်ဘူးဆိုလည်း ရပါတယ်။ ဒီအတွက် မင်းမှာ သိပ်ကို အပန်းကြီးနေတယ်ဆိုရင် ပွင့်ပွင့်လင်းလင်း ပေါ့ကွာ၊ ယောက်ျားပဲ ထွက်ပြေးဖို့အထိ မပျော့ညံ့စမ်းပါနဲ့''

''ကိုရဲ ကျွန်တော် ကျွန်တော် မကူညီချင်လို့ မဟုတ်ပါဘူး''

''မဟုတ်ရင် ဘာလဲ ပြောစမ်းပါကွာ။ မင်းလုပ်ပုံကို ငါတကယ် စိတ်ဆိုးတယ်၊ အထင်လည်းသေးတယ်၊ မင်းကို ဘယ်သူမှ ကြိုးတုပ်ခိုင်းနေတာ မဟုတ်ဘူး။ ခေါင်းညိတ်ဖို့ ခေါင်းခါဖို့ မင်းမှာ အခွင့်အရေးတွေ ရှိတာပဲ''

ယွန်းယွန်း ဘယ်လိုမှ ထိန်းချုပ်လို့မရတော့ဘဲ သူ့လက်တွေကို ဖယ်ချကာ တဖက်လှည့်ပစ်လိုက်၏။

''မောင်မောင်''

သူရဲက ဒေါသသံနှင့်ခေါ်၍ ရှေ့ကပိတ်ရပ်ကာ ယွန်းယွန်း ပခုံးကို ဆွဲခါလိုက်၏။

''ဖယ်ပါ''

ယွန်းယွန်း မျက်နှာမော့လာတော့ မီးရောင်မှိန်မှိန်အောက်





မှာ လက်ခနဲ မြင်လိုက်ရသည့် မျက်ရည်များကြောင့်။

''ဟင် မင်း မင်း ဘာလို့ငိုတာလဲ မင်း''

ပြောလိုက်မှ အင့်ခနဲ ငိုရှိုက်လိုက်လေရာ သူရဲ တစ်ခုခုကို ထိတ်ခနဲ ခံစားမိလိုက်ပြီး။ ယွန်းယွန်း မျက်နှာလေးကို ဆွဲမော့လိုက်၏။

''ဖယ် ဖယ် ကျွန် ကျွန်တော့်ကို ခင်ဗျား မုန်းသွားတယ် မဟုတ်လား။ မုန်းပါ ဟုတ်တယ် ကျွန်တော် မကူညီနိုင်ဘူး။ ဘာဖြစ်လို့လဲ သိလား''

''သိပြီ''

သူရဲ တုံ့ဆိုင်းဆိုင်း ပြောကာ ဆုပ်ကိုင်ထားသည့် လက်တွေ ပြုတ်ကျ သွားလေသည်။

မောင်မောင်ဟာ တကယ့်မိန်းကလေး တစ်ယောက်ပါလား။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclasslic.com







## အခန်း (၁၇)

**ကြော် ဒါဆိုလည်း** ကောင်းတာပေါ့ကွာ။ ငါတို့ကတော့ မင်း အဲ မင်းကို ယောက်ျားလေးလို့ပဲ ထင်ထားပါတယ်။ အခု မင်းရဲ့ ဇာတ်အကြောင်းကို သိလိုက်ရတော့ ပိုပြီးတော့တောင် ထောက်ခံပေးချင်သေးတယ်။ မင်းဒီလို ဟန်ဆောင်ထားနိုင်လို့ အန္တရာယ်ကင်းကင်း နေနိုင်ခဲ့တာပဲ''

''ဒီတော့ကွာ မင်းလည်း ဆက်ဟန်ဆောင်ပါ။ ငါတို့ကလည်း ဖုံးဖိကူညီပါ့မယ်။ ယောက်ျားဆိုတုန်းကလည်း ညီလေးပေါ့။ မိန်းကလေးဆိုတော့လည်း ကိုယ့်စိတ်ထဲမှာ ညီမလေး လို



www.burmeseclassic.com

www.burmeseclasslic.com



သဘောထားနိုင်တာပဲ၊ ငါတို့ သိက္ခာကို ယုံကြည်ပါ။ ဒါပေမဲ့ အခုကိစ္စကိုတော့ မင်းကူညီမှ ဖြစ်မှာ''

တာပေါက ဒီဘက်ကိုပဲ ပြန်ဆွဲယူနေသည်။

''တာပေါ''

''မင်းအသာနေစမ်းပါ သူရဲရာ။ သူ ငါတို့ဆီကနေ ခွဲသွား သွားမှာကို မင်းစိတ်ချသလား။ ငါလည်း စိတ်မချဘူး။ သူဟာ ငါတို့နဲ့ အတူရှိနေတာထက် ဘာက လုံခြုံမှာလဲကွ မောင် အဲ ဘာတဲ့ နှင်းငွေ့ယွန်းယွန်း ဟုတ်လား''

''ယွန်းယွန်းပါ ဒါပေမဲ့ မောင်မောင်လို့ပဲခေါ်ပါ''

''အေး မင်း ငါတို့ကို ယုံကြည်ရဲလား''

''ယုံပါတယ်''

''အေး ဒါဆို ခုကိစ္စကိုလည်း ယုံယုံကြည်ကြည် ကူညီပေးပါလား။ ဒီကော်ဘင်အိမ်ကိုလုံးဝ မပြန်ရဲတဲ့အဖြစ်ဟာ မင်းကူညီပေးလိုက်တာနဲ့ အားလုံးအဆင်ပြေသွားမှာ။ ဟိုမှာ မင်း ငါတို့နဲ့ အတူနိုလုံ့နေတာ ပိုလုံခြုံပါတယ်။ ဒီအတွက် သူရဲနဲ့လက်ထပ်ထားတဲ့ မိန်းမအဖြစ် အကြာကြီးနေပေးရမယ်လို့ ပြောတာမဟုတ်ဘူးနော်။ မိုးပြေးကလေးအဖြစ် ပွဲပျက်ရုံ ရှာပေးဖို့ပါ။ ကျန်တာ ငါတို့ကိစ္စ''





''ဖွတ်မပြောနဲ့ တာပေါ။ သူ့ဘက်က ဆံပင်တွေ မျက်ခုံး မျက်တောင်တွေကိုပါ အခုံးခံခဲ့တဲ့အထိ စွန့်စားထားခဲ့တာ''

''အခုံးခံပေမယ့် ဆုံးကုန်တာမှ မဟုတ်တာ။ ဆံပင်လည်း ရှည်နေပြီ၊ မျက်ခုံးနေရာလည်း ပြန်မည်းနေပြီ မျက်တောင်က ပိုကော့လာသေးတယ်။ ဒီကိစ္စပြီးတော့ ပြန်လုပ်ပစ်လို့ရတာပဲ။ နောက်ပြီးတော့ သူလည်းသူ့အိမ်ပြန် မင်းလည်း မင်းဟာမင်းနေ ဘယ်သူသိမှာလဲ။ ဘဘကလည်း ဟိုမှာ စကားကျွံပြီးသားကိစ္စကို ကလန်ကဆန် လုပ်ရမလား ဆိုပြီး မင်းတို့ကို သဘောတူမှာ မဟုတ်ဘူး။ အိမ်ပေါ်က ပြန်ကန်မချရင် ကံကောင်း၊ ဒါဆို ပြီးနေပြီ ကွာ''

''တော်ပြီ ငါအိမ်မပြန်တော့ဘူး''

''မဟုတ်ဘူးလေ မင်းအဘိုး တကယ်ဖြစ်နေတာကို မင်းပစ်ထားမှာလား။ ဒီအတိုင်းသွားရင်လည်း ဟိုက ရောဂါအကြောင်းပြပြီး ကွဲခနဲပေးစားပစ်မှာပဲ။ မေမီစိုးက မင်းကို ကတွတ်ဝက ဗျိုင်းစောင့်သလို စောင့်နေမှာ မယုံမရှိနဲ့''

သူရဲ အိပ်ယာထဲပစ်လှဲကာ ခေါင်းအောက်လက်နှစ်ဖက်သွင်း၍ မျက်လုံးတွေ မှိတ်နေလိုက်၏။

ငြိမ်သက်နေခဲ့သော ယွန်းယွန်းထံမှတော့ ငြင်းဆန်သံ ထပ်မံ



www.burmeseclassic.com

www.burmeseclasslic.com

လွက်ပေါ်လာခြင်း မရှိတော့ပေ။

မလွယ်ပါလား။

♛♛♛♛♛





## အခန်း (၁၈)

**အလှမြင်သန်းထဲက** လှမ်းမွက်လာသည့် ယွန်းယွန်းကို လှမ်းကြည့်မိတော့ နှစ်ယောက်လုံး ငေးခနဲ ဖြစ်သွားကြ၏။

လူကြီးဆီ သွားရမှာမို့ တာပေါ် စီစဉ်ပေးတဲ့အတိုင်း ပုစွန်ဆီရောင် ဖာအထူခါးကျ လက်စကလေးနှင့် မှုန်အိနေသော ပုစွန်ဆီရောင် ထမီကို ဝတ်လို့။

ပါးရိုးနဲ့ နားရွက်အောက်ဖျားနားထိ နှစ်ထပ်ပုံသွင်းညှပ်ပစ်လိုက်သည့် ဆံပင်လေးက အိနွဲ့နေသည်။

မျက်ခုံးတန်းလေးကလည်း ထင်းနေပြီ။



www.burmeseclassic.com

www.burmeseclasslic.com



နှုတ်ခမ်းမှာ ဆေးသွားဖျော့ဖျော့နှင့် မျက်ခွံလှလှလေးမှာ ရွှေရောင်ဖျော့ဖျော့ရှဲဒိုးလေးကို တင်ထားသည်။

ယွန်းယွန်းအနားရောက်လာမှ သူရဲ့ ဖျတ်ခနဲမျက်နှာလွှဲပစ်လိုက်၏။

ထိုခဏမှာ ရင်ထဲက တဒိတ်ဒိတ် လှုပ်ရှားနေတာကို သတိထားမိတော့၊ ကိုယ့်ကိုယ်ကိုယ် မကျေနပ်၊ အဝေးပြေး ကားဂိတ်ရောက်တော့ ကားကကျပ်နေပြီ

"ကဲ အချိန်မလင့်ရအောင် နောက်ကား စောင့်မနေနဲ့ကွာ
ရှေ့ခန်းမှာ ငါပြောခဲ့တယ် မင်းတို့ရှေ့ခန်းကိုသွားကြ ငါ
နောက်ကပဲစီးမယ်"

သူရဲ့ ကားရှေ့ခန်းကို ရောက်တော့ ပခုံးချင်း ထပ်ထိုင်နေရသည့် ယွန်းယွန်းကို မကြည့်မိအောင် ကြိုးစားနေရသည်။

ယွန်းယွန်းကလည်း အသံတိတ်ကလေး မျက်လွှာလေးချထား၏။ ထိုအထဲမှပင် သူမှန်ကိုမော့အကြည့်၊ ယွန်းယွန်းကလည်း မော့ကြည့်လိုက်သည်နှင့် ဆုံစည်းရာ—

"ဟင်"

သူ ရှက်ကန်းကန်းနှင့် ရယ်မိသည်။

ယွန်းယွန်းက မျက်စောင်းလေးထိုး၍ မျက်လွှာချပစ်၏။





ခက်ပါလား၊ လက်ဖဝါးလေးတောင်မှ မကိုင်ရဲတော့ပါပဲ. ရင့်တွေခုန်နေလိုက်တာ ကုလားဘုရား လှည့်နေတဲ့အတိုင်း။

♛♛♛♛♛

www.burmeseclasslic.com



## အခန်း (၁၉)

**သိတယ်** ဘိုးဘိုး အားလုံး သိပြီးပြီ. . . အင်း. . . လူငယ်တွေ တော်တော်လည်း ထင်ရာလုပ်တတ်ကြတာကိုး"

သူတို့ထင်သလို ဒေါ်တွေမောတွေနှင့် မဟုတ်အဲ အိပ်ရာထဲမှာ ခပ်မှိုမှိုလှဲနေရင်း ဘိုးဘိုးက ခေါင်းခါညည်းညူရှုံ့နဲ့ ပြီးသွားလေသည်။

"ဒါနဲ့ မိန်းကလေး မိဘတွေက ဘယ်သူတွေတုံးကွယ်"

"ဟိုက ဟိုက"

"သူ့မှာ အဖေပဲရှိတော့တယ် ဘိုးဘိုး။ သူ့အဖေက ကျွန်တော်



www.burmeseclassic.com

www.burmeseclasslic.com



ရေး မကောင်းဘူး။ လိမ့်ကျပြီး ကိုယ်တစ်ပိုင်းချည့်နေလို့ ငိုးချွဲနေ့နေရတာ''

''ဟော ဘယ်သူတဲ့တုံး။ ဘာလုပ်တာတုံး''

''ဦး ဦးကျော်မျိုးနှင်းပါ ဘိုးဘိုး။ ဘာမှမလုပ်နိုင်ပါဘူး''

''ကွယ် ဒါကို ယောက်ျားနောက် လိုက်လာခဲ့တော့ ဖအေကို ဘယ်သူက ပြုစုမှာလဲ မိုက်လိုက်တာကွယ်''

''ကဲပါ ဖေဖေရယ်၊ ကလေးတွေကို ဆူမနေပါနဲ့တော့။ စိုးတို့နဲ့ကိစ္စကလည်း ညက ဖေဖေပြောဆိုပြီးပြီဥစ္စာ။ သားနဲ့ သမီးကို လက်ထပ်ပေးဖို့ပဲ စီစဉ်ပါတော့နော်။ ကလေးတွေ ကွယ်ရာမှာထင်သလို သွားလာလုပ်ကိုင်နေရတဲ့ အဖြစ်တော့ အရောက်မခံပါနဲ့တော့ ဖေဖေရယ်''

မြတ်စွာဘုရား

ယွန်းယွန်း လက်ဖဝါးလေးထဲမှာ ချွေးစေးတွေ ပြန်လာသည်။ တာပေါ် ခေါင်းကုတ်၍ လစ်ထွက်သွားလေပြီ။

သူ့ရဲ့ နှာခေါင်းပွတ်လိုက် ဆံပင်ဖွလိုက်နှင့် ယွန်းယွန်းကို မကြည့်ဘဲ မျက်လုံးကို ဟိုပို့ ဒီပို့ လုပ်နေ၏။

''အေးလေ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ။ မိန်းကလေး ဘက်က လူမမာသည်လည်း ခုလောက်ဆို သမီးအတွက်





သောကများနေရှာပြီပေါ့။ အားလုံးအဆင်ပြေအောင် ဘိုးဘိုး လုပ်ပေးမယ်။ မိန်းကလေးဘက်က မနစ်နာရအောင် မင်္ဂလာကိစ္စကို အမြန်ဆုံးသာ စီစဉ်ပေတော့။ သမီး မိန်ကလေး ရှင်ကျေနပ်ပါစေကွယ်''

''ဟို ဟို ဟိုလေ''

''သမီးက ဘာပြောစရာရှိလို့လဲ ပြော ပြော''

''ဟာ ဟိုဘာမှမလုပ်ဘူး အန်တီမာလာ၊ သူ့အဖေက ခုထိ စိတ်ဆိုးမပြေသေးဘူး။ အဲဒါ မင်္ဂလာကိစ္စကို သူလောလောဆယ် လက်ခံမှာမဟုတ်ဘူးလေ''

''ဒါက ဖြစ်တတ်တာပဲ။ အန်တီမာလာတို့က ကျေနပ်အောင် ကမ်းလှမ်းရမှာပေါ့''

''အခု မလွယ်သေးဘူး အန်တီမာလာ။ ပြီးတော့ သူ့အိမ်က ဝေးတယ်''

''ဝေးတော့ ဘာဖြစ်လဲ''

သူ့ရဲ့ ခေါင်းကို ဖွပစ်လိုက်မိပြန်သည်။

''မင်းတို့က ဘာဖြစ်နေကြတာလဲ၊ မိန်းကလေးရှင်ဘက်က မကျေနပ်ဘူးဆိုတာ မဆန်းပါဘူး။ ခိုးရာလိုက်တာကို ဘယ်မိဘမှ မကြိုက်ကြဘူး။ ဒါပေမဲ့ မင်းက အိမ်မှာ



www.burmeseclassic.com

www.burmeseclasslic.com



မိန်းကလေးကို ဒီအတိုင်းကြီး ခေါ်တင်ထားရင် သူ့မိဘရော သူရော ဘယ်လောက် သိက္ခာကျသလဲ။ တစ်ဖက်က ကျေနပ်တာ မကျေနပ်တာ အသာထား၊ မင်္ဂလာတိစွက်ကို တော့ အမြန်ဆုံး စီစဉ်ရမှာပဲ။ ငါတို့လူကြီးတွေကိုတော့ ပုတ်ခတ် မခံနိုင်ဘူး''

''သွားပြီ''

အကြီးအကျယ်တွေ ဖြစ်ကုန်လေပြီ။

ယွန်းယွန်း တိုက်မွဲ ရှုံးသွားသူကဲ့သို့ မျက်နှာလေးမှာ သွေးမရှိ တော့သည့်နှယ်။

* * * * *





## အခန်း (၂၀)

**ငါတောင်းဆန်ပါတယ်။** ဒီအထိ လုံးဝမရည်ရွယ်ပါဘူး။ ယွန်း ရယ် တကယ်ပါ''

''မရည်ရွယ်ပေမယ့် အခု ဖိတ်စာတွေ ရိုက်နေပြီ။ အဲဒါ ဘယ်လိုလုပ်မလဲ''

''ဖိတ်စာရိုက်နေပေမယ့် ခြံထဲမှာပဲ အကျဉ်းချုံးညှိခံပွဲ လုပ်မှာပါ''

'' ဒီမှာ နေရထိုင်ရ သိက္ခာရှိအောင်လို့ပါ''

''အို သိက္ခာမရှိတော့ ဘာဖြစ်လဲ။ ခင်ဗျားပဲ ဟိုကိစ္စ



www.burmeseclassic.com

www.burmeseclasslic.com



ပျက်တာနဲ့ ပြန်လွှတ်မှာဆို''

''ပြန်လွှတ်ရမှာလည်း စိတ်မချလို့ပေါ့ကွ။ မင်းဒီမှာနေတာ ဘာဖြစ်သွားမှာမို့လို့လဲ''

''ခင်ဗျားနဲ့လက်ထပ်ရတော့မယ်လေ''

''မင်္ဂလာရက်က လိုပါသေးတယ်။ ငါကြံပါဦးမယ် ယွန်းရယ်။ အခုက မင်းကို အန္တိမာလာကိုယ်တိုင်က ချစ်ပြီး မျက်စိအောက်က အပျောက်မခံတာ''

''ခင်ဗျား အကြောင်းတွေမပြနဲ့နော်။ ဘယ်မှာလဲ ကိုတာပေါ''

''ဒီကောင် ဒီရောက်ကတည်းက ဘယ်ပျောက်နေမှန်းကို မသိဘူး''

''ဟင်း ဒါရိုက်တာကြီး သိပ်မုန်းဖို့ကောင်းတဲ့လူကြီး''

ယွန်းယွန်း မျက်ရည်လည်ကျ မေတ္တာပို့နေတော့၊ သူရဲ ပြုံး၍ တစ်ဖက်လှည့်နေ၏။

''ခင်ဗျားက ဘာရယ်တာလဲ''

''ပေါဗျာ''

''သမီးလေးရေ ဒီမှာ ဝတ်စုံရွေးလာပြီးပြီ။ လာကြည့်ပါဦး''

''တွေ့လား''

ယွန်းယွန်း မျက်ရည်စကို တစ်ဖက်လှည့်သုတ်၍ မကျေမနပ်





လေး ထွက်သွားတော့၊ သူရဲက နောက်ကနေ ငေးကြည့်နေဆဲ

သိပ်လှတာပဲ ယွန်းရယ်

တိုးတိုးလေး ညည်းမိလျက်။



www.burmeseclassic.com

www.burmeseclasslic.com







## အခန်း (၂၁)

**ချစ်စရာ** ကောင်းလိုက်တာ သမီးလေးရယ်"

"ဟုတ်ပနော် နှုတ်ခမ်းလေးကိုက လှနေတာ"

ချီးမွမ်းလိုက်ကြတာ

အားလုံး လူတွေထဲမှာ ယွန်းယွန်း ပြုံးရမှန်းမသိ လောက်အောင် စိတ်ထဲမှာ စိုးရိမ်ထိတ်လန့်နေသည်။

များပြားသောလူတွေထဲမှာ သူမကို သိသည့် လူတစ်ယောက် တလေများ ပါနေသလား။

ဒေါ်နှင်းငွေရည်နဲ့ ပတ်သက်တဲ့သူ သို့မဟုတ် သူမကိုယ်တိုင်



www.burmeseclassic.com

www.burmeseclasslic.com



များ ယွန်းယွန်းကို ရှာဖွေရင်း တိုက်တိုက်ဆိုင်ဆိုင် ဒီပွဲထဲ ရောက်နေလေသလား။ ဘဝတိုက်ပွဲကို နောက်ဆုတ်တိမ်းရှောင်ရင်း မင်္ဂလာဆောင်နေရသည့် ကိုယ့်အဖြစ်ကိုလည်း ဝမ်းနည်းရ အံ့သြရ၏။

ကိုယ့်ကိုယ်ကို ဒီလို ကြုံတွေ့ရလိမ့်မည်ဟု နည်းနည်းလေးမှ မတွေးခဲ့ဖူးပါ။

"သမီး မိဘတွေက အဝေးကြီးမှာဆို"

"သဘောမတူကြဘူးဆို"

မေးလိုက်ကြတာတွေလည်း စုံနေသည်။

"ကျွန်မတို့က သားလေး မင်္ဂလာဆောင်ဆိုလို့ မေမီစိုးနဲ့ မှတ်နေတာ"

ဆို၍ ဦးဘတူတို့သားအဖမှာ မျက်နှာကြီးတွေ ပျက်လို့ပါ။ ဟိုဘက်မိဘကို အားနာတာတော့ ရှိမည်သာ။

ဒါပေမဲ့ မေမီစိုး ခရီးထွက်သွားပါပြီ။

သူ့အစ်မပါ ပါသွားသည်မို့ ဖအေတစ်ယောက်သာ မင်္ဂလာဖွဲ့ကို ရောက်လာခဲ့သည်။

ဒါလည်း ခဏသာနေပြီး ပြန်သွားပြီဖြစ်၏။

မင်္ဂလာပွဲပြီးတဲ့အထိ ဒေါ်မာလာမျိုးကတော့ ကျူမတော်နေရပြီဖြစ်သည့် ယွန်းယွန်းကို အရိပ်တကြည့်ကြည့်နှင့်–





"ကဲ ဘယ်လိုလုပ်ကြမလဲ"

"ဘာကိုလဲ"

မင်္ဂလာအိပ်ခန်းကြီးထဲ ရောက်လာတော့ ယွန်းယွန်းအခန်းတံခါးနားက မခွာဘဲ ပေကတ်ကတ်လေး ရပ်နေ၏။

"ကိုရဲ ခင်ဗျား အကြောင်းကြောင်း မလုပ်နဲ့နော်။ မင်္ဂလာဆောင်ပြီးတာနဲ့ ကျွန်တော့်ကို ခင်ဗျားပြန်ပို့မယ် ပြောထားတာ"

"ဟုတ်ပါတယ်၊ ပို့ပေးဖို့ စိတ်ချရကဲ့ အကောင်းဆုံးနေ့ရာကို တာပေါ်စီစဉ်နေပြီလေ။ မနက်ကျတော့ သူလာပြောမှာပေ့ါ။ ဘယ့်နှယ် ချက်ချင်းကြီး ရောဂါတက်နေရတာလဲ"

"တက်ရမှာပေ့ါ။ ဒီ ဒီထဲမှာ ကျွန်တော်နဲ့ခင်ဗျား နှစ်ယောက်တည်း"

"ကျွန်တော်တွေ ခင်ဗျားတွေ သုံးမနေစမ်းပါနဲ့ကွာ။ ယွန်းလို့ပဲ ပြောစမ်းပါ"

"အကျင့်ပါနေပြီ။ ပြီးတော့ ကျွန်တော် ဒီပုံစံနဲ့ နေမှာလည်း မဟုတ်ဘူး"

"ဘာလဲ ယောကျ်ားပြန်လုပ်မလို့လား။ မလိုပါဘူး ယွန်းရာ မင်းကို ငါက ဘယ်မှာဖြစ်ဖြစ် မဲ့တစ်ပေါက်မစွန်းရအောင်



www.burmeseclassic.com

www.burmeseclasslic.com



စောင့်ရှောက်သွားမှာ ယုံလား''

''မလိုပါဘူး။ ဒီပွဲပြီးရင် ခင်ဗျားနဲ့ ကျွန်တော် ပြတ်ပြီ''

''ဟ မင်းက ငါ့ရဲ့ဇနီးအဖြစ်က နုတ်ထွက်လိုက်တာပဲ ဖြစ်မှာပေါ့''

''မင်းနဲ့ငါ ခင်မင်ရင်းနှီးခဲ့တဲ့ သူငယ်ချင်းဆိုတဲ့ ချည်နှောင်မှုက ပြတ်တောက်မှာမှ မဟုတ်တာ။ မင်းက ဖြတ်ချင်လဲ ငါက ဆက်ရမှာပဲ စိတ်မချဘူး''

သူက စိုက်ကြည့်နေသဖြင့် ယွန်းယွန်းရင်ထဲမှာ လှပ်ခနဲ တုန်သွားလည်း ကျပ်ကျပ်တည်းတည်း ဖြစ်နေသည့် သတို့သမီး ဂါဝန်ကို ချွတ်လဲဖို့တောင် သတိမရတော့တဲ့အဖြစ်။

''ခင် ခင်ဗျား ဘယ်မှာအိပ်မှာလဲ''

''မင်းဘယ်မှာ အိပ်မှာလဲ''

''ခင်ဗျား ခုတင်ပေါ်မှာအိပ် ကျွန်တော်---''

''နေဦး။ အပြင်မှာ ဒရင်းဘက် သွားယူဦးမယ် မင်းဒီပေါ်မှာ အိပ် ငါက ဒရင်းဘက်နဲ့အိပ်မယ်''

သူရဲက တံခါးဖွင့် အပြင်ကိုချောင်းကြည့်ပြီးမှ ဒရင်းဘက် ပြေးယူလေသည်။

''ဒါက ဘာလုပ်ဖို့လဲ မြေး''





''ဟင်''

ဦးဘတူက တုတ်ကောက်ကြီးထောက်လို့ မားမားကြီး ရပ်နေသည်။ သူ ဒရင်းဘက်ကို ကိုင်ပြီးမှ ချရတော့မလို သယ်သွားရတော့မလိုနှင့်

''ဟို မ မအိပ်ချင်သေးလို့ အထဲမှာလေ''

''မအိပ်ချင်သေးရင် စကားပြောကြပေါ့ကွာ''

ဦးဘတူက ငါသိပါတယ် ဆိုသော မျက်နှာကြီးနှင့် ရှေ့ တစ်လှမ်းတိုးကာ

''ဒီမှာမြေး ရုပ်ရှင်တွေ ရိုက်ကြသလို ဘိုးဘိုးကို တစ်ပတ် ရိုက်ဖို့တော့ မစဉ်းစားနဲ့နော်။ မင်းတို့ ပြောပုံဆိုပုံတွေ မှုမမှန်တာသိလို့ မင်္ဂလာပွဲကို တမင်တကာ အားချင်း စီစဉ်ပေးလိုက်တာ။ တည်မိတဲ့ဘုရား ကျိုးနားနား လင်းတ နားနား ကြည့်နေဖို့သာပြင်။ ကိုယ့်သဘောနဲ့ ကိုယ်လုပ် လာခဲ့ပြီးမှ ဘွာမခတ်နဲ့''

ဦးဘတူက အိမ်ဖော် မစပယ်ကို လှမ်းခေါ်ကာ

''ဒါ အထဲကို သယ်သွား''

ဟု ဒရင်းဘက်ကို ယူသွားခိုင်းကာ

''စောင် ခေါင်းအုံးလည်း အထဲမှာ တစ်ခုမှ အပိုထည့်



www.burmeseclassic.com

www.burmeseclasslic.com



မထားဘူး။ ဒါ မင်းတို့ထင်သလို ဘိုးဘိုး မအဘူးဆိုတဲ့ အကြေ
ပြလိုက်တာပဲ။ ကိုယ်ဖြစ်ကိုယ်ခံကြ၊ ဒီတစ်ခါ ထပ်အရှက်ခွဲလို့ကတော့
မင်းငါ့မျက်နှာကို တစ်သက်လုံး လာမကြည့်နဲ့တော့ ဒါပဲ''

ဘိုးဘိုးက အပြတ်ကြိမ်း၍ လှည့်ထွက်သွား၏။

သူ့ရဲ့ အခန်းထဲ ပြန်ဝင်ခဲ့တော့ လက်ဝတ်ရတနာ တစ်ခုချင်း ချွတ်ပစ်နေသည့် ယွန်းယွန်းက ဖျတ်ခနဲထရပ်ကာ

''ဘယ်မှာလဲ ဒရင်းဘက်''

သူ့ရဲ့ ခေါင်းငိုက်စိုက်ကျလျက်

''ငါတို့ ညာကြတာကို ဘိုးဘိုးရိပ်မိတယ် ထင်တယ်''

''ဟင် ဘာဖြစ်လို့လဲ''

''ဒရင်းဘက် မယူရဘူးတဲ့ ပြောလိုက်တာလည်း စုံနေတာ

''ဒါလည်း ကောင်းတာပဲ။ ဟိုကိစ္စလည်း ပျက်ပြီဥစ္စာ အာ
ဝန်ခံပြီး။ ကျွန်တော်တို့ အရင်လိုပြန်နေလိုက်တာပေါ့''

''ဟာ ဘယ်ဖြစ်မလဲ အကြီးအကျယ် မင်္ဂလာဆောင်ပြီးကာ
ဘိုးဘိုး စိတ်ဆိုးသွားမှာပေါ့''

''ဩော် ခင်ဗျားက တယ်ဟုတ်ပါလား။ ကျွန်တော်က ခင်
အဘိုး စိတ်ဆိုးမှာစိုးပြီး ဒီအတိုင်းဆက်နေပေးရ ဦးမ
ပေါ့''





''မဟုတ်ဘူးလေ။ ချက်ချင်းကြီးတော့ လုပ်လို့မဖြစ်ဘူးပေါ့။ လုပ်ခဲ့ပြီးတဲ့ကိစ္စက ရပ်သိရွာသိကြီး ကလေးကစားတာမှ မဟုတ်ဘဲ။ ဒီထိလက်ခံခဲ့ပြီးမှ လေးငါးရက်တော့''

''အို လေးငါးရက် ဟုတ်လား၊ လေးငါးရက်က ခုလိုကြီး တစ်ခန်းထဲမှာ''

''ယွန်းရယ် ဟိုးအရင်ကလည်း ဒီလိုပဲနေခဲ့ကြတဲ့ ဥစ္စာကွာ။ ပြဿနာမရှာပါနဲ့''

''ဟိုးအရင်က ဒီကုယောက်ျားလေး လုပ်ထားတာကိုး''

''ခုလည်း ဒီအတိုင်းပဲ သဘောထားမှာပါ။ ငါ့ကို မယုံဘူးလား''

ယွန်းယွန်း မျက်နှာလေးအိုကျသွားကာ မှန်ရှေ့မှာ စိတ်ပျက်လက်ပျက်ကြီး ထိုင်ချလိုက်မိလေသည်။

မှန်ထဲကို လှမ်းကြည့်လိုက်တော့ ဆံထုံးပုံ့ပုံ့လေးထက်မှာ စိန်ဆံသိုးတွေ စိန်တန်းဘီးတွေစိုက်လျက် ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩယူရတဲ့အထိ ပြောင်းလဲနေတဲ့မျက်နှာဟာ နုဖတ် သန့်စင်နေသည်။

ဒါကို ယောက်ျားလေးလိုပဲ သဘောထားမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ သူ့ရှိတဲ့နေရာကို မှန်ထဲကနေလှမ်းကြည့်လိုက်တော့ ငေးစိုက်ကြည့်နေသည့် မျက်ဝန်းတို့နှင့် ဒိုင်းခနဲဆုံလေရာ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclasslic.com



ကျယ်လောင်စွာ မြည်ဟီးသွားလေသည်။

အို ဒါတွေဟာ ရိုးသားခြင်းတွေမှ မဟုတ်တာ။

ကိုယ့်လိပ်ပြာပင် ကိုယ်မလုံ။

ယွန်းယွန်း အယောင်ယောင် အမှားမှားနှင့်ဆံထုံးကို ဖြေချ နေမိသည်။

ကလစ်တွေ ထောက်ခွတွေကို ဟိုဒီစမ်းဖြုတ်ရင်း မျက်နှာကို အတင်းငုံ့ ချထားလိုက်မိ၏။

"နေဦး ငါဖြုတ်ပေးမယ်"

ကလစ်တွေ ဆံပင်နဲ့ငြိကာ ဆွဲမရဖြုတ်မရ ဖြစ်နေတော့ သူရဲက အနားရောက်လာသည်။

"အို နေပစေ ဖယ် ဖယ်"

အနားကပ်လာတာကိုပင် စိတ်ထဲက ကြောက်လန့်နေမိသလို ကြီးဖြစ်ကာ ယွန်းယွန်း ဖျတ်ခနဲ ထရပ်လိုက်၏။

"ဘယ်လိုဖြစ်တာလဲ ဆံထုံးဖြေပေးမလို့လေ"

"ရ ရတယ်"

"အ"

ဖြုက်ထားသည့် ဆံထိုးကို ကိုင်ထားလျက် ယွန်းယွန်းက ရှောင်သည်။





သူရဲက လက်ကိုဖမ်းဆွဲ၏။

ဆံထိုးက ဆူးနှင့် သူရဲလက်ခုံကို ဆွဲခြစ်လိုက်သလို ဖြစ်သွား လေသည်။

"ဟင် ကိုရဲ"

သွေးစင်းရာကြီး ချက်ချင်းနီရဲလာသဖြင့် ယွန်းယွန်း ထိတ်ထိတ်ပျာပျာလေး ဖြစ်သွားကာ သူရဲလက်ကို ဆွဲယူ လိုက်၏။

"ရတယ် ဘာမှမဖြစ်ဘူး"

"ကိုရဲ ဟို ယွန်း အဲ ကျွန်တော် တောင်းပန်ပါတယ်နော်"

"မလိုပါဘူး။ မင်းရှက်နေတာလေးကို ကြည့်ပြီး ငါရင်ခုန် သွားလို့ မရှောင်လိုက်မိတာ"

"အို"

"ယွန်း"

သူရဲက ယွန်းယွန်းလက်ဖဝါးလေးကို မချင့်မရဲ ဆုပ်ညှစ်ကာ

"ကိုယ့်ကို တကယ် လက်ထပ်ခွင့်ပြုပါလား ယွန်းရယ်"

"ဟင်"

ယွန်းယွန်း မျက်လုံးလေး ဝိုင်းသွားကာ လက်ကိုပြန်ရုန်းသည်။

"ကိုယ် မင်းကို စတွေ့ကတည်းက နုနုနယ်နယ် ကောင်လေး တစ်ယောက်ဆိုပြီး သံယောဇဉ်ပိုခဲ့မိတာ မင်းသိပါတယ်



www.burmeseclassic.com

www.burmeseclasslic.com



ယွန်းရယ်"

"ကိုရဲရယ် အဲဒါတွေ ယွန်းမသိချင်ဘူး။ ယွန်းယွန်းဆိုတာ ဒုက္ခသည်တစ်ယောက်ပါ"

"ဘာဒုက္ခလဲ အဲဒါကြောင့် မင်းအကြောင်းကို ကိုယ်သိပြီး ကတည်းက မင်းကို ပြန်လွှတ်ဖို့ ကိုယ့်မှာ စိတ်ကူးမရှိဘူး။ မင်း ကိုယ့်ကို လက်မထပ်နိုင်ဘူးဆိုလည်း မင်းနောက်ကို တကောက်ကောက်လိုက်နေမှာပဲ"

ယွန်းယွန်း သူ့မျက်နှာကို မော့ကြည့်လိုက်မိသည်။

"မင်း ကိုယ့်မျက်လုံးထဲမှာ ဘာမှမတွေ့ဘူးလား ယွန်း။ မင်းကို မြတ်မြတ်နိုးနိုး ချစ်နေတာတွေ ရှိမနေဘူးလား"

"မသိဘူး"

ယွန်းယွန်း မျက်နှာရှုံ့ပစ်လိုက်၏။

"အဲဒီလိုရှောက်ထွက်မသွားနဲ့လေ။ ကိုယ့်ကိုကြည့်စမ်းပါ"

"ကို ကိုရဲနော် ယွန်းကို အဲလိုမလုပ်နဲ့"

သူရဲက ယွန်းယွန်း ပခုံးလေးကိုဆုပ်ကိုင်၍ နဖူးပြေပြေ လေးကို ငုံ့နမ်းမိ၏။

ယွန်း အတင်း ငုံ့ရှောင်ပစ်သည်။

"မင်းကို ကိုယ်ချစ်တယ် ယွန်းရယ်၊ ကိုယ်တို့ တကယ်



လက်ထပ်ကြရအောင်နော်"

"ဟင့်အင်း ဟင့်အင်း"

"ဘာဖြစ်လို့လဲ ယွန်း။ ယွန်းမှာ ချစ်သူရှိနေလို့လားဟင်"

ယွန်းခေါင်းလေးခါ၍ သူ့လက်တွေကို အတင်းဖယ်ချ နေမိသည်။ တုန်တုန်ယင်ယင် ထိတ်ထိတ်ပျာပျာမို့ လက်ဖျားလေးတွေ အေးစက်ကာ ကိုယ့်လက်ကိုယ် ဆုပ်ကြည့်တာပင် မမြဲတာက သူ့ရဲလက်ကို ဖယ်ခွာသွားအောင် မရုန်းနိုင်ခဲ့ပေ။

"ယွန်းကိုလွှတ်ပါ ကိုရဲရယ်။ ယွန်းတောင်းပန်ပါတယ်"

"ကိုယ့်ကို လက်ထပ်မယ်လို့ ပြောလေ။ ဟန်ဆောင်တယ် ဆိုတာလည်း ပြန်ပြီးပြင်ဆင်လို့ ရတော့မှာမှ မဟုတ်တာ။ ယွန်းရယ် ခေါင်းညိတ်လိုက်တော့နော်"

"ဟင့်အင်း ကိုရဲ ယွန်းကို အတင်းမမေးပါနဲ့။ အခန်းထဲမှာ နှစ်ယောက်တည်းနေရတဲ့အခါ စိတ်ဖောက်ပြန်တာမျိုးကို ယွန်း မယုံနိုင်ဘူး"

"ဟာ မဟုတ်ဘူး လုံးဝမဟုတ်ဘူး။ ကိုယ့်မိန်းမ မမြင်ဖူးတဲ့ ကောင်မှမဟုတ်တာ။ မိန်းမနဲ့ထိတွေ့လိုက်လို့ သာယာချင် ရအောင် ကိုယ်ကမိန်းမတွေနဲ့ ပျော်မွေ့နေတဲ့ကောင်လည်း မဟုတ်ဘူး။ မင်းကိုချစ်လို့ မင်းကိုပိုင်ချင်တာ မစွန့်လွှတ်



www.burmeseclassic.com

www.burmeseclasslic.com



နိုင်တာ။ မင်းကို ကိုယ်ဘယ်နည်းနဲ့မှ ဆုံးရှုံးမခံနိုင်တော့ဘူး ယွန်း။ အနိုင်ကျင့်တယ်ပဲပြောပြော မင်းကို ကိုယ့်ဇနီးအဖြစ်က ဘယ်တော့မှ နုတ်ထွက်ခွင့်ပေးမှာ မဟုတ်ဘူး"

"အို"

မျက်နှာလေးမော့တက်လာသည့် ယွန်းယွန်းကို သူ့ရဲ့က ရင်ခွင်ထဲဆွဲသွင်းကာ တင်းကျပ်စွာ ထွေးဖက်ထားလိုက်၏။

"ကိုရဲ့ ရှင် ရှင်ပြောတော့တစ်မျိုး။ အဲဒါ သက်သက်အနိုင်ကျင့်တာ ယွန်း မကျေနပ်ဘူးသိလား"

"မတတ်နိုင်ဘူး။ မင်းကို ကို ချစ်နေတာ တာပေါ်နဲ့ တိုင်ပင်တယ်။ တာပေါက ဒီအတိုင်းပဲ အကြံပေးတယ်။ ဒီမင်္ဂလာပွဲဟာ မင်းကို ကိုယ်အပြီးသတ်သိမ်းပိုက်လိုက်တဲ့ ပွဲပဲ" ကြည့်စမ်း

ယွန်းယွန်း ရှက်တာရော အညာခံလိုက်ရတာရော ဒေါသတွေဖြစ်ကာ မျက်ရည်တွေလည်းကျ သူ့ကိုလည်းတွန်းဖယ် ရုန်းထွက်ဖို့ကြိုးစားလျက်။

"ကိုယ့်ကိုပြန်ချစ်ပါ ယွန်းရယ်နော်။ အစကတည်းက သံယော ဇဉ်တွေ ဖြစ်ခဲ့ကြတာပဲကွာ။ နည်းနည်းလေးတိုးကြည့်လိုက် စမ်းပါ"





"မတိုးဘူး မချစ်ဘူးကွာ။ ယွန်းဆန္ဒမပါဘဲ သိမ်းပိုက်မယ်ဆိုရင် ရှင့်ကို ယွန်း ဘယ်တော့မှ မယုံကြည်တော့ဘူး"

"လုံးဝ မဖြစ်စေရဘူး။ မင်းကိုယ့်ကိုမချစ်သမျှ မင်းဆန္ဒမပါဘဲ ကိုယ်ဘယ်တော့မှ အဓမ္မ မသိမ်းပိုက်ဘူး။ ကျေနပ်တော့နော်။ ဒါပေမဲ့ မင်း ကိုယ့်ဇနီးအဖြစ်နဲ့ပဲ ရှိနေရမယ်။ ကိုယ်အနားမှာပဲနေပါ။ ဒါကိုလက်မခံဘဲ ကွဲဖို့ကွာဖို့ဖွတ်ပြောနေမယ်ဆိုရင်တော့ ကိုယ်ကလည်း မရ ရတဲ့နည်းနဲ့ ပိုင်အောင်လုပ်ရတော့မှာပဲ"

ယွန်းယွန်း ငြိမ်ကျသွားကာ ကလေးလို ရှိုက်ငိုနေတော့ သူ့ရဲ့က မျက်ရည်တွေကို တယုတယ သုတ်ပေးသည်။

"တိတ်တော့နော်၊ မင်းမယုံကြည်ဘူးဆိုရင် အိပ်ရာပေါ်မှာ တစ်ယောက်တည်းအိပ်ပါ။ ကိုယ် အားလုံး အိပ်လောက်ပြီဆိုရင် အပြင်မှာထွက်နေပေးမယ်"

ယွန်းယွန်း သူ့ကို မရဲတရဲလေး မော့ကြည့်သည်။ နီမြန်း၍ ပိရိကျနသော သူ့နှုတ်ခမ်းရဲ့အထက်ကို ဆက်မကြည့်ရဲတော့ဘဲ မျက်နှာလေး ပြန်လွှဲလိုက်သော်လည်း–

"ယွန်း"

"အို"



www.burmeseclassic.com

www.burmeseclasslic.com



သူရဲက ယွန်းယွန်း မျက်နှာလေးကို ဆွဲမော့လိုက်ကာ

"ကိုယ့်ကို နမ်းခွင့်လေးတော့ ပေးမယ် မဟုတ်လားဟင်"

"ဟာ မနမ်းနဲ့ ကိုရဲနော်"

"မရဘူးကွာ။ တာဝေါကပြောတယ် နေရာတကာ အလို မလိုက်နဲ့တဲ့"

ယွန်းယွန်းဟာ သူ့ရင်ခွင်ထဲမှာ စက္ကန့်များစွာကို ချောက်ချားစွာ ဖြတ်ကျော်ခဲ့ရလျက် နှလုံးသားနုနုလေး ရွှေရင်လွှာကို ပွင့်ခွဲခုန်ထွက်တော့မလောက် ကြမ်းတမ်းစွာ လှုပ်ခါနေလေသည်။

♛♛♛♛♛



# အခန်း (၂၂)

**မနက်** လဖက်ရည်ဝိုင်းမှာ ဦးဘတူက မြေးဖြစ်သူနဲ့ ယွန်းယွန်း မျက်နှာ တွေကို ခပ်စူးစူးစိုက်ကြည့်သည်။

ဒေါ်မာလာမျိုးက ဦးဘတူအတွက် နွားနို့ပူပူ တစ်ခွက်ကို ချပေးပြီး မုန့်ဘူးထဲက မုန့်ချပ်တွေကို ပန်းကန်ထဲပြောင်းထည့် ပေး၏။

လဖက်ရည်မသောက်ဖြစ်သေးဘဲ ယွန်းယွန်းက လိုက်ကြည့် နေတော့ လှမ်းကြည့်ပြုံးပြကာ

"ဖေဖေက ကျန်းမာရေးကြောင့် လဖက်ရည် ကော်ဖီသောက်



www.burmeseclassic.com

www.burmeseclasslic.com



လို့ မရဘူးလေ။ ထမင်းစားတာတောင် ဖေဖေ့အတွက် ဆန်ကြမ်း သတ်သတ်ချက်ပေးရတာ''

''ဟုတ်ကဲ့''

ယွန်းယွန်း မှတ်ထားလိုက်ပါသည်။

သူမဟာ ဒီအိမ်ရဲ့ မိသားစု ဖြစ်ရတော့မည်ဆိုလျှင် ဒါတွေကို သိထားမှ ဖြစ်တော့မည်သာ။

''သောက်လေ ယွန်း''

သူရဲက ယွန်းယွန်းကို မေးဆတ်ပြ၍ မုန့်ပန်းကန်ကိုပါ တွန်းရွှေ့ပေး၏။ ဦးဘတူက ချောင်းတစ်ချက်ဟန့်၍

''မိန်းကလေး မိဘဘက်ကို မိန်းကလေးဆက်သွယ်ပါ။ မြေးက မိဘတွေ လက်ခံနိုင်အောင် ကြိုးစားပါ။ ခုလို နှစ်ဖက်မိဘ မစုံလင်ဘဲ မင်္ဂလာပွဲကို မြန်မြန်ဆန်ဆန်ကြီး လုပ်ပစ်လိုက်ရတာက ဘိုးဘိုးမြေးကို ဘိုးဘိုးမယုံလို့ပဲ။ တစ်ဖက်က စီစဉ်ထားခဲ့တဲ့ မင်္ဂလာကိစ္စကို လူကြီးတွေ မျက်နှာအပျက်ခံပြီး ဖျက်ပစ်လိုက်ရတဲ့အတွက် ဒီဘက်မှာ သေချာချင်တာလည်းပါတယ်။ မြေးမိန်းမခိုးသွားတယ်ဆိုတာကို မယုံကြည်တာကော သေချာချင်တာရော နှစ်ခုလုံးပေါ့''





ဦးဘတူက မုန့်တစ်ခု ကောက်ယူ၍ တစ်ကိုက်စားလိုက်ပြီးမှ

''အထူးသဖြင့် ဘိုးဘိုးက ခုတလော ကျန်းမာရေး ခဏခဏ ဖြစ်လာတယ်။ ဟောဒီက အဒေါ်လုပ်သူက အပျိုကြီး ဘိုးအေနဲ့ အဒေါ်ဖြစ်တဲ့သူကို မြေးက နဲနဲမှ ပြန်မကြည့်ဘူး။ ပြောစကားလည်း နားမထောင်ဘူး။ ဂျစ်ကန်ကန်နဲ့ ထင်ရာလုပ်တယ်။ အိမ်ထောင်ရက်သားနဲ့ ခြေငြိမ်သွားအောင် မိန်းမပေးစားဖို့ စီစဉ်တော့ တာပေါနဲ့အတူ အိမ်ကထွက်သွားရော ဖြစ်ကုန်တာကတော့ ဒါပဲ''

ဦးဘတူက ယွန်းယွန်းကို သိစေ၍ ရည်ရွယ်ပြောနေတာမှန်း သိကာ ဘာမှ ဝင်မပြောဖြစ်ပေမယ့် သူရဲမျက်နှာက မှုန်ကုတ်ကုတ် ဖြစ်နေ၏။ ဘိုးဘိုး သူ့ကို တမင်ချိုးနှိမ်နေတာဟု တွေးဖြစ်ကာ မကျေနပ်ခြင်းကား မျက်နှာမှာပေါ်နေတာဖြစ်သည်။

''ဒီတော့ ခုလို မင်္ဂလာပွဲစီစဉ်လိုက်ရတာကို မိန်းကလေးရဲ့ မိဘများဘက်က တစ်စုံတစ်ရာအပြင် တစ်မျိုးမဖြစ်ရအောင် မိန်းကလေးက ရှင်းပြလိုက်ပါ။ ဒီက မိန်းမပေးစားမှာကို မလိုချင်လို့ မြေးတစ်ခုခု ကြိုးစားကြံစည်လာတာဆိုရင် သူ့တုတ်နဲ့သူ့ကို ပြန်ရိုက်ဖို့ ဘိုးဘိုးကြိုးစားလိုက်ရတဲ့အတွက် မိဘတွေကို မလေးစားသလို ဖြစ်သွားရတဲ့



www.burmeseclassic.com

www.burmeseclasslic.com



အတွက် ဘိုးဘိုးက တောင်းပန်တဲ့အကြောင်းလည်း ပြောပြပါ''

''ဟုတ် ဟုတ်ကဲ့''

တကယ်တော့ အားလုံးထက် ဘိုးဘိုးက လည်နေတာ ဖြစ်သည်။

''ကိုးနာရီခွဲရင် ရွှေနေတွေနဲ့ မြေးကို ဘိုးဘိုးအမွေလွှဲပေးမယ်။ ဒီနောက်ပိုင်းမှာ မြေး အရင်လို နေလို့ မရတော့ဘူး။ မြေးက ဘိုးဘိုးတို့ရဲ့ တစ်ဦးတည်းသော မျိုးဆက်ဖြစ်တဲ့ အတွက် လုပ်ငန်းအားလုံးနဲ့အမွေတွေကို မြေးပဲရမှာ။ ဒီတော့ ဦးစီးခေါင်းဆောင်နိုင်ဟဲ့ အိမ်ထောင်ဦးစီး တစ်ယောက် ဖြစ်လာအောင် ကြိုးစားရတော့မယ်။ ခုကစပြီး သမီးမာလာနဲ့ မြေးလိုက်ရမယ်၊ လုပ်ငန်းတွေကို အတူတွဲလုပ်ရမယ်။ မြေးရဲ့အဒေါ်နဲ့ဘိုးဘိုးက အသက်အရွယ်အားဖြင့် သေသင့်တဲ့လူရယ် နားသင့်တဲ့လူရယ်၊ ဒါကိုမြေးနားလည်ရမယ် နားလည်ရဲ့လားမြေး''

''နားလည်ပါတယ်''

သူ့ရဲ မျက်နှာကြီး ရှုပတ်နေတာကိုကြည့်၍ ဒေါ်မာလာမျိုးက ပင့်သက်ချသည်။





''မြေးက နည်းနည်းဆိုးချင်တယ်။ မိန်းကလေးကလည်း မြေးအတွက် ထိန်းသိမ်းနိုင်နင်းတဲ့ အိမ်ထောင်ရှင်မ တစ်ယောက်ဖြစ်လိမ့်မယ်လို့ ဘိုးဘိုးမျှော်လင့်တယ်။ တက်ညီလက်ညီ ရှိင်းပင်းကြိုးစားကြကွယ်''

ဦးဘတူ စကားလက်စသတ်၍ စားသောက်ခြင်းကို တိတ်ဆိတ်စွာ ပြီးဆုံးခဲ့သည်။

ထို့နောက် ဒေါ်မာလာမျိုးက တွဲ၍ ထမင်းစားခန်းထဲမှ ထွက်သွားကြလေသည်။

''ယွန်း''

သူ့ရဲက ယွန်းယွန်းကို လှမ်းခေါ်၍

''ဘိုးဘိုးက ကိုယ့်ကိုဆို သိပ်အပြစ်တင်ချင်တာသိလား။ ကိုယ်အဲဒီလောက် မဆိုးဘူး''

''ကိုယ့်ဟာကိုယ် သိမှာပေါ့။ ဘယ်သူမှ ကိုယ့်ပေါင်ကိုယ်လှန် မထောင်းဘူး''

''ဟာ ယွန်းက ကိုယ့်ကိုဆိုးတယ်လို့ ပြောလိုက်တာပေါ့''

''ဘိုးဘိုးပြောသွားတာလေ။ ယွန်းက လူကြီးပြောစကားကို ယုံတယ်''

''သွားပြီကွာ''



www.burmeseclassic.com

www.burmeseclasslic.com



"ဟိတ် ဘာတွေ သွားနေတာလဲ"

တာပေါ ကုတ်ချောင်းချောင်းနဲ့ အခန်းထဲဝင်လာကာ ...
တစ်လုံးဆွဲ၍ ခပ်ကုတ်ကုတ် ဝင်ထိုင်၏။

"ဘယ်နှယ့်လဲ ပြီးတော့လဲ ပြီးတာပဲ မဟုတ်လား ဟဲ ဟဲ"

"ကို ကိုတာပေါကလည်း"

"ဟိတ်ကောင် ဘာလဲ"

"အံမာ အံမာ မောင်မောင်ဆိုတဲ့ကောင်က ခုဟော့ ဘာလဲ။ အို ကိုတာပေါကလဲတဲ့ ဟား ဟား ဟား တကယ့် ပီသသွားပြီ မိန်းမ မိန်းမ"

"ကြည့်ပါလား"

ယွန်းယွန်း မျက်နှာလေးနီရဲကာ ထပြေးတော့မလို ဖြစ်နေရှာသည်။

သူရဲက တာပေါကို မျက်လုံးပြူးပြကာ

"သူတောင်းစား၊ စောစောစီးစီး ပြဿနာလာရှာပြန်ပြီ မရှိရှိတာမျိုးပြီး မြန်မြန်ကြွ"

"အေးပါ ခုတော့ မျိုးပါ ဆိုပါ ဖြစ်ပြီပေါ့။ ဟိုနေ့တုန်းကတော့ ယွန်းကိုမှ မရရင်လဲသေတော့မယ်အတိုင်း၊ မင်္ဂလာဆောင်ပြီးလို့ ပြန်ပို့နိုင်းရင် ငါဘာလုပ်ရမလဲ၊ တာပေါ အကြံ





ပေးပါဦး လုပ်ပါဦးနဲ့ ငါအကြံပေးလို့ ကောင်းစားနေတာကို များ မသိတတ်တဲ့အပြင်"

ယွန်းယွန်း ရုတ်ခနဲထပြေး သွားလေရာ သူရဲလှမ်းဆွဲလိုက်ပေမယ့် မမီ။

"သေနာ ဒီလောက်တောင် စရသလား။ မင်း ငါဆွဲထိုးမိတော့မယ်"

"မင်း မဟုတ်ဘူးလား။ တကယ်ဆို ကျေးဇူးရှင်ကို ကြွပါ-လာပါ စားပါ သောက်ပါ ပြောသင့်တာပေါ့"

"ဘာကျေးဇူးရှင်လဲ"

"အံမာ မင်း ငါအကြံပေးလို့ ယွန်းကိုရတာလေ၊ ပုံစံတွေ ငါကြည့်တာနဲ့ သိပါတယ်ကွာ။ မင်းတို့ချင်းညက ပြေလည်သွားကြတယ် မဟုတ်လား"

သူရဲ တွေခနဲဖြစ်ကာ ပြီးတော့မှ မချိုမချဉ်ပြုံးလျက်

"ပြေလည်ပါလိမ့်မယ် အားကြီး။ ညက ငါအပြင်ထွက်အိပ်ရတာ"

"ဟင် ဘာ ဟ မင်းအဲလောက် အရသလား။ ငါ့သချာ သင်ပေးလိုက်ရဲသားနဲ့ ဒါမျိုးဆိုတာ အချော့ပေးကောင်းတဲ့ အရာမဟုတ်ဘူးကွ ညံ့ပါ့ကွာ"



www.burmeseclassic.com

www.burmeseclasslic.com



"အလျှော့မပေးလို့ရမလား။ ဖြုန်းဒိုင်းဆို ရည်းစားစကား ကောက်ပြောလိုက်တော့ တစ်မျိုးတမည်တွေ ထင်ပြီး စွပ်စွဲလို့ ကံကောင်းလို့ ဒီမှာနာဘူးဖြစ်မသွားတာ"

"ဖြစ်စရာလားကွာ ခုမှတွေ့တာမှ မဟုတ်ဘဲ။ မင်းကိုက သတ္တိကြောင်တာ။ ပြောထားမယ်နော် နောက်ထပ် ဘာတွေ ညာတွေ တောင်းဆိုလာဖို့ ရှိသေးတယ်"

"ဘာတွေလဲ"

"ဟိုတက် နည်းနည်းတိုးပါ။ ဒီဘက်နဲနဲတိုးပါ တစ်ပေလောက် ခွာပါ။ ဖက်အုံးလေးခြားထားပါ ဘာညာကွာ"

"ဟာ ဟာ ဟာ"

သူရဲက လဖက်ရည်ကို အကုန်မော့ပစ် ပန်းကန်ပြန်ချပြီးမှ အသံထွက်အောင်ရယ်သည်။

"ခုမှ ကိုယ့်ဟာကိုယ် တာပေါကို ရှက်ပြီး ဖုံးဖိရယ်မနေနဲ့။ အံ့ဩပါရဲ့ ဒီ လောက်တုန်နေအောင်ချစ်တဲ့ မိန်းမနဲ့ တစ်ခန်းတည်းဗျာ တစ်ညလုံး အကူနေပြီးတော့များ–"

"ဟိတ်ကောင် တော်တော့"

"သူက ဘာပြောလဲ"

"ဘာကိုလဲ"





"မင်းဒီလို အလျှော့ပေးလိုက်ရတာ တစ်ခုခုတော့ ရလိုက်မှာပါ။ သူဘာပြောလဲလို့"

သူရဲက ဆတ်ခနဲခေါင်းညိတ်ကာ

"ရတာပေါ့ သူ့ကို ငါအခု လျှော့ပေးလိုက်တာ သူ့အချစ်ကို တန်ဖိုးထားပြီး တောင်းခံလိုက်တာပဲ။ လူကိုရဖို့က အခု လည်း သေချာတယ် နောက်လည်းသေချာသွားပြီ။ သူ ငါ့မိန်းမ အဖြစ်ပဲ ရှိနေတော့မှာလေ"

"အိုကေ ဒါကျတော့ မင်းတော်သွားပြန်ရော"

"တော်ပြီးသားပါ လျှို့ထားတာ"

"တွေ့လား ရုပ်ကိုက စေတနာရှိချင်စရာ မရှိဘူး"

တာပေါက လဖက်ရည်နှစ်ခွက်ကို ဆက်တိုက်ငှဲ့သောက်၍ မုန့်သုံးချပ်ကို အထပ်လိုက် ပါးစပ်ထဲထည့်သည်။

"ဘယ်လို ဖြစ်လာတာလဲ။ မင်းတစ်ယောက်ပဲ စားမယ့်လူ ရှိတာ ဘယ်သူမှ လုမစားဘူး"

"လုစားမယ့်သူ မရှိပေမဲ့ တော်ကြာ အန်တီမာလာ ဝင်လာရင် ငါထပြေးရမှာလေ။ ဝဝလင်လင် ပြေးရအောင် လို့"

တာပေါကို မြင်လျှင် ဘိုးဘိုးရော အန်တီမာလာပါ မျက်နှာ



www.burmeseclassic.com

www.burmeseclasslic.com



တွေ ချက်ချင်းပြောင်းကာ ဆူမယ်ပူမယ်ဆိုတာချည်းပဲဖြစ်သည်။

သူ့ရဲ့ ဘာလုပ်လုပ် တာပေါ် ပါနေသမျှ တာပေါ်ကို အကြွေးသူရဲကောင်းကြီးအဖြစ် ပုဒ်မတွေတပ်၍ တရားသေခုံရုံးတင်ထားကြတာဖြစ်၏။

ထို့အပြင် တာပေါ်ဘဝက အန်တီမာလာတို့ရှေ့မှာဆို မလိမ်မိုး မလိမ်မာ ကုတ်ချောင်ချောင်းလေသာ။

*****

## အခန်း (၂၃)

# ထိတ်

"အမေ့"

သူ့ရဲက ယွန်းယွန်း လက်ကလေးတွေကိုပါ နောက်ကနေ သိမ်းကျုံးဖက်ပစ်လိုက်ကာ ဆံပင်လေးတွေထဲ နှာခေါင်းထည့်၍ တို့တိုက်ပွတ်ပစ်လိုက်၏။

"လွမ်းလိုက်တာကွာ တစ်နေကုန် ကုမ္ပဏီမှာ လိမ့်နေတာပဲ။ ဘိုးဘိုး တကယ်ရက်စက်တယ်။ မိန်းမယူပြီးကာစ အသစ်စက်စက် လင်မယားလေးကို အလုပ်ထဲ ပို့ရက်တယ်"

"လွှတ်ပါဦး ကိုရဲရယ်။ ဟိုမှာ မာလီကြီး ရေလောင်းနေတာ



www.burmeseclassic.com

www.burmeseclasslic.com



လှမ်းကြည့်နေတယ်''

''ဟိုဘက် လှည့်သွားပါပြီ ယွန်းရာ။ ဉာဏ်များမနေပါနဲ့ ... မင်း ခြိတ်ဆင်းပြီး ကိုယ့်ကိုမျှော်နေတာ မဟုတ်လား''

''အို မဟုတ်ပါဘူး။ ဘယ်သူပြောလဲ''

''ကိုယ်သိတာပေါ့ မင်းအရမ်းလွမ်းနေလို့ ရုံးမှာကိုယ် ခလုတ်... တွေတိုက်၊ ဖိုင်တွေလွတ်ကျ လောကားထစ်တွေ ကျော်နင်... လိုနင်း''

''မျက်လုံးမကောင်းလို့ ဖြစ်မှာပေါ့''

''ဘာရယ်''

''အို ကိုရဲကလည်း အရမ်းပဲ''

သူ့ဘက်ကို ဖျတ်ခနဲဆိုလှည့်လိုက်သဖြင့် ယွန်းယွန်း ကိုယ်လုံးလေး တစ်ပတ်လည်သွားရကာ နှုတ်ခမ်းစူလေသည်။

''မင်းက အသည်းယားအောင် လုပ်တာကိုး''

''တော်ပါ ဒီက စကားပြောစရာရှိလို့ စောင့်နေတာကို''

''ဘာပဲဖြစ်ဖြစ် စောင့်နေတာပဲ မဟုတ်လား။ ကဲ ပြော''

ယွန်းယွန်းက သူ့လက်ထဲက ရုန်းထွက်၍ သနပ်ခါးပင် အောက်က ခုံတန်းလေးမှာ ထိုင်ချလိုက်သည်။

သူရဲက ဘေးမှာ ဝင်ထိုင်လိုက်ပြီး





''ကဲ ပြော ဘာလဲ''

ယွန်းယွန်းက သူမ့လည်တိုင်မှာ ဆွဲထားသည့် အသည်းပုံ ကျောက်စိမ်းလော့ကတ်နဲ့ ဆွဲကြိုးလေးကို ထုတ်၍ ဖြုတ်ယူလိုက် သည်။

ပြီးတော့ လော့ကတ်လေးကို သူရဲရှေ့မှာ နှစ်ခြမ်းခွဲဖွင့်လိုက်၏။ အထဲမှာ ရွှေပြားခတ်၍ မျဉ်းကြောင်းလေးတွေ ရေးခြစ်ထားသည်။ အမှတ်အသားလေးတွေ ရှိနေကာ ဝမ်း တူး သဓိုး ဂဏန်း သုံးလုံးကို ပေါ်လွင်အောင် ရေးထားတာလည်း မြင်ရလေသည်။

''အဲဒါ ဘာလဲ ယွန်း''

''မြေပုံလေ ယွန်းကြိုးပြီးတောင်းမန်ပါရစေ ကိုရဲရယ်။ ကိုရဲ တို့ကို ယွန်းပြောပြခဲ့တဲ့ အကြောင်းတွေထဲမှာ အချို့က မှသားပါခဲ့ပါတယ်။ အဲဒါကိုခွင့်လွှတ်ပါ။ ယွန်း ယွန်းလေ အစကပြောခဲ့သလို မိတွေးနိုပ်စက်လို့ ဖအေကိုပစ်ပြီး ပြေးခဲ့ရတယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ဖေဖေဟာ အငြိမ်း စား သာမန်ဝန်ထမ်းဟောင်း တစ်ယောက်ဆိုတာ မဟုတ် ပါဘူး''

သူရဲက ဘာမှ ဝင်မပြောဘဲ နားထောင်နေသည်။

ယွန်း၏ ထူထဲသောမျက်တောင်တွေကို တဖျတ်ဖျတ်...



www.burmeseclassic.com

www.burmeseclasslic.com



ခတ်လျက်

ဖြစ်ကြောင်းကုန်စင်ကို အသေးစိတ် ပြောပြလေသည်။

"ဒါဟာ ရတနာတိုက်ကိုသွားတဲ့ လမ်းညွှန်မြေပုံ ကိုရဲ့။ နံပါတ်သုံးခု ရေးထားတဲ့အခန်းဟာ ရတနာသိုက်ပဲ။ ရတနာသိုက်ထဲမှာ ပုထုဇဉ်မှန်ရင် ဘယ်လိုလူမျိုးဖြစ်ဖြစ် လောဘ တက်လာနိုင်လောက်အောင် ရတနာတွေ အများကြီး ရှိနေတယ်တဲ့။ ဘယ်ရတနာပစ္စည်းမဆို အားလုံးမှာ 'နှင်းငွေ့' ဆိုတဲ့ စာလုံးတွေရှိတယ်။ ဒါဟာ မိဘဘိုးဘွား အစဉ်ဆက်က သန့်သန့်စင်စင် စုဆောင်းတည်ရှိနေခဲ့တဲ့ အမွေပစ္စည်း တွေဆိုတဲ့ သက်သေပဲ။ တချို့ လက်ဝတ် ရတနာ အထည်ကြီးတွေမှာ ခုနစ်တွေ ပါပါတယ်တဲ့"

ယွန်း သူ့ကိုမော့ကြည့်၍ မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေရှာသည်။

"ဖေဖေကလေ ရတနာကို တပ်မက်တာ သတ်သတ်မဟုတ်ဘဲ ဘိုးဘွားအမွေအနှစ်ကို သူ့လက်ထက်ကျမှ မသမာသူလက်ထဲကို ရောက်သွားမှာစိုးတာ။ ယွန်းကိုလည်း သူတို့ ဖျက်ဆီးမှာစိုးပြီး ဟင့် ကိုရဲရယ် ဖေဖေ ခုလောက်ဆို အသက်ရှင်လျက်မှ ရှိသေးရဲ့လား မသိဘူး"





ယွန်း သူ့ရဲ ရင်ခွင်ထဲ မျက်နှာလေးအပ်ကာ ရှိုက်ငိုလေသည်။

"ဖြစ်ရလေ ယွန်းရယ် အန္တရာယ်ကြီးလိုက်တာကွာ။ မင်း ဒီလောက်ထိ ခံစားခဲ့ရတာ ချီးကျူးစရာပဲ"

အပြင်လောကနဲ့ ထိတွေ့ဆက်စပ်မှု နည်းပါးပြီး ပိုက်ဆံကို ဘယ်လိုသုံးရမှန်းတောင် မသိဘူးတဲ့။

သူတို့နဲ့တွေ့စက တကယ် ယုန်ဖြူလေး တစ်ကောင်လို ခပ်ကြောင်ကြောင် ဖြူစင်သည့် ကောင်လေးအသွင်ကို ပြန်သတိရမိ၏။

သူ့ရဲ ယွန်းပခုံးလေးကို တယုတယ ပွေ့ဖက်ထားမိလေသည်။

"သူတို့က သော့လို့ထင်တာ တကယ်က သော့မရှိဘူး။ မြေပုံ အတိုင်းရှာကြရမှာ တိုက်ကို ရောက်သွားရင် အဲဒီနံပါတ်စဉ် အတိုင်းနှိပ်ရမယ်။ တစ်နေရာက အသံမြည်လာလိမ့်မယ်။ အသံ မြည်တဲ့ နေရာနဲ့ မျက်နှာချင်းဆိုင်က လျှပ်စစ် ဖြူးစ် ပုံစံတပ်ထား တဲ့ ခလုတ်ခုံကို ဖိတွန်းလိုက်တာနဲ့ တံခါးပွင့်ပြီး အဲဒါကို ဖေဖေက သေချာပြောပြတယ်၊ ဒါပေမဲ့ 'နှင်းငွေ့' စံအိမ်ကို ပြန်မလာရဘူး တဲ့။ မိတ်ဆွေကောင်း ခင်ပွန်းကောင်းကိုရှာ၊ အဖော်ကောင်းရှိမှလာတဲ့ အဲဒီ အချိန်မှာ သူ သူရှိချင်မှ ရှိတော့မယ်တဲ့ သိလား"



www.burmeseclassic.com

www.burmeseclasslic.com



"အားမငယ်ပါနဲ့ ယွန်းရယ်။ မင်းထင်သလို ဟုတ်ချင်မှ ဟုတ်မှာပါ။ ရတနာတိုက်နေရာကို မသိရသေးဘဲ သူတို့ မင်းအဖေကို သတ်မှာ မဟုတ်ဘူးလို့ ကိုယ်ထင်တယ်။ အခု မင်းဘာဖြစ်ချင်လဲ ကိုယ်ဘာလုပ်ပေးရမလဲ"

"ဘိုးဘိုးက ဖေဖေဆီကိုသွားရမယ်တဲ့။ မိဘကျေနပ်အောင် တောင်းပန်ရမယ်တဲ့။ ယွန်းဘာလုပ်ရမလဲဟင်၊ ဖေဖေက ပြန်မလာခဲ့ရဘူးလို့ မှာထားတာ။ ပြီးတော့လေ ယွန်း ဟို မိန်းမကြီးကို ကြောက်တယ်"

"ဒါကိုကြောက်ဖို့ မလိုပါဘူးယွန်း။ မင်းအဖေကို ဒုက္ခိတ ဖြစ်အောင် လုပ်ပြီး ဒါသက်သက် အနိုင်ကျင့်တာ မိသားစု လိုက်မျိုးဖြုတ်ပြီး အကြံကြီးကြံတာ မင်းအဖေက ပြန် မလာနဲ့ဦးဆိုတာ မင်းကို စိတ်မချလို့ပါ။ အခု မင်းမှာ ခင်ပွန်းကောင်း ရှိနေပြီပဲ ကိုယ်ရဲ့မိသားစုက မင်းရဲ့ အင်အားပဲ မင်းနဲ့ကိုယ် အဲဒီကို သွားမယ်"

"ကိုရဲ့ သူ့မှာ လူမိုက်တွေ အများကြီးပဲ။ ခြံထဲမှာ ယောကျ်ား ချည်းပဲ ဆယ့်နှစ်ယောက်ရှိတယ်၊ မိန်းမတွေနဲ့ဆို အားလုံး နှစ်ဆယ်နီးပါးရှိတယ်။ 'နှင်းငွေ့'စံအိမ်က မြို့နဲ့အလှမ်း ဝေးနေတာရယ်က တခမ်းတနား သီးခြားကြီးရှိနေတာရယ်





က သူတို့လုပ်ချင်တိုင်းလုပ်လို့ ရသွားတာပဲ။ ဒါပေမဲ့ ဒီနေ့ထိ ရတနာတိုက်ကို သူတို့ရှာနေတာ မတွေ့ကြဘူး"

"စိတ်မညစ်ပါနဲ့ကွာ ဒီကိစ္စက ထုတ်မပြောရဲစရာ ဘာမှ ရှိတာမှ မဟုတ်ဘဲ။ မင်းနဲ့ကိုယ် ရိုးမြေကျပေါင်းကြဖို့ ရည်ရွယ်ပြီးပြီ၊ အခက်အခဲ ဖြစ်လာရင် ဖြေရှင်းဖို့ပဲ ရှိတယ်၊ ဘိုးဘိုးတို့ကို ဖွင့်ပြောတိုင်ပင်မယ်။ ဒါ ရာဇဝတ်မှုကြီး တစ်ခုဖြစ်နေတဲ့အတွက် သက်ဆိုင်ရာကတော့ ပါမှာပဲ အချိန်တွေအများကြီး ရှိပါသေးတယ် သေချာစနစ်တကျ စီစဉ်ကြတာပေါ့ နော်"

"ကိုရဲ့ ကောင်းမယ်ထင်သလိုသာ စီစဉ်ပါတော့ ယွန်းကတော့ ဖေဖေ့ကို ဘေးမသီရန်မခ ဖြစ်ရရင်ပဲ ကျေနပ်ပြီ"

"ယောက္ခမကြီး ကျန်းမာချမ်းသာပါစေဗျား"

"ကိုရဲနော် စကားအကောင်းပြောနေရာက မနောက်နဲ့"

"ဘယ်ကလာ နောက်ရမှာလဲ။ မိန်းမ စိတ်ချမ်းသာဖို့ ဆုတောင်းနေတာလေ။ အင်း ကိုယ်လည်း စိတ်ချမ်းသာ ရအောင် မိန်းမနဲ့ မြန်မြန်ပေါင်းရပါစေ"

"သွား"

သူရဲက ယွန်းမျက်နှာလေးကို မော့ယူ၍ မျက်ရည်တွေကို



www.burmeseclassic.com

www.burmeseclasslic.com



သုတ်ပေးကာ

"ဘယ်ကို သွားခိုင်းနေတာလဲ။ ဘယ်သွားသွား ခြေထောက်က ဒီကိုပဲ ရောက်နေလို့ခက်နေတာ မယုံဘူးလား"

"ယုံတယ် ယုံတယ် သွား"

ယွန်းက သူ့မျက်နှာကို တွန်းပစ်လိုက်ကာ အတင်းရုန်းထွက်သွားလေသည်။

ငိုလိုက် ရယ်လိုက် အဲဒီကောင်မလေးကို သူ့မှာမြတ်နိုးလွန်းလို့ ရှုမဝ။

♛♛♛♛♛





## အခန်း (၂၄)

### ယွန်း

"ဟင် ဘာလဲ"

"ရန်ကုန်ပြန်ရောက်တော့ ကိုယ်တို့ငှားနေခဲ့တဲ့ အိမ်လေးကို လွမ်းသလိုပဲ သွားကြည့်မလား"

"မသွားချင်ပါဘူး။ နောက်ကြောင်းကို ယွန်းကြောက်တယ်။ ယွန်းလေ ခုလို စွန့်စားထွက်မလာခဲ့ရသေးတဲ့ အချိန်ထိ ဗိမာန်ကြီးတစ်ခုထဲမှာ နေမမြင် လမမြင် တစ်ယောက်တည်း အထီးကျန်နေခဲ့ရသလို ဘဝကြီးကို ပြန်တွေးပြီး သိပ်ကြောက်တာပဲ။ ပြီးတော့ ကိုရဲဝင့်နဲ့ မတွေ့ခင်အချိန်ထိ



www.burmeseclassic.com

www.burmeseclasslic.com



လူဆိုးလူကောင်းကို ဘယ်လိုမှမခွဲခြားနိုင်ဘဲ မဟူရာ ညသန်းခေါင်ယံမှာ တစ်ယောက်တည်း စမ်းတဝါးဝါး လျှောက်ခဲ့ရတာကို မတွေးရဲတော့ဘူး''

'ဒါနဲ့များ ကိုယ့်ကျေးဇူးရှင် သူတော်ကောင်းလေးကို ပြန်ချစ်ဖို့ မစဉ်းစားဘူး။ ရက်စက်တယ်''

''ဖော်ကလာပြီ တွေ့လား''

''တွေ့သားပဲ သိစ်လှတာပဲ''

''ကိုရဲနော်''

''တကယ်ပြောတာဗျ။ နှုံးသာရောင်လေးနဲ့ ဝင်းစက်နေတာပဲ။ ကြည့်လို့ကို မဝဘူး။ ခလုတ်တိုက်မှာစိုးလို့ ထိန်းနေရတာ''

''သွားပါ''

နှစ်ယောက်သား ပလာဇာထဲက အတူထွက်လာကြချင်း

''ဟင်း ကိုရဲ ဘိုးဘိုးအတွက် ဝယ်လာတဲ့ ဦးထုပ်နဲ့ ဖိနပ်ရော''

'ဟာ ဟုတ်ပါရဲ့''

သူ့ရဲ တံ့ခနဲရပ်ကာ ဆွဲလာသည့် အထုပ်တွေကို ယွန်းလက်ထဲ ထည့်ကာ

''အဲဒီ ရှူးကော့စ်ပေါ်မှာပဲ မေ့ကျန်ခဲ့တာကွ ယွန်းပြန်မလိုက်





နဲ့တော့။ ဒီမှာခဏစောင့်နော် ကိုယ်ပြန်တက်လိုက်ဦးမယ်''

သူ့ရဲ ပလာဇာထဲပြန်ပြေးဝင်သွားတာကို ယွန်းသက်ပြင်းလေးချရင်းရပ်ကြည့်နေမိသည်။

ထိုစဉ်မှာပင်

''ယွန်းယွန်း''

''ဟင် အမလေး''

ဖျတ်ခနဲ လှည့်ကြည့်လိုက်မိကာ ယွန်းယွန်း၊ မျက်လုံးတွေဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူမကို ထိတ်လန့်နာကျင်အောင် ညှဉ်းပန်းနှိပ်စက်ခဲ့သည့် မျက်နှာကြီးတစ်ခု အကြောက်လွန်ကာ မျက်လုံးတွေပါ ပြာဝေသွားမိလေသည်။

ပလာဇာ အပေါ်ထပ်ကို ရောက်သွားပြီဖြစ်သည့် သူ့ရဲကလည်း ယွန်းရှိရာသို့ ငုံ့အကြည့်နှင့် ယွန်းနံဘေးမှာ လူထွားကြီးတစ်ယောက်ရပ်လိုက်ကာ

ယွန်းအပေါ်ကို မော့ကြည့်လိုက်တာကအစ အားလုံးမြင်သွားလေသည်။ ယွန်းဘယ်သူနဲ့ စကားပြောနေတာလဲ။

ယွန်းမှာ သူတို့အပြင် သူစိမ်းမိတ်ဆွေတွေ မရှိနိုင်ပေ။

ဒါဆို သူဖျင်းခနဲဖြစ်ကာ လှေကားဆီ လှည့်ပြေးခဲ့၏။



www.burmeseclassic.com

www.burmeseclasslic.com



လူကြီးက ယွန်းခါးကိုဖက်၍ ကားတစ်စီးဆီ တွဲထွက်သွားတာ မြင်လိုက်ရလေရာ သူသဘောပေါက်သွား၏။

ယွန်းကို တစ်ခုခုနဲ့ ကပ်၍ ခြိမ်းခြောက်ခေါ်သွားခြင်းသာ ဖြစ်မည်ဟု သူ့ခြေလှမ်းတွေ လှေကားထစ်တွေကို ကျော်၍၊ လူတွေကို တိုးမိတိုက်မိလျက် အောက်ရောက်လာတော့ ယွန်းကို တင်ဆောင်သွားသည့်ကားလေးက အတော်ဝေးဝေးကို ရောက်သွားလေပြီ။

♛♛♛♛♛





## အခန်း (၂၅)

**ညည်းတော** သိပ်လှနေပါလား မိယွန်းယွန်း။ အိမ်ကထွက်သွားတာ ခြောက်လသာရှိသေးတယ်။ ယောကျ်ားတွေ ဘာတွေ ရလို့ ဘာလဲ ညည်းက အားကိုးရှာတာလား"

ဒေါ်နှင်းငွေရည် မျက်နှာကြီးက စိန်နားကပ်အရောင်နဲ့ ခေါင်းက တစ်တန်းသွား စိန်ဘီးကုတ်ကြီး အရောင်တို့အလယ်မှာ လောဘကြောင့် ဝင်းဝင်းလက်လက် ဖြစ်နေလေသည်။

ခန့်ချောလှပသည့် မျက်နှာကြီးကို ယွန်းယွန်း ဘီလူးသရဲ မကြီးသဖွယ် ထိတ်လန့်နေမိကာ စိတ်ညို့ခံထားရတဲ့အတိုင်း။

"ဆံပင်တွေ ဘာတွေဖြတ်ပြီး ရုပ်ဖျောက်နေတော့ ဘယ်မှာမှ



www.burmeseclassic.com

www.burmeseclasslic.com



ရှာမတွေ့ဘူး ဟဲ့တောက်ထိန်"

"ဗျာ"

"သူ့ကို လွတ်လွတ်ကျွတ်ကျွတ် ခေါ်ထုတ်ခဲ့ရဲ့လား။ ဘယ်မီးပွားမှ မကျခဲ့စေနဲ့လို့ ငါအပြက်ပြောထားပြီးသား"

"လွတ်လွတ်ကျွတ်ကျွတ်ပါ မမ"

"အေး 'နှင်းငွေ့' စံအိမ်ကို ဘယ်သူမှ မသိစေချင်ဘူး။ ဒီဟာမ အရိပ်အငွေ့လို ပျောက်ကွယ်သွားတာမျိုး ဖြစ်ကျန်ခဲ့မှ ဘယ်သူမှ လာမရှုပ်နိုင်မှာ"

ဒေါ်နှင်းငွေရည်က ခါးထောက်၍ ဘေးဘက်တွန်းပစ်လိုက်သည်။

"ဟဲ့ ကောင်မ ညည်းဘယ်လမ်းက ထွက်ပြေးသလဲ ပြောစမ်း"

"ယွန်းဖေဖေကော ဖေဖေ့ကို ယွန်းတွေ့ပါရစေ။ အန်တီနှင်းရယ်"

ရောက်ကတည်းက ဖေဖေ့ကို လုံးဝမတွေ့ရသဖြင့် ဖေဖေ ဘယ်အဖြစ်ရောက်သွားပြီကို တွေးမိနေပေမယ့် အတိအကျ သိချင်သည်။

ဒေါ်နှင်းငွေရည်ကို ကြောက်ပေမယ့် သူမ အရဲစွန့်၍ မေး





လိုက်မိ၏။

"ဘာပြောတယ်အေ၊ ညည်းတို့သားအဖ တစ်ကြိုတ်တည်း တစ်ညရက်တည်း လုပ်သွားကြပြီး ခုကျမှ ဖေဖေ ဘယ်မှာလဲ ဟုတ်လား"

"အား"

ဒေါ်နှင်းငွေရည်က ဒေါသမထိန်းနိုင်ဖြစ်ကာ ယွန်းယွန်း ဆံပင်တွေကို ဆောင့်ဆွဲခါလိုက်၏။

ထို့နောက် ပါးကို ဖျန်းခနဲ ရိုက်ချပစ်လိုက်ပြီး။

"ညည်းကို ဘယ်လမ်းကြောင်းက ညည်းအဖေ လွှတ်လိုက်သလဲ ငါ့ကိုပြောစမ်း"

"အဲဒါကို ရအောင်မေး မမနှင်း။ အဘိုးကြီး အဲဒီလမ်းကြောင်းထဲမှာပဲ ရှိမှာ"

နံဘေးမှာရပ်နေသည့် သူမတို့ အိမ်ဖော်ဟုထားခဲ့သော ဒေါ်ညွှာကြီးကလည်း ဒေါ်နှင်းငွေရည်လို မျက်နှာထားမျိုးနှင့် ထပ်တူ

"ဖယ်ပါ ဒီကိစ္စ မမတို့မပါကြပါနဲ့။ ဒီဟာမလေးကို ကျွန်တော်တို့ပေါ်အောင် စစ်ပေးပါ့မယ်"

ဖေဖေ မသေဘူးဆိုတာ သိလိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားမိစဉ် တောက်ထိန်နဲ့ ယက္ခတို့ရှေ့တိုးလာကြသဖြင့် ယွန်းယွန်း



www.burmeseclassic.com

www.burmeseclasslic.com



နောက်ကို လှုးလှိမ့်ပြေးလေသည်။

"မိယွန်းယွန်း၊ ညည်းပြေးခဲ့တဲ့လမ်းကြောင်းကို ပြမလာ
အရှက်တကွဲ အကျိုးနည်း ဖြစ်ချင်သလား"

သူတို့တစ်ခုခု ယုတ်မာကြတော့မည်ကို ယွန်းသိလိုက်၏။

သို့သော် ထိုလမ်းထဲ တစ်နေရာရာမှာ ဖေဖေ ပုန်းအောင်းနေ
လိမ့်မည်။

သူမ ပြောလိုက်တာနှင့် သားအဖနှစ်ယောက်ကြားမှာ အကျပ်
ကိုင်ကာ ခြိမ်းခြောက်တာတွေလုပ်ကာ လိုချင်တာကို ရအောင်
ပေးကြမည်သာ။

ထိုအခါ ယွန်းကိုအထိမခံနိုင်သည့် ဖေဖေဟာ ပစ္စည်းတွေ
သူတို့ကို ပေးအပ်ရပေမည်။

တကယ်ဆို ဒါတွေ ဖြစ်ခဲ့ရတာ သူမကြောင့်–

**နှင်းငွေ့စံအိမ်ကို** နောက်တစ်ခေါက် ထပ်ရောက်လာလျှင်
**အခြေအနေဟာ အဆိုးဆုံး**ထိ ဖြစ်လာတော့မှာကို သိ၍ ဖေဖေက
ပြန်မလာဖို့ အထပ်ထပ်မှာထားခဲ့သည်။

ခုတော့ သူမ၏ပေါ့ဆမှုကြောင့် သူတို့လက်ထဲ ပြန်ရောက်
ခဲ့ရပြီ။

အဖြစ်က ဘယ်ဘက်က တွေးယူလို့မှ မသက်သာ။





ထို့အပြင် နှစ်ယောက်လုံး နှောင့်နှေး၍ သူတို့ခြယ်လှယ်သမျှ
ခံကြရမည်သာ။

ဖေဖေကိုတော့ ဒုက္ခအရောက်မခံနိုင်တော့ပေ။

ယွန်းယွန်း သူတို့ကိုကြောက်ပေမယ့် အံကြိတ်၍ ခေါင်းခါ
ပစ်လိုက်သည်။

"ကြည့်စမ်း ကောင်မက လူပါးဝလို့ ကဲ ကဲပါယ်"

"ဖြန်း ဖြန်း"

"အင်း"

ဒေါ်ဥမ္မာက ပါးကို ဘယ်ပြန် ညာပြန် ဝင်ရိုက်လေသည်။

သူတို့ဟာ ဆွေစု မျိုးစုလား။ သခင်အားရ ကျွန်ပါးဝ တွေ
လားမသိ။ ယွန်းယွန်းကို နွားတစ်ကောင်သဖွယ် တက်ညီ လက်ညီ
အမဲဖျက်ကြတော့သည်။

"ဥမ္မာ ညည်းဖယ်စမ်း"

ဒေါ်နှင်းငွေ့ရည်က စားပွဲအံဆွဲထဲက လိုင်စင်သေနတ်ကို
ထုတ်ယူလိုက်၏။

တကယ်တော့ ထိုသေနတ်က ဖေဖေ့ သေနတ်ဖြစ်သည်။
ဒါပေမဲ့ ဖေဖေ့လက်ထဲမှာ မရှိခဲ့တာ ကြာလှေပြီ။
'ကဲ ညည်းပြောမလား မပြောဘူးလား"



www.burmeseclassic.com

www.burmeseclasslic.com



"မသိဘူး။ ယွန်း ဒီအတိုင်းပဲ ထွက်ပြေးခဲ့တာ။ ဘာလမ်းကြောင်းမှ မရှိဘူး"

"ငါ တကယ် ပစ်ထည့်လိုက်ရ သေတော့မယ်"

"ပစ်ထည့်လည်း သူက သူ့အဖေအတွက် အသေခံသွားမှာပဲ မမနှင်း။ ဒီကောင်မကို ဒီနည်းသုံးလို့မရဘူး။ ဒီမှာ မိယွန်းယွန်း ညည်းကို တစ်ကိုယ်လုံးအဝတ်တွေချွတ်ပြီး အလုပ်သမားတွေ လက်ထဲထည့်ပေးလိုက်မယ်ဆိုရင် ညည်း ဘယ်လိုနေမလဲ ဟင်း ဟင်း ဘာဖြစ်သွားမယ်လို့ ထင်သလဲ"

မျက်လုံးကိုဝင့် မျက်ခုံးကိုပင့်၍ ဒေါ်ဥမ္မာက ရွံ့ရှာဖွယ်မျက်နှာကြီးနှင့်ပြောနေသည်။

"ဟား ဟား ဟား ကောင်းတယ်။ အစ်မဥမ္မာက် သိပ်ဉာဏ်ကောင်းတာပဲဗျာ။ ဘုရားလည်းဖူး လိပ်ဥလည်းတူး ဟား ဟား"

တောက်ထိန်တို့ မျက်နှာကြီး ဝင်းထိန်သွားကာ လက်ဝါးချင်းပွတ်၍ အာသာငမ်းငမ်း ပြောနေရာ ယွန်းယွန်း အသားလေးတွေ ဖုန်အောင် ထိတ်လန့်သွားလေသည်။

"ကဲ ပြောမလား၊ ငါအမိန့်ပေးလိုက်ရမလား"





စကားသံတွေကို ကြားနေရသည်။

သမီးလေး ဒုက္ခရောက်တော့မည်။

မြေအောက်ခန်း လှေကားတစ်ဝက်ကျော်မှာ တွားသွားသတ္တဝါတစ်ကောင်လို ချွေးဒီးဒီးကျအောင် ကုတ်တွယ် တက်လာနေရင်း ဦးကျော်မျိုးနှင်း အားပြုရလွန်းသည့်လက်တို့က တဆတ်ဆတ် တုန်ကာ အံသေလုလု။

"ဟင့်အင်း ဟင့်အင်း မလုပ်ပါနဲ့။ ရှင် ယွန်းကို ဒီလိုမလုပ်ပါနဲ့"

"ဟား ဟား ဟား ကြောက်တတ်လိုက်တာ ကောင်းတယ်၊ ဥမ္မာတော်တယ်၊ ဖအေကို အသက်ပေးကာကွယ်ချင်တဲ့ ဟာမ ခုတော့ အရှက်ပေးရဲသေးလား"

ပြေးလွှား ရယ်မောသံတွေကို ကြားနေရသည်။

သူရောက်နေသည့် နေရာမှ လှမ်းအောင်၍လည်း ကြားရမည် မဟုတ်ပေ။ သူမြေအောက်ထဲကို လိုမ့်ဝင်ခဲ့စဉ်က လိမ့်ကျခဲ့သည့် ဒဏ်နှင့် နဖူးမှာလည်း ဒဏ်ရာတွေရထားသည်။

လက်တစ်ဖက်က အနာသက်သာရုံပဲ ရှိသေးသည့် လှေကားထစ်တွေပေါ်ကို ဖိုးချဲနဲ့တက်လို့ မရပေ။

လိမ့်ကျကတည်းက သူနဲ့ဖိုးချဲ တခြားစီဖြစ်ကာ အချိန်ထိ



www.burmeseclassic.com

www.burmeseclasslic.com



ဝိုးချဲက မြေအောက်ခန်းနံရံအနားမှာ တုံးလုံးကြီးလဲနေဆဲ။

မြေအောက်ခန်းထဲမှာ သူတစ်ယောက်တည်း ဖြစ်ချင်တိုင်း ဖြစ်နေခဲ့သမျှ ရှေ့ရောက်လာသည့် ကြွက် ဖား အစရှိသည့် သတ္တဝါတို့ကို ဖမ်းပစ်ကာ မီးလင်းဖိုထဲမှာ ထည့်ကင်စားရသည်။

ရေအတွက်က ပူစရာမလိုပေ။

သူ့မှာ ဒဏ်ရာတွေကို ပျောက်အောင် ကုစားရင်း သမီးလေး လွတ်မြောက်ဖို့ သူတော်ကောင်းများနဲ့ တွေ့ဆုံစေဖို့ အမြဲတမ်း ဆုတောင်းနေခဲ့ရသည်။

ဒီနေ့တော့ သူမျက်ရည်ဝေခဲ့ရပြီ။

အပေါ်မှာ ဆူဆူညံညံသံတွေ ကြားကတည်းက လှုပ်ရှားမရ သည့် ကိုယ်အောက်ပိုင်းကို ဒရွတ်ဆွဲကာ လှေကားထစ်တွေကို တွားတက်ခဲ့သည်။

အောက်ပိုင်းတစ်ခုလုံးကို ဆွဲတက်ရတာမို့ လှေကားတစ်ဝက် မရောက်ခင်ကတည်းက ချွေးတွေစိမ့်ထွက်လာကြတာဖြစ်၏။

အပေါ်ကို တိုးကပ်လာလေ အသံတွေ ပီပီသသ ကြားလာ ရလေ

"ဟား ဟား ဟား"

"အို ဟင့်အင်း သွား သွား"





မိန်းမတွေ သုံးလေးယောက်က ဝိုင်းအုံနေကြသည်။

ယောကျ်ားနှစ်ယောက်လက်ထဲ ရောက်သွားသည့် ယွန်းယွန်း ခမျှာ ကိုယ့်ကိုယ်ကိုယ် အတင်းအကျပ် ကာကွယ်ထားရင်း သတိ လစ်မတတ် ဖြစ်နေရှာလေသည်။

"ပြောမလား အဝတ်တွေကို ချွတ်လိုက်ရမလား"

"မပြောဘူး"

ယွန်းယွန်း နားထဲမှာ ဒေါ်နှင်းငွေရည်အသံက နာကြည်း ဖွယ်ရာ တိုးဝင်လာလျက် နောက်ဆုံးဟူသော အသိစိတ်က တုံ့ခနဲ ကြွတက်လာသည်။

သွားကြီးအဖွေးသားနှင့် ရယ်နေသော မျက်နှာကြီးကို မေးဖျားကနေ ခေါင်းနဲ့ဆောင့်တိုက်ပစ်လိုက်၏။

"ခွပ်"

"အား"

"ကဲ ဟာ"

"ဒုတ်"

"အင့်"

သားသမင်ကို ကစားသလို သဘောကျကာ တဟားဟား ရယ်နေကြသည့် ကျားနှစ်ကောင် ပက်ခနဲ ပက်ခနဲ လန်ကျသွား၏။



www.burmeseclassic.com

www.burmeseclasslic.com



"ဟင် ကြည့်စမ်း"

"ဟိုကောင်မ ကြမ်းကုန်ပြီ"

မိန်းမကြီးတွေ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြ၏။

ယွန်းထဘီနဲ့မို့ လွတ်လပ်စွာ မလှုပ်ရှားနိုင်သည့်က တစ်ဖန်း ရှုံးနေရသည်။ သို့သော် တတ်ထားသည့် အဆင့်မြင့် ပညာရပ်တွေက ဗလအားကိုးနှင့် ခြေမြှောက် လက်မြှောက်လောက်သာ တတ်သည့် လူကြမ်းကြီးတွေကိုတော့ အသာလေး ထိန်းထားနိုင်ခဲ့သည်။

ထိုစဉ် နောက်ထပ် ယောကျ်ားလေးနှစ်ယောက် ပြေးဝင်လာပြန်သည်။

"အေး လာကြ၊ ဖယ်စမ်း ဒီကောင်မကို မိအောင်ဖမ်း။

ပြီးရင် တစ်စစီဖဲ့ပစ်ကြတော့"

သို့လို သဘောထားခဲ့သော ယွန်းယွန်းနားကို ယောကျ်ားရင့်မကြီးတွေ ရုတ်တရက် ကပ်မရဘဲ ဖြစ်နေသဖြင့် ဒေါ်နှင်းငွေရည် ဇွေ့ဇွေ့ခုန်နေသည်။

"ဝှစ်"

"ဖက်"

"အ"

"ဘုန်း"





ပစ်ဝင်လာသည့် ကန်ချက်ကို ယွန်းယွန်းက မိုက်မိုက်ကန်းကန်း ဆုပ်ဖမ်းကာ ဟိတ်ခနဲ အသံပြုလျက် ဆွဲလှဲပစ်လိုက်သည်။

ဒီလူက မခေပေ။

လဲကျအသွားမှာ နောက်ထပ် ခြေတစ်ဖက်နဲ့ ခတ်ထုတ်လိုက်သေးသည်။

ယွန်းယွန်း မျက်နှာမော့ပစ်လိုက်ရင်း ဘုန်းခနဲ လဲကျသွားသည့် ကိုယ်လုံးကြီးပေါ် ပြေးခုန်တက်လိုက်သည်။

နောက်က ပုလင်းကိုင်၍ ရိုက်ဖို့ ပြေးလာသည့် တစ်ယောက်ကို စိတ်လက်ဟန်ပါ လွှဲကန်ပစ်လိုက်လျှင် ထဘီအနားစက ကွဲထွက်သွားသလို ခံလိုက်ရသူလည်း မျက်နှာကိုအုပ်၍ လဲကျသွားလေသည်။

သို့သော် ထဘီပြဲသွားတော့ ယွန်းယွန်းထိတ်ခနဲဖြစ်ကာ တစ်ချက်ကြောင်သွားစဉ် နောက် ခြေကန်ချက် တစ်ချက်က ထိထိမိမိကြီး ရောက်လာ၏။

"အေး ဟုတ်ပြီ၊ လုပ် ဒီကောင်မကို သေအောင်လုပ်စမ်း"

မိန်းမတွေ အားပေးအော်ဟစ်နေကြပေမယ့် နောက်ထပ် ထိုးနှက်ချက်တွေကို ကြမ်းပေါ်မှာလိမ့်ရှောင်ရင်း ခြေထောက်တွေကို ဆွဲလှဲပစ်လိုက်ရာ ယောကျ်ားတွေ ဒယိမ်းဒယိုင် ဖြစ်ကုန်ကြပြန်၏။



www.burmeseclassic.com

www.burmeseclasslic.com



ဘိုင်းခနဲ လဲတဲ့သူက ဘေးက လူကို လှမ်းကိုင်-

ဝရန်းသုန်းကား ဖြစ်ကုန်ကြသည့်အချိန်မှာ ယွန်း ဖျတ်ခနဲ ခုန်ထလိုက်၏။

ဒေါ်နှင်းငွေရည် ဒေါသက အထွတ်အထိပ်သို့ ဆောင့်တက်သွားလေသည်။

"တောက်"

မြင်းထိန်စွာ တက်ခေါက်၍ သေနတ်ကို တန်းခနဲ ထိုးချိန်လိုက်သည်။

"ကောင်မ ဒီလောက်တော်နေတော့လည်း ခုချရတာပေါ့"

"ပစ် ပစ်သာပစ်။ အစ်မနှင်း ခြေထောက်ကိုပစ်"

"ဒိုင်း"

"အား"

"ဟင်"

ပစ်သည်က ယွန်းယွန်းကို။

မှန်သွားသည်က ကိုယ့်လူ။

ယက္ခပေါင်ကို နှိပ်ကာ ကွေးကောက်သွားလေသည်။

သေနတ်ကိုင်ထားပေမယ့် မပစ်တတ်တော့ လက်ကတုန်နေသည်။





"ပစ် မမနှင်း"

"ဒိုင်း"

ယွန်းတစ်ယောက်နောက်ကို ခုန်ဝင်လိုက်ပြန်သည်။

ဟိုတစ်ယောက် ထိသွားသည်ကို မြင်ကာ ယွန်းယွန်းက အကွယ်မခံတော့ဘဲ တောက်ထိန်က လှစ်ခနဲ လှည့်ပြေး၏။

"ကောင်မ ခြေထောက်ကို မပစ်ဘူး။ နင့်ကိုပဲ ပစ်သတ်တော့မယ် ကဲ"

"ဒိုင်း"

ကျည်ဆန် ထွက်ခြင်းနဲ့အတူ သေနတ်က အမိုက်တစ်စလို အပေါ်ကို ပွင့်တက်သွားလေသည်။

ဒေါ်နှင်းငွေရည် ယိမ်းယိုင်သွားလျက် အကာန်ခံလိုက်ရသည့်လက်က မခံမရပ်နိုင်အောင် နာကျင်မှုကို သတိမထားနိုင်။

ကန်ထုတ်လိုက်သူကို လှည့်ကြည့်လိုက်မိ၏။

"ဖြောင်း"

"အား"

မျက်နှာကို လက်ပြန်ရိုက်ချခံလိုက်ရသဖြင့် ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲခင် ဒေါ်နှင်းငွေရည် မှုခနဲလဲကျသွားလေသည်။

"ကိုရဲ"



www.burmeseclassic.com

www.burmeseclasslic.com



ယွန်းယွန်း ဝမ်းသာအားရလေး လှမ်းခေါ်လိုက်မိသည်။

အာရုံတစ်ချက်လွတ်သွားသည်နှင့် ဖောင်းခနဲ ရိုက်ချက်က ပါးတစ်ဖက်ကို ပြင်းထန်စွာကျလာလေသည်။

ယွန်းယွန်း ယိုင်လဲသွားလျှင် သူရဲက ပြေးထိန်းလိုက်ပြီး ရိုက်လိုက်သည့် လူကို ဒူးနဲ့ဆောင့်ပစ်လိုက်၏။

အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်သွားပြန်သည်။

ယွန်းပြနေသည့် ထဘီစကို စုသိမ်းကာ ရှောင်တိမ်းပြေးလွှား နေရသဖြင့်

သူရဲကို မကူနိုင်။

မိန်းမတွေ ဒဏ်ရာတွေအသီးသီးနှင့် လဲပြိုကုန်ကြသော် လည်း ယောကျ်ားတွေက တစ်ယောက်လဲ နှစ်ယောက်ထဖြစ်ကာ နောက်ထပ် ပြေးဝင်းလာကြသူတွေနှင့် သူရဲ ရှုပ်ယှက်ခတ်နေသည်။

"ဘယ်က သတ္တဝါလဲ ငါ့ခြံထဲကို ကျူးကျော်ဝင်လာတာ"

ဒေါ်နှင်းငွေရည် သေနတ်ကို ပြေးကောက်သည်။

ယွန်းယွန်းက လှမ်းရိုက် တိုက်ခိုက်နေကြသည်များကို ရှောင် နေရသဖြင့် မတားဆီးနိုင်။

"ကိုရဲ သူ သူ သေနတ်ကောက်တော့မယ်"

သူရဲ ဖျတ်ခနဲ လှည့်ကြည့်ကာ လက်နှစ်ဖက်ထောက်၍





သောတိုက် ကျွမ်းထိုးသွားကာ ဒေါ်နှင်းငွေရည် ပခုံးကို ဆောင့်ကန် ပစ်လိုက်လေသည်။

"အား"

သေနတ်ကို ကိုင်လိုက်မိကာမှ မဖမ်းလိုက်နိုင်ဘဲ ဖယ်ထုတ် လိုက်သလိုဖြစ်သွားကာ သေနတ်က ကြမ်းပေါ်မှာ လျှောခနဲ ပြေးထွက်သွားလေသည်။

ဒေါ်နှင်းငွေရည် သေနတ်နောက်ကို လေးဘက်ထောက်လိုက် သော်လည်း

"ဟင်"

"ချောက်"

သူမနဖူးဆီကို တန်းခနဲ ထိုးချိန်ထားသည့် သေနတ်က အခန်း၄ တစ်ခုမှာ မှီထိုင်နေသည့် ဦးကျော်မျိုးနှင်း လက်ထဲမှာ။

"သေနတ်ကို မင်းမပစ်တတ်ပေမယ့် ငါပစ်တတ်တယ် ရွှေရည်။ မင်းလူတွေကို အားလုံးရပ်နိုင်းလိုက်ပါ"

ရုတ်တရက် ဦးကျော်မျိုးနှင်းကို မြင်လိုက်ရသဖြင့် ဒေါ်နှင်း ငွေရည် မျက်လုံးကြီးပြူးကာ ကြောင်ငေးသွား၏။

ဦးကျော်မျိုးနှင်း တစ်ကိုယ်လုံးမှာ ချွေးတွေရေချိုးထား သကဲ့သို့ စိုရွှဲလျက် အားအင်ချည့်နဲ့သလို တုန်ယင်နေသည့် မျက်နှာ

www.burmeseclassic.com

www.burmeseclasslic.com

က ကြောက်မက်ဖွယ်ကောင်းလောက်အောင် တင်းမာနေသည်မှာ စုကျုပ် ပုံခဲနေပြီဖြစ်သည့် နာကြည်းချက်များကြောင့် ဖြစ်သည်။

ထို့ပြင် အကြောကြီးတွေ ထောင်ထနေသည်အထိ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် သေမင်းတမန် သေနတ်ကတော့ တစ်ချက်မှ တုန်ယင်လှုပ်ရှားခြင်းမရှိဘဲ ဒေါ်နှင်းငွေရည် နဖူးကို တန်းတန်းမတ်မတ်

"ရွှေရည် မင်း ငါပြောနေတာ ကြားလား"

"ကြားတယ် မရပ်နိုင်းနိုင်ဘူး။ အစ်ကိုကြီး ရှင် လူသတ်ရင် လူသတ်တဲ့အပြစ်ခံရမှာပဲ။ သတ်ရဲရင် သတ်လိုက်လေ၊ ကျွန်မကတော့ ကျွန်မလိုချင်တာကို မရရအောင် ယူရမှာပဲ"

"မင်းက ငါတကယ်မပစ်ရဲဘူး မှတ်လို့လား"

မပစ်ရဲဘူးလို့ မမှတ်ပေမယ့် မပစ်လောက်ဘူးဟု ယူဆကာ ဒေါ်နှင်းငွေရည်က အံကြိတ်ကာ ခေါင်းမော့နေသည်။

"အေး သေနတ်ကို မပစ်ရဲဘဲမကိုင်ဘူးဆိုတာ မင်းသိရမှာပေါ့"

"ဒိုင်း"

"အား"

"ဒိုင်း"



"အ"

"ဖေဖေ မသတ်ပါနဲ့ ဖေဖေ"

ဖအေ အပြစ်ခံရမှာစိုးကာ ယွန်းယွန်း အော်ဟစ်ကာ တားဆီး၏။

သို့သော် ကြမ်းပေါ်မှာ လဲကျသွားသူတို့ ကိုယ်မှာ ဒဏ်ရာက ခြေထောက်တွေမှာသာ ဖြစ်လျက် သေကွင်းသေကွက်မဟုတ်။

ရပ်နေကြသူတွေ ဟိုပြေး ဒီပြေး ဖြစ်ကုန်၏။

ဒေါ်နှင်းငွေရည် လန့်ဖျန့် ထရပ်လိုက်ရာ ဦးကျော်မျိုးနှင်း သေနတ်က သူမထံ တန်းခနဲ ချိန်ပြီးသားဖြစ်သွားရာ

"အမလေး"

ဒေါ်နှင်းငွေရည် ချက်ချင်း ဝပ်ချလိုက်ကာ

"အစ်ကိုကြီး ရှင်တကယ် ပစ်မလို့လားဟင်။ ကျွန်မ ခုလိုတွေလုပ်မိတာ ရှင့်ကြောင့် သိလား။ ရှင် ကျွန်မကို ထိုက်သင့်သလောက်တောင် ခွဲထုတ်ပေးကမ်းခဲ့တာ မရှိလို့ ကျွန်မဘက်က ရအောင်ဖန်တီးရတာ"

"မင်း တိတ်စမ်း"

"ထိတ်ဖို့မလိုပါဘူး။ ဦးကျော်မျိုးနှင်းရဲ့ ခင်ဗျားကြီးက ဒုက္ခိတပါ။ ကိုယ့်ကိုယ်ကိုယ်တောင် မဟာန်နိုင်လို့ တံခါး


www.burmeseclassic.com

www.burmeseclasslic.com



ဘောင်မှာ မှီနေရတာ သတိရစမ်းပါ။ ဟား ဟားဟား"

"ဟင်"

ရုတ်တရက် ဦးကျော်မျိုးနှင်း နောက်မှာ ဘွားခနဲပေါ်လာ သူက ဒေါ်နှင်းငွေရည်ရဲ့ မောင်ဟုဆိုသူ ဒရိုင်ဘာ ငွေသိမ်း။

သူက ဦးကျော်မျိုးနှင်း လည်ပင်းထဲကို ခါးသွားရုံဝင် နေတဲ့အထိ ဖိထောက်ကာ

"သေနတ်ကို ချလိုက် ဦးကျော်မျိုးနှင်း။ ခင်ဗျား ကျုပ်ကို သေနတ်နဲ့ ပစ်သတ်နိုင်လဲ ကျုပ်က အသေခံပြီး ခင်ဗျား ကိုပါခေါ်သွားမှာပဲ။ ကျုပ်ကော ခင်ဗျားပါ သေသွားလည်း ခင်ဗျားသမီးနဲ့ ရတနာတွေကို သူတို့ အခက်အခဲမရှိ ယူလို့ရတာပဲလေ"

ငွေသိမ်းက တဟင်းဟင်း ရယ်၍ ဓားကို မိုင်နိုင်စွာ ဖိထောက် ထား၏။

ဦးကျော်မျိုးနှင်း အံကြိတ်ထားလျက် သေနတ်ကိုဆုပ်ကိုင် ထားဆဲ ဖြစ်လေသည်။

အားလုံးရဲ့အာရုံတွေ ဦးကျော်မျိုးနှင်းနဲ့ သေနတ်ချရေး မချရေးကို စိတ်ဝင်စားစွာရှိနေကြစဉ် သူ့ရဲ စားပွဲနားရောက်အောင် ဟာရွေ့ရွေ့ တိုးကပ်သွားသည်။



ဘယ်သူမှ သတိမထားမိကြပေ။

စားပွဲပေါ်က ဖန်ခွက်နဲ့ ဆေးလိပ်ခွက်ဝိုင်းလေးကို ဆွဲယူ၍ တစ်ချက်ဆကာ ငွေသိမ်းနဲ့ ခပ်စောင်းစောင်းနေရာထိ ပြန်ရွှေလိုက် ၏။

ဦးကျော်မျိုးနှင်း အားမတန်တော့သည်မို့ သေနတ်ကို ချရ တော့မည်။ ငွေသိမ်း ကျေနပ်နေ၏။

ဒေါ်နှင်းငွေရည် ဖုတ်ဖက်ခါ ရပ်လိုက်ပြီး ခါးထောက် လိုက် သည်။

"ဝှစ်"

"ဒုတ်"

"အား"

ဘာမှ ပြင်ဆင်ရှောင်တိမ်းချိန် မရလိုက်ဘဲ ငွေသိမ်း ရူးရူး ဝါးဝါး အော်ကာ နောက်လန်သွားသည်နှင့် ဦးကျော်မျိုးနှင်းက နောက်ပြန်တံတောင်နဲ့ ဆောင့်ပစ်လိုက်၏။

ငွေသိမ်း နဖူးဟက်တက်ကွဲကာ သွေးချင်းချင်းနီသွား၏။

လူတွေ အများကြီးရှိကြသော်လည်း သေနတ်ဒဏ်ရာများ ထိခိုက်ဒဏ်ရာများနှင့် အားလုံးအထိနာနေကြကာ သူ့ရဲကို အလန့် တကြားကြည့်လာကြပြီး ဘယ်သူမှ ထပ်မလှုပ်ရှားကြတော့ပေ။



www.burmeseclassic.com

www.burmeseclasslic.com



"အားလုံး ငြိမ်ငြိမ်လေးရပ်နေလိုက်ကြစမ်း။ မင်းတို့ကို ငါတို့ ဝိုင်းထားပြီးပြီ"

"ဟင်"

"အို"

ဒေါ်နှင်းငွေရည် မျက်လုံးပြူးကျယ် ကျောက်ရုပ်ကြီးလို ဖြစ်သွား၏။ ဒဏ်ရာ မရဘဲ ကျန်နေသည့် အလုပ်သမား အယောင် ဆောင် လူဆိုးငါးယောက်ကို လက်ရဖမ်းမိ လိုက်၏။

"ဖေဖေ၊ ဖေဖေ"

"သမီး"

ယွန်းယွန်း ဖအေ ဖြစ်သူကို အားပါးတရ ပြေးဖက်ကာ ဝမ်းသာမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

ထို့နောက် သွေးစိမ်းတွေစီးကျနေသည့် လည်ပင်းက ဓားဒဏ်ရာကို စိုးရိမ်တကြီး ပွတ်သပ်ကာ

"ဒဏ်ရာများလား ဖေဖေ။ ဖေဖေ့ကို ထိုးသွားတာလားဟင်"

"မများပါဘူး သမီးရယ်။ ဖေဖေဘာမှ မဖြစ်နိုင်ပါဘူး။ သမီး ဒီကိုဘယ်လိုဖြစ်လို့ ပြန်ရောက်တာလဲကွယ်"

"ဟိုလူကြီး သမီးကို ဓားနဲ့ကပ်ထောက်ပြီး ချုပ်ခေါ်လာတာ ဖေဖေ။ တော်သေးတာပေါ့ ကိုရဲ အမီလိုက်လာလို့"





ယွန်းယွန်းက အနားမှာ ဒူးထောက်လာထိုင်သည့် သူ့ရဲကို မဝံ့မရဲလေးလှမ်းကြည့်ကာ

"ဖေဖေ သူ သူကလေ ဟို"

"ဖေဖေ သိပြီးပါပြီ သမီးရယ်။ သမီးတို့ ပြောဆိုနေကြတာ တွေ ဖေဖေ မြေအောက်ခန်းထဲက အားလုံးကြားတယ်။ ဒါကြောင့် သမီးလေးကို ကယ်နိုင်အောင် ဖေဖေ ဒီရောက် တဲ့အထိ ကုတ်တွယ်တက်လာခဲ့တာပေါ့"

အိမ်ထဲမှာ ရဲတွေ ရှုပ်ယှက်ခတ်နေသည်။

သိမ်းဆည်းစရာ ရှိသည်တို့ကို သိမ်းဆည်းကာ တရားခံ အားလုံးကို လက်ထိတ်ခတ်၍ ကားပေါ်တင်ကြသည်။

"ရဲတွေကို မောင်ရင်ခေါ်လာတာလား"

"ဟုတ်ပါတယ်ဦး။ ဒီကအကြောင်းတွေ ယွန်းပြောပြလို့ ကျွန်တော်သိခဲ့ပါတယ်။ ကျွန်တော်နဲ့အတူ ထွက်လာရင်း ယွန်းကို ဟိုလူခွဲသွားတော့ သက်ဆိုင်ရာကို အကြောင်း ကြားပြီး လိုက်လာခဲ့တာပါ။ ရာဇဝတ်မှုကြီး တစ်ခုကို အချင်းချင်းကြိတ်ပြီး မရှင်းသင့်ဘူးထင်လို့ ခုလို လုပ် လိုက်ရတာကို ခွင့်လွှတ်ပါ"

"မင်း မှန်ပါတယ် ဒီလိုပဲ ဖြစ်ရမှာပဲလေ"



www.burmeseclassic.com

www.burmeseclasslic.com



ဦးကျော်မျိုးနှင်းက ယွန်းယွန်း ဆံစလေးတွေကို ပွတ်သပ်ပေးနေလျက်

"ဘာပဲဖြစ်ဖြစ် သမီးဘဝကို ဖေဖေ ခုလို ကောင်းကောင်းမွန်မွန်လေး ပြန်တွေ့ရတာကိုပဲ ကျေနပ်လှပါပြီကွယ်။ သမီးလေး မျက်စိအောက်က ပျောက်သွားတော့မှ အရာရာဟာ သမီးလေးလောက် ဘာမှ အရေးမကြီးဘူး ဆိုတာကို သိလာရတယ်။ မင်းကို ဦးကျေးဇူးတင်ပါတယ်"

"ဖေဖေ သမီးလေ ဖေဖေ့ကို အကြောင်းမကြားနိုင်ဘဲ ဖေဖေ ခွင့်ပြုတာမဟုတ်ဘဲ အကြောင်း အမျိုးမျိုးကြောင့် ကိုရဲနဲ့ လက်ထပ်ခဲ့မိပါတယ် အဲဒီအတွက်"

"ဖေဖေ ခွင့်လွှတ်တယ် သမီး။ သမီးမှာ အပြစ်မရှိဘူး။ အတိဒုက္ခ ရောက်နေစဉ်း အနားမှာရှိနေခဲ့တဲ့ လူဟာ မိတ်ဆွေကောင်းပါကွယ်။ သမီးလေး နှစ်သက်လို့ လက်ထပ်ခဲ့တာမဟုတ်လား ဟင် သမီး"

"ရှင်"

"သူ့ကို သမီးကိုယ်တိုင် မြတ်နိုးလို့ ရွေးချယ်ခဲ့တာလား။ သမီး ဆန္ဒမပါဘဲ လက်ထပ်ခဲ့ရတာလား။ ဖေဖေ ဒါကို မေးတာ"





ယွန်းမျက်နှာလေးမှာ ပါးမို့လေးရော ရဲတွတ်ကာ အကောင်းဆုံး ဘယ်လိုဖြေရမည်ကို စဉ်းစားလိုက်မိသည်။

သူ့ရဲ့ မေးတုန်းက ခေါင်းခါခဲ့မိသလား။

မခါခဲ့ပါ။ ဒါပေမဲ့ ချစ်တယ်ဆိုတာလည်း မဟုတ်ခဲ့ပေ။

ဖေဖေ မေးလာတော့မှ သူမ အဖြေရခက်လေတော့သည်။

"ပြောလေ၊ သမီးနဲ့သူ မေတ္တာမျှခဲ့ကြတာမဟုတ်ဘူးလား။ သမီး သူ့ကို မချစ်ဘူးလား"

"ချစ် ချစ်ပါတယ် ဖေဖေ။ သမီးတို့ ချစ်လို့ လက်ထပ်ခဲ့ကြတာပါ။ ပြီးတော့ ကိုရဲက သမီးရဲ့ ကျေးဇူးရှင်ပါ"

သမီးလေးကို စိုးရိမ်ပူသွားခဲ့မိသည့် ဦးကျော်မျိုးနှင်း မျက်နှာက ကျေနပ်ခြင်းများနှင့် ချက်ချင်း ကြည်လင်သွားလေ၏။

သူ့ရဲ့ကို အကဲခတ်လိုက်ပြီးကတည်းက သူကျေနပ်ခဲ့တာပင်။ ပြီးတော့ သူ့ရှေ့မှောက်မှာပင် သမီးနဲ့ သူ့အသက်ကို ကယ်တင်ခဲ့တဲ့သူ။

"ကဲ အားလုံးပဲ ခင်ဗျာ၊ နည်းနည်းစစ်ဆေးမေးမြန်းရမှာမို့ စခန်းကို ခဏလိုက်ခဲ့ကြပါ။ အန်ကယ်ကိုတော့ ကျွန်တော်တို့ဆေးရုံတင်ပေးမှာပါ။ ဆေးရုံမှာပဲ နည်းနည်းပါး မေးမြန်းပါ့မယ်"

www.burmeseclassic.com

www.burmeseclasslic.com



"ကောင်းပါပြီကွယ်၊ ဝတ္တရားရှိတဲ့အတိုင်း စီရင်ကြပါ"

"ဖေဖေ ဖေဖေ့မှာ ဘာအပြစ်ရှိလို့ သူတို့က ခေါ်ထာလဲ ဟင်"

"ဖေဖေ့မှာ အပြစ်မရှိဘူး သမီး။ ဒါပေမဲ့ အပြစ်ရှိတဲ့ လူတွေကို စီရင်နိုင်က ရှိသေးတယ်။ ဒီအတွက် သမီးနဲ့ ဖေဖေတို့ စိတ်ဆောမေးမြန်းတာကို ခံကြရမယ်။ အစွန်း မလွတ်ခဲ့ရင် ဥပဒေက အပြစ်ပေးသွားမှာပဲ။ ဒါကို ကျေကျေ နပ်နပ် ခံယူရမှာပဲ သမီးရယ်။ မပူနဲ့ ဖေဖေဘာမှ မဖြစ်ပါ ဘူး"

ဦးကျော်မျိုးနှင်းက ပြုံး၍ သူ့ရဲလက်ကို လှမ်းဆုပ်လိုက်၏။

"ဒီနေ့ကစပြီး 'နှင်းငွေ' စံအိမ်ကို လွှတ်လပ်စွာ ဖွင့်ချလိုက် ပြီ။ သားနဲ့သမီးတို့ရဲ့ နှင်းငွေ့စံအိမ်ပါ။ သမီးလေးကို သည်းခံ မြတ်နိုးစွာနဲ့ ရာသက်ပန် သစ္စာရှိရှိ ပေါင်းပါကွယ်"

"စိတ်ချပါဦး။ ယွန်းယွန်း အတွက် ဘာမှမပူပါနဲ့ ဦးလည်း ဘာအပြစ်မှခံရဖို့ မရှိပါဘူး။ အားလုံး အေးချမ်းသွားမှာပါ"

ဦးကျော်မျိုးနှင်း ပြုံးနေပေမယ့် မျက်ရည်တွေ ဝဲနေရှာသည်။

"ဟုတ်တယ် သမီးလေးကို ဖေဖေမြင်ချင်ခဲ့တာ ခုလိုမျိုးပဲ"

ကျေကျေနပ်နပ်ဆိုကာ ရဲတွေပေ့ခေါ်သွားတဲ့နောက် ပါသွား



လေသည်။

"ဖေဖေ"

"ယွန်း"

သူ့ရဲက ယွန်းလက်ကလေးကို ဆွဲထား၍ ချော့မော့လေသည်။

"လွှတ်ပါ ကိုရဲရယ်၊ ယွန်း ယွန်းဖေဖေ့ကို သနားလို့ပါ။ ဖေဖေ့ကို ဘာဖြစ်လို့ သူတို့ခေါ်သွားတာလဲ၊ ဖေဖေ ခံစား ရတာ ဒုက္ခရာတွေနဲ့ပါ။ ဖေဖေ့ကို ဒီအဖြစ်မျိုး ယွန်း မကြည့်ရက်ဘူး ဖေဖေရေ"

ယွန်းအကင်းရှန်း၍ ကလေးလိုအော်ငိုသည်။

"အမှုခင်းဖြစ်နေရင် ခံရတဲ့သူကော ကျူးလွန်တဲ့သူကိုပါ ဖက် စစ်ဆေးရတာပဲ ယွန်းရယ်။ ဖမ်းသွားတာမှ မဟုတ်ဘဲကွာ၊ ကိုယ်တို့လဲ လိုက်သွားရမှာပဲ၊ ယွန်းဖေဖေ ဘာမှမဖြစ်ပါဘူး"

""ဖေဖေရယ် ဟင့် ဟင့်"

ယွန်း ရှုန်းလို့မရတော့ သူ့ရဲ ရင်ခွင်ထဲ တိုးဝင်၍ ငိုလေသည်။

ချစ်၍ မြတ်နိုးခြင်းများ ပြည့်ကြက်လျက် ယွန်းပန်းလေးကို ပွေ့ဖက်ရင်း သူ့ရဲ တတွတ်တွတ် ချော့နေသည်။

မြတ်နိုးလျှင် လူတွေကြားထဲမှာပဲ ပွေ့ချီ ပွက်သပ်၍ ချော့မော့

www.burmeseclassic.com

www.burmeseclasslic.com



ယ[illegible]င်မိသည်။

သိပ်ချစ်တာပဲ ယွန်းရယ်. . .

ရွှေဘဝင်



www.burmeseclassic.com